ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့ (28-1-2016) (၈၄၅၉)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

တံတားဦးမြို့နယ် လေဆိပ်အနီးတွင် တည်ဆောက်လျက်ရှိသည့် မိုးလေဝသရေဒါစခန်းပုံစံငယ်ကို တွေ့ရစဉ်။

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်မိန့်ခွန်းပြောကြားမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇန်နဝါရီ ၂၈ ရက်တွင်ကျင်းပမည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး အဆိုပါအခမ်းအနားအား နံနက် ၉ နာရီ မိနစ် ၅၀ တွင် မြန်မာ့ရုပ်မြင်သံကြား News Channel၊ လွှတ်တော် Channel၊ MWD Channel၊ MWD Variety Channel၊ မြန်မာ့အသံရေဒီယိုအစီအစဉ်နှင့် သဇင် FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မုန်တိုင်းဖြစ်စဉ်များနှင့် ရာသီဥတုဆိုးရွားမှုတို့ကို တွက်ချက်တိုင်းတာနိုင်ရန် ရေဒါကိရိယာတပ်ဆင်မည်

**မန္တလေး ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ အထက်ပိုင်းဒေသအားလုံးတွင် ထူးခြားသောမိုးလေဝသ အခြေအနေများဖြစ်ပေါ်လာပါက ယင်းအခြေအနေများ၏ တည်နေရာ ရွေ့လျားမှု၊ ပြင်းထန်မှုများကိုလွှမ်းခြုံစောင့်ကြည့်ထောက်လှမ်း၍ ထိရောက်သော ကြိုတင်သတိပေးချက်စနစ်ကောင်းများဖြင့် အချိန်မီသတင်းထုတ်ပြန်ပေးနိုင်ရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးတွင် မုန်တိုင်းဖြစ်စဉ်များနှင့် ရာသီဥတုဆိုးရွားမှုတို့ကို တွက်ချက်တိုင်းတာသော ရေဒါကိရိယာကိုတပ်ဆင်ပေးခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ကျောက်ဖြူ၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ရေဒါသုံးလုံးတပ်ဆင်ရန် ၂၀၁၄ ခုနှစ်မှစ၍ စီစဉ်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ကျောက်ဖြူမြို့၌ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်က တပ်ဆင်ပြီးစီး၍ အသုံးပြုနေပြီဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွက် တံတားဦးမြို့နယ် လေဆိပ်အနီး၌ ရေဒါတပ်ဆင်ရန် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မြေအောက်ပိုင်ရိုက်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း အထက်မြန်မာပြည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

# နေရဉ္စရာမြစ်ပေါ်တွင်တည်ဆောက်သော ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းကြီး ရာနှုန်းပြည့်ပြီးစီး

**ကလေး ဇန်နဝါရီ ၂၇**

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးဖြစ်သော ကလေး-တမူးလမ်း အနီးရှိ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ နေရဉ္စရာမြစ်ပေါ်တွင် တည်ရှိသည်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကလေးမြို့နယ် မြစ်သာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်မြေဧက ၈၅၀၀ အား ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ် ဓာတ်အား ၄ မဂ္ဂါဝပ်၊ ၂ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၀ သန်း ထုတ်လွှတ်ရရှိနိုင်ရန်ဖြစ်ပြီး ယခုအချိန်တွင် ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီးအား ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✱

ကြေးမုံစာတည်းရှုထောင့် ၂၈-၁-၂၀၁၆၊ ကြာသပတေးနေ့

# သွားလာမှုလွယ်ကူစေမည့်စနစ်

လူဦးရေအထူထပ်ဆုံး ရန်ကုန်မြို့တွင် BRT စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။ BRT စနစ်ဆိုသည်မှာ အမြန်ဘတ်စ်ကားစနစ် (Bus Rapid Transit) ဖြစ်သည်။ ထိုစနစ်ကို လန်ဒန်၊ တိုကျို၊ ဂျကာတာ စသည့် ကမ္ဘာ့မြို့ကြီးများတွင် အကောင်အထည်ဖော်ပြေးဆွဲနေရာ အောင်မြင်လျက်ရှိသည်။

ကမ္ဘာအရပ်ရပ်ရှိ BRT အမြန်ဘတ်စ်ကားစနစ် တည်ထောင်ထားသောမြို့ကြီးများကို ကြည့်မည်ဆိုပါက ဘတ်စ်ကားသီးသန့်လမ်းကြောင်းကို လမ်းမကြီးအလယ် သို့မဟုတ် လမ်းဘေးတစ်ဖက်တွင် ယာဉ်ကြောသီးသန့်သတ်မှတ်၍ ပြေးဆွဲစေလျက်ရှိကြောင်း သိရသည်။ သီးသန့်ယာဉ်ကြောကို ဘေးနှစ်ဖက်၌ အကာအရံများပြုလုပ်ထားကြသည်ကများသည်။ အသွားအပြန်ယာဉ်ကြော တစ်ဖက်နှစ်လိုင်းစီရှိသည်။ အသွားအပြန် နှစ်လမ်းမောင်းအလယ်၌ ဘတ်စ်ကားမှတ်တိုင်ရှိသည်။ ဆင်း/တက်ခရီးသည်များ လိုရာခရီးသို့သွားနိုင်ရန် မြေအောက်လမ်းများ ဖောက်လုပ်ပေးထားသည်။

ဤသည်မှာ နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော BRT စနစ်ဖြစ်သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ထိုစနစ်ကို တည်ထောင်မည်ဆိုပါက အဓိကလိုအပ်ချက်မှာ လမ်းစနစ်ဖြစ်သည်။ အနှစ်ချုပ်လိုအပ်ချက်မှာ စည်းကမ်းလိုက်နာဖို့ဖြစ်သည်။ ထိုနှစ်ချက် ပြည့်စုံခြင်းမရှိဘဲ အကောင်အထည်ဖော်ပါက ပြီးပြည့်စုံသော ခရီးသည်ပို့ဆောင်ရေးစနစ်သို့ ရောက်ရှိလိမ့်မည်မဟုတ်ချေ။

ရန်ကုန်မြို့တွင် လူဦးရေ ခြောက်သန်းခန့်ရှိသည့်အနက် နေ့စဉ်ခရီးသွားလာနေကြသော ပြည်သူများမှာ သုံးသန်းကျော်၊ လေးသန်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဤမျှများပြားသော ခရီးသွားပြည်သူများအတွက် လက်ရှိပြေးဆွဲနေသော ယာဉ်လိုင်းများဖြင့် မလုံလောက်ဘဲ နေ့စဉ်ယာဉ်စီးခရီးသည် ပြည့်ကျပ်မှုများနှင့် ကြုံတွေ့နေရသည့်အပြင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသွားပြည်သူများ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ကြရသည်။

ထိုအခက်အခဲများကို ပြေပျောက်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက အမြဲအာရုံစိုက် နည်းလမ်းရှာဖွေကြံဆလုပ်ကိုင်နေသည်ကို တွေ့ရသည်။ ယခုအကောင်အထည်ဖော်မည့် BRT စနစ်သည် နေ့စဉ်ခရီးသွားပြည်သူများအား တွဲဆိုင်းဘတ်စ်ကားများဖြင့် လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်သည်။ ထိုအစီအစဉ်တွင် အဓိကကျသောအချက်မှာ လမ်းစနစ်ဖြောင့်တန်းကောင်းမွန်ရန်လိုအပ်သဖြင့် ရန်ကုန်မြို့ရှိ လမ်းတိုင်းဆောင်ရွက်ရန် မလွယ်ကူချေ။

ထို့ကြောင့် စီစဉ်သူများက ရန်ကုန်မြို့တွင် အဖြောင့်ဖြူးဆုံးနှင့် အရှည်လျားဆုံး လမ်းနှစ်လမ်းဖြစ်သည့် ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့၏ ညာဘက်အစွန်ဆုံး ယာဉ်ကြောကို BRT စနစ်ဘတ်စ်ကားများ ပြေးဆွဲသွားလာနိုင်ရန် လျာထားသတ်မှတ်ထားကြောင်းသိရသဖြင့် အဆင်ပြေချောမွေ့လိမ့်မည်ဟု မျှော်လင့်ပါသည်။ ကနဦးပြေးဆွဲမှုတွင် ထိုလမ်းများပေါ်၌ ယာဉ် ၆၅ စီးဖြင့် ပြေးဆွဲသွားရန်လျာထားပြီး အောင်မြင်ပါက ပြည်ပမှ BRT ဘတ်စ်ကားများ ထပ်မံမှာယူ အသုံးပြုသွားမည်ဟု သိရသည်။

BRT စနစ်ကို အကောင်အထည်မဖော်မီ ထိုစနစ်ချောမွေ့စွာဖြစ်လာရန်အတွက် လမ်းစနစ်ကို တိတိကျကျ သတ်မှတ်ဆောင်ရွက်ထားသင့်သည်။ လက်တွေ့တွင် ရန်ကုန်မြို့၌ ကိုယ်ပိုင်ကားမောင်းသူများ၊ အငှားယာဉ်မောင်းသူများနှင့် ယာဉ်လိုင်းအချို့တို့သည် မဝင်ရသတ်မှတ်ထားသည့် ယာဉ်ကြောများအတွင်းသို့ တိုးဝှေ့မောင်းဝင်နေကြသည်ကို တွေ့ရသည်။ ဦးဝိစာရလမ်းကဲ့သို့ ယာဉ်ကြီးမဝင်ရသည့်လမ်းအတွင်း ခရီးသည်ဘတ်စ်ကားကြီးများ ရဲတင်းစွာဖြတ်ဝင်လာကြသည်ကို တွေ့ရသည်။ ထို့အပြင် မီးပွိုင့်တွင် ရပ်မျဉ်းကျော်၍ရပ်ခြင်း၊ ဖရီးကြောပေးထားသည့် လမ်းတွင် ပိတ်ရပ်ခြင်း၊ အတင်းဝင်ခေါင်းထိုးခြင်း စသည့် စည်းကမ်းဖောက်ဖျက်မှုမျိုးစုံတို့ကို လမ်းများပေါ်တွင်မမြင်ချင်အဆုံး မြင်နေရသည်။

သို့ဖြစ်ရာ BRT စနစ်သည် အများပြည်သူခရီးသွားများအတွက် အလွန်ကောင်းမွန်သောစနစ်ဖြစ်ပါသည်။ ထိုစနစ်အောင်မြင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက BRT ဘတ်စ်ကားများပြေးဆွဲမည့် လမ်းမကြီးနှစ်လမ်းတွင် သတ်မှတ်ထားသောအချက်များ မပျက်ယွင်းစေရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းကလည်း ကြပ်မတ်ဆောင်ရွက်ပေးသင့်သည်။ ထိုစနစ်အောင်မြင်ပါလျှင် သန်းပေါင်းများစွာသော ပြည်သူတို့က ကျေးဇူးတင်ထောက်ခံအားပေးကြမည်မှာ အမှန်ဖြစ်သည်။ ။

## ကျွန်းစုမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသည့်ကျေးရွာများမှ အမျိုးသမီးများ ဆိုလာမီးရရှိရေး အိန္ဒိယနိုင်ငံတွင် သင်တန်းတက်ရောက်ခွင့်ရရှိမည်

**ကျွန်းစု ဇန်နဝါရီ ၂၇**

ကျွန်းစုမြို့နယ်တွင် လျှပ်စစ်မီးမရရှိသည့် အိမ်ခြေ ၆၀ နှင့် ၁၂၀ အကြားရှိ ကျေးရွာများမှ အမျိုးသမီးများအား မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းက ကြီးမှူး၍ အိန္ဒိယနိုင်ငံတွင် ဆိုလာမီးရရှိရေးသင်တန်းကို စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို တက်ရောက်ခွင့်ရရှိရေးအတွက် စိစစ်ရွေးချယ်ခြင်းကို ဇန်နဝါရီ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကျွန်းရတနာခန်းမ၌ ပြုလုပ်ခဲ့ရာ ပထမအသုတ်အနေဖြင့် သက်န်းအော်ကျေးရွာ၊ လဲဝါပြင်ကျေးရွာ၊ ပသုတ်ကျွန်းကျေးရွာ၊ ဒုံးညောင်းမှိုင်းကျေးရွာနှင့် လင်မလိုကြီးကျေးရွာများမှ အမျိုးသမီးများကို စိစစ်ရွေးချယ်ခဲ့ပြီး အဆိုပါ ကျေးရွာငါးရွာအနက် ကျေးရွာသုံးရွာမှ တစ်ရွာလျှင် နှစ်ဦးနှုန်းဖြင့် စုစုပေါင်း ခြောက်ဦးတက်ခွင့်ရမည်ဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ယခုကဲ့သို့ သင်တန်းစေလွှတ်ခြင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျွန်းစုမြို့နယ်သည် ငါးကြိမ်မြောက်ဖြစ်ကြောင်း၊ ရွေးချယ်စေလွှတ်သော အမျိုးသမီး ခြောက်ဦးနေထိုင်လျက်ရှိသော ကျေးရွာသုံးရွာရှိ အိမ်ထောင်စုအားလုံးကို အဆိုပါအသင်းက ဆိုလာမီးရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရန်နိုင်(ပြန်/ဆက်)**

## MPT ဖုန်းဘေကုန်ပါက အခမဲ့မက်ဆေ့ဝန်ဆောင်မှုကို ငါးကြိမ်အထိ အသုံးပြုနိုင်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာဖြစ်သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)အသုံးပြုကြသော မိဘပြည်သူများအနေဖြင့် မိတ်ဆွေသူငယ်ချင်းများ၊ မိသားစုများနှင့် လွယ်ကူစွာ ဆက်သွယ်နိုင်ရန်နှင့် ကူညီပေးနိုင်မည့် ကုန်ကျစရိတ်သက်သာစေသော "Call Me Back" ဝန်ဆောင်မှုကို ဇန်နဝါရီ ၂၅ ရက်မှ စတင်လိုက်ကြောင်း သိရသည်။

ဤဝန်ဆောင်မှုသည် MPT ၏ ကြိုတင်ငွေဖြည့်စနစ်သုံး GSM/ WCDMA သုံးစွဲသူများအားလုံး အတွက်အကျိုးဝင်ပြီး မိမိ၏လက်ကျန်ဖုန်းငွေနည်းနေသောအခါတွင် အခြားသော GSM/WCDMA သုံးစွဲသူများဆီသို့ ဖုန်းပြန်လည်ခေါ်ဆိုရန်အတွက် အခမဲ့စာတိုပေးပို့ကာ အကြောင်းကြားနိုင်သည့် ဝန်ဆောင်မှုဖြစ်သည်။

ဤဝန်ဆောင်မှုကိုအသုံးပြုရန်အတွက် USSD Code *222*မိမိအားပြန်လည်ခေါ်ဆိုစေလိုသည့် ဖုန်းနံပါတ် #ကိုနှိပ်၍ ဖုန်းခေါ်သည့်ခလုတ်✆ကို ခေါ်ဆိုကာ အသုံးပြုရမည်ဖြစ်သည်။

(ဥပမာ-*222*09xxxxxxxxx#✆)။

လက်ခံမည့် ဖုန်းနံပါတ်သည် လက်ခံနိုင်သည့် အခြေအနေတွင် အကျုံးဝင်ပါက "Hello, please call me back at 09xxxxxxxxx!" ဟူသော စာတိုကို လက်ခံရရှိမည်ဖြစ်သည်။ အသုံးပြုသူတစ်ဦးသည် တစ်နေ့အတွင်း "Call Me Back" ဝန်ဆောင်မှုကိုအများဆုံးငါးကြိမ်အထိ အသုံးပြုနိုင်မည်ဖြစ်သည်။

**(ကြေးမုံ)**

## အချိန်အခါမဟုတ်မိုးရွာမှုကြောင့် ရွှေယင်းမာ၊ ပဲကြီးစိုက်တောင်သူများစိုးရိမ်နေ

**တပ်ကုန်း ဇန်နဝါရီ ၂၇**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဇန်နဝါရီ ၂၅ ရက် ညပိုင်းက အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့သဖြင့် ရွှေယင်းမာ၊ ပဲကြီးစိုက်တောင်သူများက စိုးရိမ်မှုရှိနေကြကြောင်း သိရသည်။

အခုချိန်တွင် ရွှေယင်းမာခင်းနှင့် ပဲကြီးခင်းများတွင် အပွင့်အသီးများ ဝေဆာနေသောအရွယ်ဖြစ်ပြီး ရွှေယင်းမာခင်းနှင့် ပဲကြီးခင်းများ၏ အပွင့်အသီးများ ဝေဆာနေသော ရောင်တံများတွင် အချိန်အခါမဟုတ် မိုးရွာသွန်း၍ မိုးရေထိမှန်ပြီး ပွင့်ကပ်၊ ပွင့်ခြောက်များလိုက်၍ အသီးအောင်မည့် အပွင့်များကြွေကျကာ သီးနှုန်းနည်း၍ ပဲအထွက်နည်းမည်ကို ပဲစိုက်တောင်သူများ စိုးရိမ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် ပဲခင်းများတွင် ပွင့်ကပ်၊ ပွင့်ခြောက်များ မလိုက်ရန် နည်းပညာများ လိုအပ်နေကြောင်း ရွှေယင်းမာ၊ ပဲကြီးခင်းစိုက်ပျိုးထားသော တောင်သူတစ်ဦးက ပြောသည်။

**(တင်စိုးလွင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်(ရွှေဈေး) ၇၇၆၀၀၀ - ၇၇၆၀၀၀ မန္တလေး(ရွှေဈေး) ၇၇၅၅၀၀ - ၇၇၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၄၁ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၇.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆.၁၆၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄.၁၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၁၁၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၅.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈.၁၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၂.၀၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၈.၉၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ဗုဒ္ဓမြတ်စွယ်တော်ပွားအား ကြည်ညိုစွာဖူးတွေ့ရစဉ်။

# ဗုဒ္ဓမြတ်စွယ်တော်ပွားအား မကွေးမြသလွန်စေတီတော်မြတ်ကြီးတွင် ပူဇော်ထားရှိရန် လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော်ဘုရားကျောင်းမှ ဗုဒ္ဓမြတ်စွယ်တော်ပွားအား အများပြည်သူဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မြသလွန်စေတီတော်မြတ်ကြီးသို့ လွှဲအပ်လှူဒါန်းသည်။

လွှဲအပ်လှူဒါန်းခြင်းအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုပေးအပ်လှူဒါန်းသည့် ဗုဒ္ဓမြတ်စွယ်တော်ပွားကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော်သို့ကြွချီလာစဉ် ပေကျင်းမြို့ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းမှ ဆရာတော်က မိသားစုကြည်ညိုပူဇော်နိုင်ရန် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ မကွေးမြသလွန်စေတီတော်မြတ်ကြီးတွင် ထားရှိပူဇော်ရခြင်းမှာ သမိုင်းမှတ်တမ်းများအရ မြန်မာနိုင်ငံသို့ မြတ်စွာဘုရား ဒေသစာရီကြွချီချိန်တွင် မကွေး၊ မင်းဘူးဒေသသို့ အခြေချရောက်ရှိခဲ့ပါကြောင်း၊ မြသလွန်စေတီတော်မြတ်ကြီးမှာလည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများစွာ လာရောက်ဖူးမြော်ကြကြောင်း၊ သို့ဖြစ်၍ အများပြည်သူ ဖူးမြော်ကြည်ညိုသဒ္ဓါပွားနိုင်ရန် လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ ယခုလှူဒါန်းရသည့် ဗုဒ္ဓမြတ်စွယ်တော်ပွားကို အမှီပြု၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလည်း တိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ လှူဒါန်းခွင့်ရသည့်အတွက်လည်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ ဂေါပကအဖွဲ့နှင့် ဒေသခံများကို ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဗုဒ္ဓမြတ်စွယ်တော်ပွားအား မြသလွန်ဂေါပကအဖွဲ့ထံ လွှဲအပ်လှူဒါန်းသည်။ ၎င်းနောက် ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မြသလွန်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် မကွေးမြို့သူ မြို့သားများကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်များနှင့်အတူ မြသလွန်စေတီတော်မြတ်ကြီးအား လက်ယာရစ်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးစက်မှုနယ်မြေရှိ အမှတ်(၁၃) အကြီးစားစက်ရုံသို့ သွားရောက်ပြီး လုပ်ငန်းလည်ပတ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ကို Assembly Plant တွင် ဒုတိယစက်ရုံမှူး ဦးကျော်ကျော်ဝင်းက လည်းကောင်း၊ Gear and Transmission Plant တွင် ဌာနမှူး ဦးကြည်မြင့် ကလည်းကောင်း အသီးသီးလိုက်လံရှင်းလင်းပြသခဲ့ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

မြတ်စွာဘုရားရှင်၏အရိုးဓာတ်တော် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းယာယီစံကျောင်းပလ္လင်တော်၌ နှစ်ညတာ ကိန်းဝပ်စံပယ်အပူဇော်ခံရန် တာဝန်ရှိသူများနှင့် ပြည်သူများက ပင့်ဆောင်လာစဉ်။ (သတင်းစဉ်)

# အရှေ့တောင်အာရှဒေသဆိုင်ရာ အမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းများဖိုရမ်၏ လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

အရှေ့တောင်အာရှဒေသဆိုင်ရာ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ယနေ့နံနက်ပိုင်းက စတင်ကျင်းပသည်။ အစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်(Komnas HAM) မှ SEANF အမြဲတမ်းအတွင်းဝန်ရုံးနှင့် စပ်လျဉ်းသည့် နောက်ဆုံးအခြေအနေများနှင့် SEANF ၏(၂၀၁၇- ၂၀၂၂) မဟာဗျူဟာစီမံကိန်း မူကြမ်းရေးဆွဲခြင်းနှင့် ပတ်သက်သည့် ကနဦးရေးဆွဲမှုများကို ဆွေးနွေးတင်ပြရာ တင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်မှုတွင် SEANF အခန်းကဏ္ဍနှင့် သက်ရှယ်ကြီးသူများအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြသည်။**(အောက်ပုံ)**

ညပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်သော ကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အရှေ့တောင်အာရှဒေသဆိုင်ရာ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်နေ့မှ ၂၄-၁-၂၀၁၆ ရက်အထိ ၅၁ လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၁၆၀၅၇ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ်အကောက်ခွန်(CD) ၇၁၈၀၇၁ ဒသမ ၄၇ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန်(CT) ၆၃၅၉၃၀ ဒသမ ၆၆ ကျပ်သန်း၊ စုစုပေါင်း ၁၃၅၄၀၀၂ ဒသမ ၁၃ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန်(CD)နှင့် ကုန်သွယ်လုပ်ငန်းခွန်(CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုး လဲလှယ်ရေးစီမံချက်အတွက် ၁၃၄၆၅၇ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၁၄၇၅၃ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများအတွက် ပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်ခရီးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၆၀၆၆၅ စီးတို့ဖြစ်သည်။

**(ဝင်းမြင့်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားဘိလိယက်နှင့် စနူကာပြိုင်ပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး အားကစားခန်းမရှေ့ ဘိလိယက်အားကစားရုံ၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၄)ခရိုင် အမျိုးသားဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ကျင်းပသည်။

ယင်းပြိုင်ပွဲအား တိုင်းဒေသကြီးအတွင်း လူငယ်၊ လူရွယ်များ အားကစားပိုမိုလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများဖြစ်လာပြီး မိမိရပ်ရွာအကျိုးကို ပိုမိုထမ်းရွက်နိုင်စေရန်၊ လူငယ်၊ လူရွယ်များအချင်းချင်း သွေးစည်းချစ်ကြည်ရင်းနှီးမှုဖြင့် နေရာဒေသမကွဲပြားဘဲ ခိုင်မာသောမျိုးချစ်စိတ်ကို တည်ထောင်နိုင်စေရန်၊ တိုင်းဒေသကြီး၏ ဂုဏ်ကိုဆောင်နိုင်စေရန်၊ နိုင်ငံတော်၏ ဘိလိယက်နှင့် စနူကာအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် အထောက်အကူပြု မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးအတွင်း ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။

အမျိုးသား ဘိလိယက်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်တို့မှ အသင်းလေးသင်း တစ်သင်းလျှင် ပြိုင်ပွဲဝင်နှစ်ဦးဖြင့် ရှစ်ဦး၊ စနူကာပြိုင်ပွဲတွင် အသင်းလေးသင်း တစ်သင်းလျှင် ပြိုင်ပွဲဝင် နှစ်ဦးဖြင့် ရှစ်ဦးတို့က ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(၅၈၈)**

# ကမ္ဘာစစ်၏သင်ခန်းစာများကို အောက်မေ့ရန် မျိုးဆက်သစ်တို့ကို ဂျပန်ဘုရင်တိုက်တွန်း

**မနီလာ ဇန်နဝါရီ ၂၇**

အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်တို့၌ ပင်လယ်ရေကြောင်းပိုင်နက်အရေး တင်းမာမှုများ တိုးတက်ဖြစ်ပေါ်နေချိန်တွင် စစ်ရေးပဋိပက္ခကို ရှောင်လွှဲနိုင်မည့်နည်းလမ်းတစ်ရပ်အဖြစ် မျိုးဆက်သစ်လူငယ်များအနေဖြင့် ဒုတိယကမ္ဘာစစ်၏သင်ခန်းစာများကို မေ့ပျောက်ခြင်း မပြုကြစေလိုကြောင်း ဂျပန်ဘုရင် အာကီဟီတိုက ဇန်နဝါရီ ၂၇ ရက်တွင် တိုက်တွန်းလိုက်သည်။

အသက် (၈၂) နှစ်အရွယ်ရှိ ဘုရင် အာကီဟီတိုသည် လေးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ရောက်ရှိနေသည်။ ဘုရင် အာကီဟီတိုသည် ခရီးစဉ် ပထမနေ့တွင် ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုအား ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံဆွေးနွေးခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ က ဂျပန်တပ်ဖွဲ့က ဒေသတွင်းရှိနိုင်ငံများတွင် ရက်စက်ကြမ်းကြုတ်မှုများ ပြုလုပ်ခဲ့ခြင်းအတွက် မိမိနောင်တရမိကြောင်း ဘုရင် အာကီဟီတိုက ပြောကြားသည်။

စစ်ပွဲကာလကို ဖြတ်သန်းဖူးသည့်အတွေ့အကြုံမရှိကြသူ မျိုးဆက်သစ်လူငယ်လူရွယ်များသည် ကမ္ဘာစစ်၏ သင်ခန်းစာများ၊ အနိဋ္ဌာရုံများကို မေ့ပျောက်ခြင်းမပြုကြဘဲ သင်ခန်းစာရယူရန် လိုအပ်သည်ဟု ဘုရင်အာကီဟီတိုက ပြောကြားကြောင်း ပြန်ကြားရေးအတွင်းဝန် ဟတ်ဆုဟီဆာ တာကာရှီးမားက သတင်းထုတ်ပြန်သည်။

ဘုရင်အာကီဟီတိုသည် ဖိလစ်ပိုင်နိုင်ငံ၏အကြီးဆုံးသော စစ်သင်္ချိုင်းသို့ ဇန်နဝါရီ ၂၇ ရက်က သွားရောက်ခဲ့သည်။ ကမ္ဘာစစ်ကာလအတွင်းသေဆုံးခဲ့ရသော ဖိလစ်ပိုင်တို့ကို မိမိမေ့ပျောက်နိုင်မည်မဟုတ်ကြောင်း ဘုရင် အာကီဟီတိုက ပြောကြားသည်။

**ရိုက်တာ။**

# ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးအဖြစ် ငုယင်ဖြူထရွန်အား ပြန်လည်ရွေးချယ်တင်မြှောက်

**ဟနွိုင်း ဇန်နဝါရီ ၂၇**

ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲအဖြစ် ဇန်နဝါရီ ၂၇ ရက်တွင် အထွေထွေအတွင်းရေးမှူး ငုယင်ဖြူထရွန်အား ပြန်လည်ရွေးချယ်တင်မြှောက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီသည် ပါတီ၏ ဩဇာအာဏာအကြီးဆုံးပုဂ္ဂိုလ်အား ရွေးချယ်ခဲ့သည်။

ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးချယ်ခံရသော ငုယင်ဖြူထရွန်သည် ၎င်းအား ဂုဏ်ပြုချီးမြှင့်သော ပန်းခြင်းလက်ခံရယူနေပုံကို နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ညီလာခံစင်မြင့်ပေါ်တွင် ငုယင်ဖြူထရွန်နှင့်အတူ ပြည်သူ့ရေးရာ လုံခြုံရေးဝန်ကြီး ထရှိုင်ဒန်ကောင်နှင့် ပါတီဗဟိုကော်မတီဝင်တစ်ဦးတို့ တွေ့မြင်ရသည်။

ဩဇာအာဏာကြီးမားသည့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီသည် ပေါ်လစ်ဗျူရို၊ ပါတီအထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး၊ ပါတီဗဟိုလုပ်ငန်းစစ်ဆေးရေးကော်မရှင်နှင့် ယင်းကော်မရှင်၏အကြီးအကဲတို့ကိုရွေးကောက်တင်မြှောက်နိုင်ရန် ပထမအကြိမ်မျက်နှာစုံညီအစည်းအဝေးကို ကျင်းပခဲ့သည်။

ငါးနှစ်သက်တမ်းရှိ ပါတီညီလာခံ ပြီးဆုံးချိန်တွင် ပါတီဗဟိုကော်မတီက ပါတီအထွေထွေအတွင်းရေးမှူး ရာထူး၌ ဒုတိယမြောက်သက်တမ်းတွင် ဆက်လက်တာဝန်ယူရန် အသက် (၇၁) နှစ်အရွယ်ရှိ ငုယင်ဖြူထရွန်အား ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့သည်။ **ဆင်ဟွာ။**

# တောင်အမေရိကတွင် ဇီကာပိုင်းရပ်စ်ပိုး ကူးစက်သူအရေအတွက် မြင့်တက်

**ဘရာဇီးလီးယား ဇန်နဝါရီ ၂၇**

တောင်အမေရိကတွင် ဖြစ်ပွားလျက်ရှိသော 'ဇီကာ' ဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှုမြင့်တက်လာသဖြင့် ဗိုင်းရပ်စ်ပိုးကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ဒေသတွင်း ကျန်းမာရေး အာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

အဆိုပါ ဗိုင်းရပ်စ်ပိုးပျံ့နှံ့မှုကို ကာကွယ်တားဆီးနိုင်ရန် ခြင်နိုင်ဆေးများ ပက်ဖျန်းပေးရန်အတွက် နိုင်ငံတစ်ဝန်းသို့ တပ်ဖွဲ့ဝင် ၂၂၀၀၀၀ ကို စေလွှတ်မည်ဖြစ်ကြောင်း ဘရာဇီးအစိုးရက ဆိုသည်။ နှစ်စဉ်ကျင်းပလေ့ရှိသော ရိုင်ရိုကာနီဗယ် ရိုးရာပွဲတော်မတိုင်မီ ဒေသခံအာဏာပိုင်များက အနီးဝန်းကျင်နေရာများနှင့် ကမ္ဘာလှည့်ခရီးသွားအများဆုံး အလည်အပတ်သွားလေ့ရှိသည့်နေရာများကို ခြင်နိုင်ဆေးများပက်ဖျန်းခဲ့ပြီးနောက် အစိုးရက ယင်းသို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ ကလေးငယ်များသည် ဦးနှောက်ပျက်စီးမှုများခံစားရပြီး သာမန်ကလေးငယ်များထက် ဦးခေါင်းအရွယ်အစား အနည်းငယ်သေးငယ်ခြင်းများ ခံစားရမည်ဖြစ်ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံအတွင်း မွေးကင်းစကလေးငယ် ၄၀၀၀ နီးပါး ဇီကာဗိုင်းရပ်စ် ကူးစက်ခံနေရကြောင်း မကြာသေးမီက ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ဇန်နဝါရီ ၂၃ ရက်မှစပြီး ယခုအချိန်ထိ ဇီကာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့နေသည့်နိုင်ငံပေါင်း ၂၁ နိုင်ငံခန့်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော မေလက ပထမဆုံးစတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ဗိုင်းရပ်စ်ကူးစက်သူဦးရေ ၆၀၀၀၀၀ ခန့်တွေ့ရှိမည်ဟု မျှော်လင့်ရကြောင်း ကိုလံဘီယာ ကျန်းမာရေးတာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်ကူးစက်မှုအမြင့်မားဆုံးအချိန်သည် မတ်လနှင့် ဧပြီလအကြားဖြစ်သည်။ အယ်ဆာဗေဒိုနိုင်ငံ အာဏာပိုင်များက ၂၀၁၈ ခုနှစ်ထိတိုင် ကိုယ်ဝန်မဆောင်ရန် အမျိုးသမီးများအား တိုက်တွန်းထားကြောင်း အမေရိကန်မီဒီယာများက ရေးသားဖော်ပြကြသည်။

ယခုအချိန်ထိ ဇီကာဗိုင်းရပ်စ်ပိုး ကာကွယ်ဆေး မရှိသေးပေ။ ဗိုင်းရပ်စ်ပိုးကူးစက်မှုမှ ကာကွယ်နိုင်ရန် ပြည်သူများအား ခြင်ကိုက်မခံကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ။**

# ဟိုင်နန်ပြည်နယ် ဒုအုပ်ချုပ်ရေးမှူးဟောင်း အမှုရင်ဆိုင်နေရ

**ကွမ်ကျိုး ဇန်နဝါရီ ၂၇**

တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးသည် လာဘ်ငွေ ယွမ် ၈၆ သန်း (အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁ သန်း) နီးပါး လက်ခံရယူခဲ့သည်ဟု စွပ်စွဲခံထားရသည့်အတွက် တရားရုံး၌ အမှုရင်ဆိုင်နေရကြောင်း သိရသည်။

ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးဟောင်း တန်လိ၏အမှုကို ကွမ်တုန်ပြည်နယ် မြို့တော်ကွမ်ကျိုးရှိ ပြည်သူ့တရားရုံးက ကြားနာစစ်ဆေးလျက်ရှိသည်။ အစိုးရရှေ့နေများက ၂၀၀၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း ရာထူးအသီးသီးဖြင့် တာဝန်ထမ်းဆောင်နေစဉ် တန်သည် ကုမ္ပဏီ ၁၀ ခုထံမှ လာဘ်ငွေများ လက်ခံခဲ့ကြောင်း စွပ်စွဲထားသည်။ ဟိုင်နန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ခြင်းမခံရမီ တန်၏ ယခင်ရာထူးများသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် မြို့တော်ချန်ဒူးမြို့အကြီးအကဲနှင့် စီချွမ်ပြည်နယ်ရှိ ကွမ်အန်းနှင့် မီအန်ရန်းမြို့များတွင် တရုတ်ကွန်မြူနစ်ပါတီအကြီးအကဲစသည့်ရာထူးများခန့်အပ်ခြင်းခံခဲ့ရသည်။

အစိုးရရှေ့နေများ၏အဆိုအရ လာဘ်ငွေများ လက်ခံရရှိခဲ့သောကြောင့် အပြန်အလှန်အားဖြင့် တန်က စီမံကိန်းများလုပ်ကိုင်ခွင့်ရရှိရန်နှင့် ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရသောအမှုများတွင် ကုမ္ပဏီများအား ပြန်လည်ကူညီပေးခဲ့သည်။ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက ဒုတိယအုပ်ချုပ်ရေးမှူးရာထူးမှဖယ်ရှားခံခဲ့ရသည့် တန်က တရားရုံး၌ အပြစ်ရှိကြောင်း ထွက်ဆိုခဲ့သည်။ တန်အား မကြာမီ ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ။**

# မြောက်ကိုရီးယားအရေး အမေရိကန်နှင့် တရုတ်ဆွေးနွေး

**ပေကျင်း ဇန်နဝါရီ ၂၇**

မြောက်ကိုရီးယားနိုင်ငံအား ပစ်မှတ်ထားသည့် ဆုံးဖြတ်ချက်သစ်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ရန်လိုအပ်ပုံကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့ ဇန်နဝါရီ ၂၇ ရက်တွင် သဘောတူညီချက်ရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့သို့ နှစ်ရက်ကြာရောက်ရှိနေသော ဂျွန်ကယ်ရီသည် ဇန်နဝါရီ ၆ ရက်က နျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့သော မြောက်ကိုရီးယားနိုင်ငံကို တရုတ်နိုင်ငံက ထိန်းချုပ်ပေးရန် တိုက်တွန်းပြောဆိုမည်ဟုမျှော်လင့်ရသည်။ မြောက်ကိုရီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ အဓိကမဟာမိတ်နိုင်ငံဖြစ်သည်။

အသေးစားဟိုက်ဒြိုဂျင်ဗုံးတစ်လုံးကို အောင်မြင်စွာ စမ်းသပ်ဖောက်ခွဲနိုင်ခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ယင်းနိုင်ငံကို ထိန်းချုပ်နိုင်ရန် အမေရိကန်က သံတမန်ရေးအရ ကြိုးပမ်းလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရှိ သီရိရတနာခန်းမ၌ ခေါင်းစဉ်အလိုက် ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သည်။**(ယာပုံ)**

ခေါင်းစဉ်အလိုက် ဆွေးနွေးကြရာတွင် သဘာပတိများအဖြစ် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မာထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုးတို့က အလှည့်ကျဆောင်ရွက်ကာ အမျိုးသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းရည်မြှင့်တင်ရေးနှင့် ခေါင်းဆောင်မှုအတွက် လေ့ကျင့်ပေးနိုင်ရေးတို့ကို အသေးစိတ်ဆွေးနွေးကြသည်။

ထို့ပြင် အမျိုးသမီးများအတွက် အသေးစားချေးငွေလုပ်ငန်း၊ ကျွမ်းကျင်မှုသင်တန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသေးစားအိမ်တွင်းမှု/လက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ဥပဒေကြောင်းအရ ကူညီထောက်ပံ့ပေးရေး၊ ပဋိပက္ခဖြစ်ဒေသနှင့် သဘာဝဘေးသင့်ဒေသရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များအား ကာကွယ်ရေးဆိုင်ရာတို့ကိုလည်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ရွေ့လျားဆေးကုရေးယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာ Medical and Diagnostic Center တို့ အကျိုးတူပူးပေါင်း၍ နိုင်ငံတစ်ဝန်းရှိ လူမှုဖူလုံရေးအာမခံထားရှိသူ ဝန်ထမ်းလုပ်သားများအား ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၆၊ ၂၇ ရက်တို့က ပြန်ကြားရေးဝန်ကြီးဌာန၌

**ရွေ့လျားဆေးကုသရေးယာဉ်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။**

ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

"ကျွန်မတို့က လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းပြီး အာမခံထားတဲ့ အလုပ်သမားတွေ၊ ဝန်ထမ်းတွေအားလုံးကို ဌာနအရောက် ဆေးကုသမှုတွေပေးနေတာပါ။ လုပ်ငန်းခွင်မပျက် ဆေးကုသမှုခံယူနိုင်အောင်လို့ပါ။ အချို့က အလုပ်တွေမအားလပ်တဲ့အတွက် ဆေးကုသမှုမခံယူနိုင်ဘူးလေ။ အခုလို ရွေ့လျားဆေးကုသရေးယာဉ်နဲ့ လာရောက်ကုသပေးတော့ အားလုံးအဆင်ပြေတယ်။ ဆေးကုသမှုခံယူလို့ရတယ်။ ဆေးစစ်ဆေးမှုခံယူလို့ရတယ်။ လူမှုဖူလုံရေးအဖွဲ့ဝင်ရခြင်းရဲ့ အကျိုးခံစားခွင့်တွေ ဘယ်လိုရှိတယ်ဆိုတာတွေ၊ ဆေးဖိုးတွေ ဘယ်လိုပြန်အမ်းပေးနေတယ်ဆိုတာတွေကို သိစေချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ အခုလို ကွင်းဆင်းဆေးကုသမှုတွေ ဆောင်ရွက်ပေးနေတာပါ"ဟု နေပြည်တော် လူမှုဖူလုံရေးရုံးခွဲမှ ဦးစီးအရာရှိ ဒေါ်လွင်လွင်ခိုင်က ပြောသည်။

"ကျန်းမာရေးနဲ့ လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အတွက်ရယ် အလုပ်ခွင်ထိခိုက်မှုအတွက် လစာအပေါ်ကနေ ငါးရာခိုင်နှုန်းပေးသွင်းရပါတယ်။ အဲဒီ ငါးရာခိုင်နှုန်းဆိုတဲ့နေရာမှာ အလုပ်ရှင်က သုံးရာခိုင်နှုန်းပေးသွင်းရပြီး အလုပ်သမားက နှစ်ရာခိုင်နှုန်း ပေးသွင်းရတာဖြစ်ပါတယ်။ ဒီလိုထည့်ဝင်ကြေးကို မိမိဆန္ဒအလျောက်ပေးသွင်းတဲ့ ပြည်သူတွေလည်းရှိပါတယ်။ ဘယ်နေရာမှာပဲ ထည့်ဝင်ကြေး ထည့်ဝင်ထည့်ဝင် သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးဆေးခန်းတွေအပြင် အခုလို ရွေ့လျားဆေးကုသရေးယာဉ်ရောက်ရှိတဲ့အခါတိုင်းမှာလည်း ဆေးကုသမှုခံယူလို့ရပါတယ်။ နေပြည်တော်မှာ ၂၀၁၄ ခုနှစ် ဩဂုတ်လက ပထမအကြိမ် ကုသပေးခဲ့ပြီးပါပြီ။ အခု ဒုတိယအကြိမ်အဖြစ် ဝန်ကြီးဌာနတွေနဲ့ ဟိုတယ်ဇုန်တွေဘက်ကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးသွားမှာပါ။ နောက်ပြီး နောက်ထပ်တောင်းဆိုတဲ့ ဌာနတွေရှိရင်လည်း ထပ်မံသွားရောက်ကုသပေးမယ့် အစီအစဉ်တွေရှိပါသေးတယ်"ဟုဎင်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ရွေ့လျားဆေးကုသရေးယာဉ်၌ နှလုံးရောဂါကို ECG စက်ဖြင့် စမ်းသပ်စစ်ဆေးနိုင်သည့်အပြင် ကူးစက်ရောဂါများကိုလည်း စမ်းသပ်စစ်ဆေးနိုင်ကြောင်း သိရသည်။

"လူမှုဖူလုံရေး ထည့်ဝင်ထားတဲ့ အာမခံလုပ်သားတွေကို ဆေးကုသပေးတယ်ဆိုတဲ့နေရာမှာ နေမကောင်းတဲ့သူတွေအပြင် ဆေးစစ်ဆေးမှု ခံယူလိုသူတွေကိုလည်း ဆေးစစ်ဆေးမှု (Medical Check Up) တွေ ဆောင်ရွက်ပေးပါတယ်။ ဆေးကုသတဲ့အခါ ပထမဦးစားပေးအနေနဲ့ ဖျားနာနေသူတွေ၊ အသက်အရွယ်ကြီးရင့်သူတွေနဲ့ နာတာရှည်ရောဂါ ခံစားနေရသူတွေကို ကုသပေးပါတယ်။ ယာဉ်ပေါ်မှာ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆစ်အမြစ်ကိုက်ခဲတာတွေ၊ အဆီနဲ့ပတ်သက်တဲ့ ရောဂါတွေ၊ သွေးလေးဖက်နာ၊ ပိုးလေးဖက်နာတွေ၊ ဘီပိုး၊ စီပိုးစစ်ဆေးမှုတွေကို လူနာရဲ့ဆန္ဒနဲ့ လူနာရဲ့ ရောဂါဝေဒနာခံစားရတဲ့အပေါ် မူတည်ပြီး စစ်ဆေးကုသပေးနေပါတယ်"ဟု အဆိုပါ ရွေ့လျား ဆေးကုသရေးအဖွဲ့၏ မန်နေဂျာ ဦးဖြိုးစည်သူက ပြောသည်။

"ဒီဆေးကုသရေးယာဉ်ဆီကို ဆေးကုသမှုခံယူမယ့် လူနာရောက်ပြီဆိုတာနဲ့ လူမှုဖူလုံရေးစမတ်ကတ်နံပါတ်တွေယူပါတယ်။ နောက် ပဏာမဆေးစစ်ဆေးမှုခံယူရပါမယ်။ နောက်ပြီးမှ တာဝန်ခံဆရာဝန်ရဲ့ မှတ်ချက်နဲ့ ကုသမှုတွေ ဆောင်ရွက်ပါတယ်။ အခုဒီကုသရေးယာဉ်မှာ နေပြည်တော် လူမှုဖူလုံရေးဆေးခန်းက တာဝန်ခံဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြုတစ်ဦး၊ လူမှုဖူလုံရေးဌာနက ဦးစီးအရာရှိတစ်ဦး၊ ဒုတိယဦးစီးမှူးတစ်ဦးနဲ့ စာရေးဝန်ထမ်းတစ်ဦး၊ သုခမင်္ဂလာ Medical and Diagnostic Center က ခေတ်ခဲ့ကျွမ်းကျင်သူတွေ အပါအဝင် ၁၂ ဦးပါဝင်ပါတယ်"ဟု ဎင်းက ဆက်လက်ပြောသည်။

အဆိုပါ ရွေ့လျားဆေးကုသရေးယာဉ်သည် လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာ Medical and Diagnostic Center တို့ အကျိုးတူပူးပေါင်း၍ စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းဖြစ်ပြီး စာချုပ်သက်တမ်းကာလအတွင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အစီအစဉ်များအတိုင်း ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

"လူမှုဖူလုံရေးအာမခံလုပ်သားတွေရှိတဲ့ နိုင်ငံတစ်ဝန်းကဒေသတွေကို ဒီရွေ့လျားဆေးကုသရေးယာဉ်နဲ့ လှည့်လည် ဆေးကုသမယ်ဆိုတဲ့ လှုပ်ရှားမှုကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလကတည်းက ကျွန်တော်တို့ ကုမ္ပဏီနဲ့ လူမှုဖူလုံရေးအဖွဲ့ ပူးပေါင်းစတင်ခဲ့တာပါ။ လူမှုဖူလုံရေးရုံးစိုက်တဲ့ ဒေသအနှံ့သွားရောက်ကုသပေးနေပါတယ်။ ပထမဦးစားပေးကတော့ ကျွန်တော်တို့ ဆေးကုသရေးယာဉ်သွားရတာ လွယ်ကူတဲ့နေရာနဲ့ စက်ရုံ၊ အလုပ်ရုံတွေရှိတဲ့ နေရာဒေသတွေဖြစ်ပါတယ်။ ဒုတိယဦးစားပေးကတော့ ဆေးကုသမှုမရှိသေးတဲ့နေရာဒေသတွေဖြစ်ပါတယ်။ အခု နေပြည်တော်မှာရှိတဲ့ ဝန်ကြီးဌာနတွေ၊ ဟိုတယ်ဇုန်တွေပြီးရင် မန္တလေး၊ ကလေး၊ ကသာ၊ ကောလင်း၊ မြစ်ကြီးနား စတဲ့ မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေကို လှည့်လည်ကုသဖို့ စီစဉ်ထားပါတယ်။ နိုင်ငံတစ်ဝန်းက လူမှုဖူလုံရေးရုံးစိုက်တဲ့ နေရာဒေသတွေအကုန်လုံးပေါ့ဗျာ" ဟု အဆိုပါ မန်နေဂျာက ဆက်လက်ရှင်းပြသည်။

"အခုလို ရွေ့လျားဆေးကုသယာဉ်လာတော့ ကျွန်တော် ဆေးစစ်ဆေးမှုတွေ အလွယ်တကူ ဆောင်ရွက်နိုင်ခဲ့တယ်။ ကုသရေးယာဉ်ပေါ်မှာ ECG ဆွဲတာတို့၊ ဆီးချို၊ သွေးချိုစစ်ဆေးတာတို့ လုပ်ခဲ့တယ်။ ချက်ချင်းပဲ ကျန်းမာတယ်ဆိုတဲ့ အဖြေကိုသိရတယ်။ အထူးတလည် အချိန်ပေးပြီး ဆေးခန်းသွားစရာမလိုတော့ဘူး။ လူမှုဖူလုံရေးအဖွဲ့ကို မဝင်ရောက်ကြရသေးသူတွေ အနေနဲ့ ဝင်ရောက်ဖို့ အကြံပြုချင်တယ်ဗျာ"ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်က ပြောသည်။

**မင်းမင်းဇော်(ကလေး)**

# သံအမတ်ကြီးခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဖင်လန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ဎင်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဟယ်လ်စင်ကီမြို့၌ ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူလီ ဗိုင်နာမိုနီနစ်တိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# အိမ်ဖြူတော်နှင့် သမ္မတအုပ်ချုပ်ရေးစနစ်

စာရေးဆရာမှုးဇော် ရေးသားထားသည့် အိမ်ဖြူတော်နှင့် သမ္မတအုပ်ချုပ်ရေးစနစ် စာအုပ်ထွက်ရှိလာသည်။

စာအုပ် အပိုင်း(၁)တွင် သမ္မတအုပ်ချုပ်ရေးလေ့လာချက်၊ အပိုင်း(၂) တွင် သမ္မတစနစ်မှ သမ္မတအုပ်ချုပ်ရေးစနစ် ရုစဗက်ခေတ်တစ်ခေတ်၊ ရုစဗက်အမွေအနှစ်၊ အပိုင်း(၃)တွင် အင်စတီကျူးရှင်းဖြစ်လာသည့် အိမ်ဖြူတော်ဝန်ထမ်းများ၊ အပိုင်း(၄)တွင် ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် လွှမ်းမိုးမှုများဟူ၍ ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် လေးနှစ်တစ်ကြိမ် သမ္မတရွေးကောက်ပွဲများကျင်းပသည်။ အိမ်ဖြူတော်ဝန်ထမ်းများတွင် သမ္မတနှင့် အတူရောက်၊ သမ္မတနှင့်အတူ ထွက်ခွာသွားကြရသော ယာယီဝန်ထမ်းများရှိသလို မည်သည့်သမ္မတတက်တက် တည်ရှိနေသော အမြဲတမ်းခန့်ဝန်ထမ်းများလည်းရှိကြသည်။

မည်သည့်သမ္မတ တက်လာသည်ဖြစ်စေ ယင်းသမ္မတဆောင်ရွက်လိုသော မူဝါဒများကို အကောင်အထည်ဖော်နိုင်ကြရာ အိမ်ဖြူတော်သည် စနစ်ကျ၍ စွမ်းဆောင်ရည်မြင့်သော အင်စတီကျူးရှင်းတစ်ရပ်အဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

အိမ်ဖြူတော်တွင် တက်လာသည့် သမ္မတများသည် ဎင်းတာဝန်ယူသည့် လေးနှစ်သက်တမ်းကာလအတွင်း ဆောင်ရွက်မည့်မူဝါဒ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ဝန်ကြီးဌာနများ ပါဝင်သည့် ကက်ဘိနက်က အဓိကဆောင်ရွက်ရသည်။ အိမ်ဖြူတော်တွင် အမျိုးသားလုံခြုံရေးအကြံပေးများ၊ စီးပွားရေးအကြံပေးများ ဖွဲ့စည်းထားရှိပြီး အိမ်ဖြူတော်ကို အမာခံထား၍ လေးနှစ်သက်တမ်းကို ဆောင်ရွက်လေ့ရှိသည်။

မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို အကြံပေးများနှင့် အိမ်ဖြူတော်ရုံးအဖွဲ့မှူးတို့က တာဝန်ယူဆောင်ရွက်လေ့ရှိသည်။ အမေရိကန်သမ္မတများသည် အင်စတီကျူးရှင်းအဖြစ် ရောက်ရှိနေပြီဖြစ်သည့် အိမ်ဖြူတော်ကို ဗဟိုပြုကာ ဆုံးဖြတ်ချက်များချမှတ်လေ့ရှိသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်သည်။

သမ္မတများအတွက် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အကြံပေးစသည့် နိုင်ငံရေးရာထူးများကိုသာ အစားထိုးလဲလှယ်၍ အစိုးရအင်စတီကျူးရှင်းကို ဆက်လက်အသုံးချခဲ့သည်။ သမ္မတတစ်ဦးချင်းစီ၏ ဆုံးဖြတ်ချက်ချမှတ်ပုံ အမူအကျင့်ပေါ် မူတည်၍ အစိုးရယန္တရားလည်ပတ်နေမည်ဖြစ်ရာ အင်စတီကျူးရှင်းတည်ဆောက်ရေးကို အလေးပေးဆောင်ရွက်ကြစေရန် ရည်မျှော်ရေးသားထားသည်။

အထူးသဖြင့် အင်စတီကျူးရှင်းတည်ဆောက်နိုင်ရေးသည် မြန်မာနိုင်ငံကဲ့သို့ စနစ်သစ်ကူးပြောင်းစ အုပ်ချုပ်ရေးစနစ်တွင် အထူးပင်အရေးကြီးလှသည်။

The Voice Daily တွင် ဖော်ပြခဲ့သော ဘာသာပြန်ဆောင်းပါးများကို ပြန်လည်စုစည်းထုတ်ဝေခြင်းဖြစ်သည်။ စာအုပ်ကို ညီနောင်စာပေ အမှတ်(၁၆/၁၈) အခန်း A-2 လမ်း(၂၀)အရှေ့ ရန်ပြေရပ်ကွက် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၂၅၀၀၁၄၄၃၆၊ ၀၉-၄၂၅၀၂၆၆၁၉ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။ **(ကြေးမုံ)**

# စတော့ရှယ်ယာတွေနဲ့ပတ်သက်လို့ နည်းနည်းပြောပါရစေ

ခင်မောင်ညို (ဘောဂဗေဒ)

စတော့ရှယ်ယာဈေးကွက်နှင့် ပတ်သက်ပြီး တကယ်တော့ ၁၉၉၅ -၁၉၉၆ လောက် ဂျပန်ဒိုင်ဝါနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ စတော့ဒိုင်ပေါ်ပေါက်ဖို့ ကြိုးစားခဲ့ချိန်ကတည်းက စတော့ရှယ်ယာဈေးကွက်ကို စိတ်ဝင်တစားကြည့်ခဲ့၊ လေ့လာစူးစမ်းမှုတွေလည်း လုပ်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်ထဲမှာပဲ အမေရိကန်နိုင်ငံကို တစ်လကြာသွားရောက်ပြီး အမေရိကန် ဘဏ္ဍာရေးဈေးကွက်ကိုလေ့လာတော့ Wall Street အပါအဝင် New York Stock Exchange၊ အမေရိကန် ဗဟိုဘဏ်စတဲ့ နေရာတွေကို ရောက်ရှိလေ့လာခဲ့ဖူးသလို ၂၀၀၈ - ၂၀၀၉ လောက်မှာလည်း အမေရိကန် ငွေစက္ကူရိုက်တဲ့ စက်ရုံကိုလေ့လာဖို့ ရောက်ရှိခဲ့ဖူးပါတယ်။ အဲဒါကြောင့် စတော့ရှယ်ယာဈေးကွက်နဲ့ သိပ်တော့ အဆက်ပြတ်လှတယ်လို့ မထင်ပါဘူး။ အခုလက်ရှိ ရန်ကုန် စတော့ဒိုင် လှုပ်ရှားမှုမှာလည်း အဆက်မပြတ် စောင့်ကြည့်လေ့လာနေတဲ့ အဆင့်မှာရှိပါတယ်။ ကိုယ်တိုင်ကိုယ်ကျတော့ ပါဝင်ဆင်နွှဲနိုင်တဲ့ အခြေအနေ မရှိပါဘူး။

အခုတလောမှာ စတော့ရှယ်ယာနဲ့ ပတ်သက်တဲ့ စာအုပ်တွေလည်းပေါ်တယ်။ နားလည်တတ်ကျွမ်းတဲ့ သူများကရေးသားကြ၊ ဘာသာပြန်ဆိုကြတာတွေ့ရသလို တချို့စာအုပ်တွေမှာကျတော့ ဘာသာစကား အခက်အခဲ၊ ပညာရပ်ပိုင်းဆိုင်ရာ အခက်အခဲတွေနဲ့မို့လို့ ဖတ်ရတာ အဆင်မပြေတာတွေလည်း တွေ့ရပါတယ်။ ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ ဆွေးနွေးပွဲတစ်ခုမှာတော့ စတော့ရှယ်ယာနဲ့ပတ်သက်တဲ့ ဥပဒေရေးဆွဲစဉ်ကတည်းက ပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဆွေးနွေးတာတွေကို ကြားနာရပါတယ်။ စတော့ရှယ်ယာဈေးကွက် အရောင်းအဝယ် မလုပ်နိုင်ဘဲနဲ့ ရန်ကုန် စတော့ဒိုင် ဖွင့်တာ၊ စာရင်းပေါက်ကုမ္ပဏီဖြစ်ဖွယ်ရာရှိတဲ့ ကုမ္ပဏီ ခြောက်ခုကိုကြော်ငြာထားတာ၊ စည်းမျဉ်း၊ စည်းကမ်းပိုင်းမှာအားနည်းချက်၊ ချို့ယွင်းချက်တွေရှိနေတာကို သူက တော်တော်လေး ဝေဖန်ပါတယ်။ အထူးသဖြင့်တော့ စာရင်းပေါက်ကုမ္ပဏီ ဖြစ်ဖွယ်ရာရှိတဲ့ ကုမ္ပဏီတွေကိုစိစစ်နေတဲ့အကြောင်း ကြော်ငြာတာတွေကိုလည်း သူကသဘောကျပုံ မရပါဘူး။ အဲဒီအပြင် ရင်းနှီးမြှုပ်နှံတဲ့သူတွေကိုလည်း ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်မှုတွေလည်းလုပ်ဖို့ လိုအပ်မယ်လို့လည်း သူက မြင်ပုံရပါတယ်။

ခက်တာက ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာလည်း စိတ်အားထက်သန်မှုက အလွန်ကဲနေတော့ စတော့ရှယ်ယာဈေးကွက် ရန်ကုန်ဒိုင်မှာ ပထမဆုံး စာရင်းပေါက်ကုမ္ပဏီတွေ ဖြစ်လာကြမယ့် ကုမ္ပဏီတွေလို့ ကြော်ငြာလိုက်တာနဲ့ အဲဒီကုမ္ပဏီတွေရဲ့ စတော့ရှယ်ယာဈေးနှုန်းတွေ သိသိသာသာတက်သွားတယ်ဆိုတဲ့ ကိစ္စပါ။ ဆိုလိုတာကတော့ စိတ်အားထက်သန်မှုတွေ၊ စိတ်တက်ကြွမှုတွေ ရှိနေတာဆိုတာ တစ်နည်းအားဖြင့်တော့ ကောင်းသလိုလိုရှိပေမယ့် တစ်ဖက်ကကျတော့လည်း စိုးရိမ်စရာတွေ ဖြစ်လာပါတယ်။

စတော့ရှယ်ယာဈေးကွက်နဲ့ ပတ်သက်လို့ စာအုပ်စာတမ်းတွေ ပေါ်ထွက်လာသလို၊ စတော့ရှယ်ယာဈေးကွက်မှာ ရောင်းနည်း၊ ဝယ်နည်းသင်တန်းတွေ၊ ရက်တိုသင်တန်းတွေ၊ အနီးကပ်သင်တန်းတွေ ပေးမယ်ဆိုပြီးတော့လည်း သင်တန်းကြော်ငြာတွေကိုလည်း တွေ့မိပါတယ်။ အများအားဖြင့်တော့ သူတို့တစ်တွေဟာ ကမ္ဘာမှာ ကျော်ကြားနေသူတွေရဲ့ နည်းလမ်းတွေ၊ ဖွံ့ဖြိုးနေတဲ့ တခြားနိုင်ငံက လုပ်ပုံလုပ်နည်းတွေစသည်ဖြင့် သင်ကြားပေးမယ်လို့ ပြောကြဆိုကြတာတွေ့ရပါတယ်။ တကယ့်တကယ်တော့ မြန်မာနိုင်ငံမှာ တကယ်တမ်းရောင်းကြဝယ်ကြမယ်ဆိုရင် ရောင်းစရာ၊ ဝယ်စရာက ကုမ္ပဏီခြောက်ခုလောက်ပဲရှိသေးတာ တွေ့ရပါတယ်။

အဲဒီကုမ္ပဏီ ခြောက်ခုလောက်ကို ရှယ်ယာတွေနောက်မှာဝယ်မယ်၊ ရောင်းမယ်ဆိုလည်း ရန်ကုန် စတော့ဒိုင်မှာ ရောင်းကြဝယ်ကြမှာမဟုတ်ဘဲနဲ့ ကြားထဲက ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီတွေကနေတစ်ဆင့် စာရင်းဖွင့်ပြီးတော့ ကိုယ့်ရဲ့ဘဏ်စာရင်းနဲ့ ချိတ်ဆက်ပြီးတော့မှ ရောင်းကြရ ဝယ်ကြရမှာဖြစ်ပါတယ်။ ရန်ကုန်စတော့ဒိုင်ဖွင့်တဲ့နေ့တုန်းကဆိုရင် ငွေထုပ်ပိုက်ပြီးတော့ ရှယ်ယာဝယ်မလို့ သွားတဲ့လူတွေရှိတယ်လို့ ကြားသိရလေတော့ စတော့ရှယ်ယာနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စားကြတယ်လို့ သိရပါတယ်။ ဒါကလည်း စတော့ရှယ်ယာနဲ့ ပတ်သက်ပြီး ကမ္ဘာမှာ ဘယ်သူဖြင့် ဘယ်လိုချမ်းသာသွားတယ်ဆိုတာဖြင့် ဇာတ်လမ်းတွေကလည်း ရှိနေတာကိုး။ တကယ်တော့ စတော့ရှယ်ယာနဲ့ ပတ်သက်ရင် ကြီးပွားတဲ့လူ၊ အောင်မြင်တဲ့လူ နည်းနည်းပဲရှိတာပါ။ ကြားထဲက စတော့ရှယ်ယာအရောင်းအဝယ် လုပ်ပေးတဲ့ ဝန်ဆောင်မှုကုမ္ပဏီတွေကတော့ ရောင်းရလည်း အကျိုးရှိ၊ ဝယ်ရလည်းအကျိုးရှိ၊ ဈေးတက်လည်း အကျိုးရှိ၊ ဈေးကျလည်းအကျိုးရှိတဲ့ သဘောရှိပါတယ်။ စတော့ရှယ်ယာတွေ ရောင်းကြ၊ ဝယ်ကြပြီး အကျိုးမရှိတဲ့သူကလည်း ငြိမ်နေကြတာများပါတယ်။ သူတို့က ထိခိုက်တာ ဆုံးရှုံးတာ ထုတ်ပြောတာလည်း နည်းပါတယ်။

အဆိုးဆုံးကတော့ ပြည်တွင်းဈေးကွက်မှာသာမက ပြည်ပဈေးကွက်မှာပါ ရွှေတွေ၊ ဒေါ်လာတွေ၊ နိုင်ငံခြားငွေတွေကို အရောင်းအဝယ်လုပ်ပေးမယ်ဆိုပြီးတော့ ပါတယ်။ သူကတော့ ငွေပိုငွေလျှံရှိမှ စတော့ရှယ်ယာဝယ်ဖို့ အကြံပြုပါတယ်။ ငွေပိုငွေလျှံရှိတဲ့အခါ ဒါမှမဟုတ် ရုတ်တရက် ထီပေါက်လို့သော်လည်းကောင်း၊ အမွေရလို့သော်လည်းကောင်း၊ ရတဲ့ငွေနဲ့ရင်းနှီးမြှုပ်နှံမှု လုပ်ဖို့ ပြောပါတယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်ပုံလုပ်နည်းကိုလည်း သူက ပြောပြသွားသေးတယ်။ တစ်နည်းကတော့ စတော့ရှယ်ယာကို ရေရှည်ကိုင်ထားတဲ့နည်းပါ။ နောက်တစ်နည်းကျတော့ ဝယ်လိုက်ရောင်းလိုက် လုပ်တဲ့နည်းပါ။ ဒါတော့ တချို့လူတွေက ဝါသနာပါကြတယ်။ တချို့ကျ ဖြန့်ထားတယ်။ ကုမ္ပဏီတစ်ခုကိုလည်းဝယ်တယ်၊ နောက်ကုမ္ပဏီတစ်ခုကိုလည်းဝယ်တယ်။ စတော့ရှယ်ယာလည်း ဝယ်တယ်။ ရွှေလည်းဝယ်တယ်။ ဘဏ်မှာလည်းငွေစုတယ်။ နောက်ထပ်နည်းတစ်ခုကတော့ နာမည်မကြီးပေမယ့် တချို့ ကုမ္ပဏီတွေက နေ့ချင်းညချင်း ကြီးပွားတိုးတက်မယ့် အရိပ်အယောင်ရှိတယ်။ ဒါပေမယ့် တချို့ကုမ္ပဏီတွေက နာမည်မကြီးပေမယ့် မှန်မှန်လေးတက်နေတယ်။ သူ့ရဲ့ ရှယ်ယာဈေးနှုန်းကလည်း မဆိုးဘူး။ အဲသလိုမျိုး လက်စလက်နလေးရှိတဲ့ ရွက်ပုန်းသီးကုမ္ပဏီလေးတွေမှာ ရင်းနှီးမြှုပ်နှံတဲ့နည်းပါ။

ဘယ်နေရာမှာပဲ ရင်းနှီးမြှုပ်နှံ၊ ရင်းနှီးမြှုပ်နှံ၊ သိထားဖို့ကောင်းတာက အဲဒီကုမ္ပဏီက ဘယ်လိုကုမ္ပဏီလဲ၊ ဘယ်သူတွေက ဦးဆောင်နေတာလဲ၊ ဦးဆောင်နေတဲ့ သူတွေရဲ့ ပညာအရည်အချင်းနဲ့ သီလသမာဓိက ဘယ်လို ရှိသလဲ၊ သူတို့ဘာတွေ လုပ်နေသလဲ၊ သူတို့ ရင်ဆိုင်နေရတဲ့ သူတို့ရဲ့ အနာဂတ်စီမံကိန်းတွေကဘာလဲ၊ သူတို့ရဲ့လုပ်ငန်းမှာ သမိုင်းကြောင်းအရ အရှုံးအမြတ်ကဘယ်လိုလဲ၊ နောက်တစ်ခါ သူတို့ဟာ အခြေအနေကောင်းတွေချည်း ကြုံတာ၊ အခွင့်အလမ်းကောင်းတွေချည်း ကြုံရတာမဟုတ်ဘဲနဲ့၊ အခက်အခဲတွေ ဆုံးရှုံးနိုင်စရာတွေလည်း ကြုံရနိုင်တယ်လို့၊ အဲသလို ဆုံးရှုံးနိုင်စရာတွေက ဘာတွေလည်းလို့ စိစစ်ပြီးမှ ရင်းနှီးမြှုပ်နှံဖို့ပညာရှင်တွေက အကြံပြုကြတာ တွေ့ရပါတယ်။

တွေ့ကြ၊ ဆုံကြတဲ့အခါ ကျွန်တော် စတော့ရှယ်ယာကစားချင်တယ်၊ ဘယ်လိုလုပ်ရမလဲဆိုတာ စပြီးတော့ မေးကြတာတွေ့ရပါတယ်။ မေးတဲ့မေးခွန်းကိုက ရင်းနှီးမြှုပ်နှံတဲ့သဘောမဟုတ်ဘဲနဲ့ အလောင်းအစားသဘော လုပ်ချင်ကြတဲ့ သဘောဖြစ်နေပါတယ်။ အခြေခံနားမလည်သေး၊ မပိုင်သေးဘဲနဲ့၊ မြန်မြန်ချမ်းသာချင်ကြတဲ့ သဘောမျိုး ဖြစ်နေပါတယ်။ အဲသလို နားလည်သိကျွမ်းမှု နည်းပြီးတော့ လောဘကြီးမားပြီးလုပ်ရင်တော့ အမှားတွေ့ဖို့ပိုများပါတယ်။

အလွယ်တကူ လေ့လာနိုင်တဲ့နည်းကတော့ အချို့ ပညာရှင်များ ရေးသားထုတ်ဝေထားတဲ့ စာအုပ်တွေကို အချိန်ယူလေ့လာဖတ်ရှုပြီးမှ နားလည်နိုင်ပါတယ်။ အချိန်ယူလို့ ပြောရတာက ပညာရပ်တစ်ခုဆိုတာက ချက်ချင်းလက်ငင်းသိ၊ ချက်ချင်းလက်ငင်းတတ် ဘယ်လိုမှ ဖြစ်နိုင်စရာ မရှိလို့ပါ။ အဲဒီတော့ တော်ကြာ အခုစိတ်ကူးရလို့ ထဖတ်လိုက်၊ ပြီးရင်ပစ်ထားလိုက်ဆိုရင်လည်း နားလည်နိုင်မှာ မဟုတ်ပါဘူး။

အရေးကြီးတာကတော့ ကိုယ့်ရဲ့စဉ်းစားတွေးခေါ်ဉာဏ်ပါပဲ။ ကိုယ့်ရဲ့စဉ်းစားတွေးခေါ်ဉာဏ်ဆိုတာကတော့ သူများက ဘယ်သင်တန်းကမှ သင်ပေးနိုင်တဲ့ အနေအထားမျိုး မရှိပါဘူး။ ဒါကြောင့် စတော့ရှယ်ယာမှာ ရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ်၊ အခြားဘယ်ကိစ္စမှာ ရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ်၊ နောက်ကိုယ့်ရဲ့ အသိဉာဏ် ဗဟုသုတတိုးပွားအောင် ကြိုးစားနေဖို့နဲ့ လောဘမကြီး အောင်နေဖို့ပဲလိုပါတယ်။ 'ငွေမျောငွေနဲ့လိုက်၊ လှေမျောလှေနဲ့လိုက်'ဆိုတဲ့ စကားဟာ ကြားရတာ ကောင်းပေမယ့်၊ လိုက်လို့မဆုံး၊ ငွေမျောလို့မဆုံး၊ လှေလိုက်လို့မဆုံး ဖြစ်သွားမှာလည်း စိုးရပါတယ်။ အဲဒါကြောင့် သက်ဆိုင်ရာ ပညာရှင်တွေက နိုင်သလောက်ပဲလုပ်၊ အိမ်ရောင်းပြီး၊ မြေရောင်းပြီး၊ ရှယ်ယာအရောင်းအဝယ် လုပ်တာမျိုးတွေ၊ စွန့်စားမှုကြီးတဲ့အလုပ်တွေ မလုပ်ကြဖို့ တိုက်တွန်းတာ တွေ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ၂၀၁၆ ထဲမှာ ရင်းနှီးမြှုပ်နှံစရာ အခွင့်အလမ်းတစ်ခု တိုးလာတဲ့အတွက် စိတ်ဝင်စားစရာ ကောင်းပါတယ်။ အခုလို ရန်ကုန် စတော့ဒိုင် ပေါ်ပေါက်လာတော့ နေ့ချင်း ညချင်း ချမ်းသာမယ်လို့ မျှော်လင့်ကြတယ်။ တချို့ကလည်း သူတို့လိုချင်ကြတဲ့ အရင်းအနှီးတွေ ရတော့မှာပဲလို့ မျှော်လင့်ကြတယ်။ တချို့ကလည်း ဘဏ်မှာရှိတဲ့ ငွေတွေဆွဲထုတ်သွားပြီး စတော့ရှယ်ယာတွေ ပြောင်းဝယ်သွားကြရင် ဘဏ်တွေဒုက္ခရောက်မယ်လို့ တွက်ဆကြတယ်။ တကယ့် တကယ်ကတော့ ဒါတွေအားလုံးဟာ ရေတိုမှာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဘယ်ကုမ္ပဏီတွေက ဘဏ်တိုးနှုန်းထက် ပိုပေးနိုင်မလဲ၊ ပိုများတဲ့အမြတ်ဝေစု ပိုပေးနိုင်မလဲဆိုတာလည်း မသေချာသေးပါဘူး။ စောစောကပြောသလိုပဲ ဘဏ်များမှာ စုငွေအဖြစ်အပ်နှံထားတာဟာလည်း ဆက်လက်ပြီးတော့ ရှိနေဦးမှာပါ။

စတော့ရှယ်ယာဈေးကွက် ချက်ချင်းလက်ငင်း ဝုန်းဒိုင်းနဲ့ ကြီးပွားလာဖို့လည်း မဖြစ်နိုင်သေးပါဘူး၊ တစ်ဖက်မှာ ရှယ်ယာဝယ်တဲ့သူတွေရှိမယ်၊ အဲဒီဝယ်ထားတဲ့ စတော့ရှယ်ယာတွေကို ပြန်ရောင်းရင် ဝယ်တဲ့သူကလည်း ရှိရမယ်၊ စတော့ရှယ်ယာတွေကနေ ဘာတွေအကျိုးရှိမလဲဆိုတော့ အမြတ်ဝေစုရမယ်၊ ကိုယ်ဝယ်ထားတဲ့ ကုမ္ပဏီရဲ့အခြေအနေကောင်းရင် အမြတ်ဝေစုရမယ်၊ အခြေအနေမကောင်းရင်တော့ ဆုံးရှုံးမှုတွေ ရှိနိုင်တယ်။ အဲသလိုပါပဲ ကိုယ်ဝယ်ထားတဲ့ ကုမ္ပဏီတွေရဲ့ အခြေအနေကောင်းရင် ရှယ်ယာဈေးတွေ ထိုးတက်သွားမယ်၊ ကိုယ်ဝယ်ထားတဲ့ ကုမ္ပဏီတွေရဲ့ အခြေအနေမကောင်းရင်တော့ ရှယ်ယာဈေးတွေ ထိုးကျသွားမယ်။ ပုံမှန်အားဖြင့်တော့ အမြတ်ဝေစုနဲ့ ရှယ်ယာဈေးနှုန်းကနေပြီး အကျိုးရှိမယ်လို့ ဆိုနိုင်ပါတယ်။ အမြတ်ဝေစုတွေ များများပေးနေရင်လည်း ဘဏ်တိုးနဲ့ယှဉ်ပြီး အမြတ်ဝေစု များများပေးနေတာကို ဝယ်တဲ့သူတွေကတော့ သဘောကျကြမှာပါ။ ဒါပေမယ့် တစ်ဖက်ကလည်း အမြတ်ဝေစုများများပေးလိုက်လို့ ရှိရင် ကုမ္ပဏီရဲ့ရေရှည် တိုးတက်ရာတိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း ပြန်ပြီးတော့ ရင်းနှီးမြှုပ်နှံဖို့ ခက်တယ်ဆိုတာသတိပြုရမှာပါပဲ။ ဒီတော့ နိဂုံးချုပ်ရမယ်ဆိုရင် စတော့ရှယ်ယာမှာ ရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ်၊ တခြားနေရာမှာ ရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ်၊ အချို့ ပညာရှင်များ သတိပေးသလို အတုအယောင်တွေ သတိထားကြဖို့၊ လွယ်လွယ်ကူကူနဲ့ငွေရနိုင်တယ်၊ အကျိုးအမြတ်ရှိတော့မယ်လို့ပြောရင် လိမ်တာဟုတ်၊ မဟုတ် စဉ်းစားဖို့၊ လိုအပ်တာထက် လောဘမကြီးဖို့ ဆိုတဲ့ 'ကံ၊ ဉာဏ်၊ ဝီရိယ'တွေ လိုအပ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ။

> **စတော့ရှယ်ယာတွေကနေ ဘာတွေအကျိုးရှိမလဲဆိုတော့ အမြတ်ဝေစုရမယ်၊ ကိုယ်ဝယ်ထားတဲ့ကုမ္ပဏီရဲ့ အခြေအနေကောင်းရင် အမြတ်ဝေစုရမယ်၊ အခြေအနေမကောင်းရင်တော့ ဆုံးရှုံးမှုတွေ ရှိနိုင်တယ်။ အဲသလိုပါပဲ ကိုယ်ဝယ်ထားတဲ့ ကုမ္ပဏီတွေရဲ့ အခြေအနေကောင်းရင် ရှယ်ယာဈေးတွေ ထိုးတက်သွားမယ်၊ ကိုယ်ဝယ်ထားတဲ့ ကုမ္ပဏီတွေရဲ့ အခြေအနေမကောင်းရင်တော့ ရှယ်ယာဈေးတွေ ထိုးကျသွားမယ်။**

## (၂၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

(၂၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ် တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီးက နိုင်ငံတော်အစိုးရ၏ ချမှတ်ထားတဲ့ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို လိုက်နာကြပြီး သတ်မှတ်ထားတဲ့ အခွန်လျာထားချက်များ၊ ရသင့်ရထိုက်သည့် အခွန်ငွေများ မဆုံးရှုံးစေရန် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အသုံးချပြီး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အဓိကရည်မှန်းချက်တာဝန်မှာ လျင်မြန်စွာတိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် အကောက်ခွန်အဖွဲ့ဝင်အချင်းချင်း တက်ကြွလှုပ်ရှားစွာ ပူးပေါင်းဆောင်ရွက်ပြီး အကောက်ခွန်လုပ်ငန်းများ ခေတ်မီစေရေး၊ စွမ်းဆောင်ရည်များ ပြုစုပျိုးထောင်ခြင်းနှင့် လူမှုအသိုက်အဝန်းကို ကာကွယ်ရေး၊ အခွန်ငွေကို စနစ်တကျကောက်ခံနိုင်ရေး၊ တရားဝင်ကုန်သွယ်မှုများ လွယ်ကူချောမွေ့စေရေးနှင့် အကောက်ခွန်အဖွဲ့အစည်းအသီးသီးကို လမ်းညွှန်ချက်များ၊ ထောက်ပံ့မှုများနှင့် ဦးဆောင်မှုများ ပေးနိုင်ရေးတို့ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနခွဲအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသူများ၊ ဌာနတွင်းသင်တန်းများမှ ထူးချွန်သူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူ့ဘဏ္ဍာငွေများကို အလေအလွင့်၊ အယိုအဖိတ်နည်းပါးစွာဖြင့် အကောင်အထည်ဖော်နိုင်စေရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ** အပါအဝင် **အစီရင်ခံစာ ၃ ခု** ဆွေးနွေးအတည်ပြုခြင်းနှင့် **ဥပဒေကြမ်း ၂ ခု** ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ နိုင်ငံတော်၏ အရအသုံး စာရင်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၆)** နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး တို့က ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုလွှတ်တော် နာယက က **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၆)** ကို အတည်ပြုကြောင်း ကြေညာသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်**က ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအပေါ် ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များကို ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် အလေးထား၍ပြန်လည်စိစစ်သုံးသပ် ဆွေးနွေးခြင်း၊ လက်တွေ့အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များကို အခြေခံ၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်များနှင့် သဘောထားမှတ်ချက်များသည် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုအတွက် အထောက်အကူဖြစ်စေသည့်အပြင် အားသာချက်၊ အားနည်းချက်များကိုလည်း သိရှိရသည့်အတွက် အချိန်မီပြုပြင်ဆောင်ရွက်သင့်သည်များကို ပြုပြင်ဆောင်ရွက်နိုင်ခြင်း၊ လိုအပ်သည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ချမှတ်နိုင်ခြင်း၊ လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ခြင်း စသည်တို့ကို လုပ်ဆောင်နိုင်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများမှ

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ ကျင်းပစဉ်။** (သတင်းစဉ်)

ဘတ်ဂျက်ကို အကောင်အထည်ဖော်ရာတွင် ပြည်သူ့ဘဏ္ဍာငွေများကို အလေအလွင့်၊ အယိုအဖိတ်နည်းပါးစွာဖြင့် အကောင်အထည်ဖော်နိုင်စေရန် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များကို အလေးထား၍ ကြပ်မတ်ကွပ်ကဲဆောင်ရွက်လျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အကုန်အထိ ကျန်ရှိသည့် ကာလများတွင် မြေပြင်ကွင်းဆင်း စိစစ်ချက်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများကို စာရင်းစစ်ချုပ်ရုံးက စစ်ဆေးလျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် စီမံကိန်းလုပ်ငန်းများကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးဘတ်ဂျက်နှင့် အခြားလုပ်ငန်းများဟူ၍ ခွဲခြားပြီး ၁၀၀ ရာခိုင်နှုန်းပြီးစီးမှု၊ ၅၀ ရာခိုင်နှုန်းနှင့် အထက်ပြီးစီးမှု၊ ၅၀ ရာခိုင်နှုန်းအောက် ပြီးစီးမှုများကို စနစ်တကျ စာရင်းကောက် စစ်ဆေးကြီးကြပ်လျက်ရှိပြီး စီမံကိန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဘက်မျှစေရေးနှင့် လုပ်ငန်းလက်ကျန်နည်းပါးရေး၊ အချိန်မီပြီးစီးရေး၊ အရည်အသွေးမြင့်မားစေရေးတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး**က ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်းအတွက် ကုန်ကျသည့် အတိုးစရိတ်ငွေ အမှန်ကိုသိရှိမှသာ အသုံးစရိတ်သုံးစွဲမှုကို ဖောင်းပွခြင်းမရှိစေရန် ဆင်ခြင်နိုင်မည်ဖြစ်ပါကြောင်း၊ ဘတ်ဂျက်လိုငွေကို ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ် (Treasury bill)များဖြင့် ဖြည့်ဆည်းခြင်းတွင် မည်သည့်အချိုးဖြင့် ဖြည့်ဆည်းမည်ဆိုသည်ကို လျာထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ငွေတိုက်လက်မှတ်များဖြင့် ဖြည့်ဆည်းခြင်းအပိုင်းတွင်လည်း Treasury bill auction ဈေးကွက်ကို ဈေးကွက်အတိုးနှုန်းပေး၍ ယခုထက်ပိုပြီး တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကာ ဗဟိုဘဏ်၏ ငွေတိုက်လက်မှတ်များ ဝယ်ယူဖြည့်ဆည်းခြင်းအပိုင်းကို လျှော့ချသွားမှသာ ငွေကြေးမူဝါဒကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာရေး မူဝါဒနှင့် ငွေကြေးမူဝါဒတို့ကို မှန်ကန်စွာ ယှဉ်တွဲ အကောင်အထည် ဖော်နိုင်ရန်အတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အကြံပြုချက်အတိုင်း ဗဟိုဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ဆက်လက်၍ **၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်း(Actual) များနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၅/၂၀၁၆)**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်နာယက က **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၅/၂၀၁၆)** ကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက် အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးနှင့် အတွင်းရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်းက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄၀ ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# တစ်နှစ်အတွင်း လွှတ်တော်အစည်းအဝေးကျင်းပသည့် ကာလကို အများဆုံး ၆ လအထိသာ သတ်မှတ်သင့်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်သူ့လွှတ်တော် ကော်မတီများနှင့် ကော်မရှင်တို့က ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းအတွင်း ဆောင်ရွက်ခဲ့မှု သုံးသပ်အကြံပြုချက်များနှင့် အစီရင်ခံစာများကို လွှတ်တော်သို့ တင်ပြကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ ငွေစာရင်းကော်မတီတို့၏ ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှု သုံးသပ်အကြံပြုချက် အစီရင်ခံစာများကို ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင် ဦးညီညီမြင့်တို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့၏ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှု သုံးသပ်အကြံပြုချက် အစီရင်ခံစာများကို ကော်မတီဝင်များနှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့က လွှတ်တော်သို့ ဖတ်ကြားတင်ပြကြသည်။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ဆောင်ရွက်ခဲ့မှုသုံးသပ်အကြံပြုချက် အစီရင်ခံစာကို ကော်မတီဝင် ဦးတင်မောင်က တင်ပြရာတွင် တစ်နှစ်အတွင်း လွှတ်တော်အစည်းအဝေး ကျင်းပသည့် ကာလကို အများဆုံး ၆ လအထိသာ သတ်မှတ်သင့်ကြောင်း၊ လွှတ်တော်အစည်းအဝေးများ ကျင်းပသည့် လွှတ်တော်ပြက္ခဒိန်(Calendar)ကို တစ်နှစ်အတွက် ကြိုတင်သတ်မှတ်ရေးဆွဲ ထုတ်ပြန်သင့်ကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ လွှတ်တော်အတွင်း လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီကျင့်စဉ်နှင့် လျော်ညီစွာ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲများမထားရှိဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးရှေးရှုပြီး တပ်မတော်သား ကိုယ်စားလှယ်များနှင့် အတူ ပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်း ဆောင်ရွက်သင့်ကြောင်း ထည့်သွင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

**ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း**

**ကော်မတီဝင် ဦးတင်မောင်**

## ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပပုံ လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့သို့ ရွေးကောက်ခံထားရှိသည့် ကိုယ်စားလှယ်အသစ်များဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၇၅ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၄၉ ဦးနှင့် ဖိတ်ကြားထားသည့် ပါတီ ၁၇ ခုမှ အထူးလေ့လာသူ ၇၂ ဦး စုစုပေါင်း ၄၉၆ ဦးတို့သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

ထင်လင်းအာကာ (နိုင်ငံခြားရေးဝန်ကြီးဌာန)

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) သတ်မှတ်ချက် စတင်ပေါ်ပေါက်လာပုံ**

ဝင်ငွေနိမ့်ကျပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွဲ့စည်းပုံဆိုင်ရာ အဟန့်အတား အားနည်းချက်များဖြင့် ကြုံတွေ့နေကြသည့် ကမ္ဘာ့နိုင်ငံများအား အထူးအခွင့်အရေးများပေးအပ်၍ ထောက်ပံ့ကူညီနိုင်ရန် ၁၉၆၄ ခုနှစ်တွင် ဂျီနီဗာမြို့၌ ကျင်းပသော ပထမအကြိမ် ကုလသမဂ္ဂ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ ၁/-တွင် စတင်၍ ဆွေးနွေးခဲ့ကြပါသည်။ အကျိုးဆက်အဖြစ် စီးပွားရေးနှင့် လူမှုရေးကောင်စီ (Economic and Social Council - ECOSOC)၏ အထောက်အကူပြုအဖွဲ့ဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကော်မတီ (Committee for Development Policy -CDP) ၂/- က လူတစ်ဦးပျမ်းမျှထုတ်လုပ်မှုတန်ဖိုး (GDP per capita)၊ GDP တန်ဖိုးတွင် စက်မှုကုန်စည် ထုတ်လုပ်မှုတန်ဖိုးပါဝင်မှုအချိုး (share of manufacturing in GDP)နှင့် သက်ကြီးစာတတ်မြောက်မှုနှုန်း(Adult Literacy) တို့ဖြင့် တိုင်းတာရန် သတ်မှတ်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ(၂၅) နိုင်ငံစာရင်းအား တင်ပြခဲ့ပါသည်။ အဆိုပါစာရင်းကို စီးပွားရေးနှင့် လူမှုရေးကောင်စီ(ECOSOC) နှင့် ကုလသမဂ္ဂ အထွေထွေညီလာခံတို့က အတည်ပြုပေးခဲ့ရာမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်း (Category of the Least Developed Countries-LDCs)ဟူ၍ ပေါ်ပေါက်လာခဲ့ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDCs) စာရင်းမှ လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်းများ**

ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်(Globalization) ကိုနောက်ခံပြုလျက် ကမ္ဘာ့စီးပွားရေး (Global Economy)ပြောင်းလဲလာမှု ဖြစ်စဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်ဆိုင်ကြုံတွေ့ရသည့် စီးပွားရေးဖွဲ့စည်းပုံဆိုင်ရာ အဟန့်အတားအပေါ် သုတေသနပြုလုပ်ထားသည့် အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ လက်ရှိအခြေအနေများနှင့် ကိုက်ညီမည့် အောက်ပါ စံနှုန်းသတ်မှတ်ချက် သုံးချက်ဖြင့် လက်ရှိအချိန်တွင် ချိန်ထိုးစိစစ်လျက်ရှိပါသည် -

(က) **တစ်ဦးကျဝင်ငွေဆိုင်ရာစံနှုန်း (Gross National Income - GNI per capita)**
(တစ်ဦးကျဝင်ငွေဆိုင်ရာစံနှုန်းကို တွက်ချက်ရာတွင် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (GDP)နှင့် ပြည်ပမှ အသားတင်ဝင်ငွေ (Net Primary Income) ပေါင်းခြင်းအပေါ် အခြေခံ၍ တွက်ချက်ရပါသည်)

(ခ) **လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာစံနှုန်း (Human Assets Index - HAI)**
(လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာ စံနှုန်းတွက်ချက်ရာတွင် အာဟာရချို့တဲ့မှု၊ ကလေးသေဆုံးမှုနှုန်း၊ အလယ်တန်းကျောင်းသား ကျောင်းအပ်နှံနှုန်းနှင့် သက်ကြီးစာတတ်မြောက်မှုနှုန်းတို့အပေါ် မူတည်၍ တွက်ချက်ပါသည်။ CDP ၏ သတ်မှတ်ချက်အရ ၂၀၁၈ ခုနှစ်မှ စတင်၍ မိခင်သေဆုံးမှုနှုန်းကိုပါ ထည့်သွင်းတွက်ချက်သွားမည်ဖြစ်ပါသည်။)

(ဂ) **စီးပွားရေးထိခိုက်နစ်နာလွယ်မှုစံနှုန်း (Economic Vulnerability Index – EVI)**
(စီးပွားရေးထိခိုက်နစ်နာလွယ်မှုစံနှုန်း တွက်ချက်ရာတွင် လူဦးရေ၊ အဓိကဈေးကွက်များသို့ ရောက်ရှိရန် ပျမ်းမျှခရီးအကွာအဝေး၊ ပြည်ပပို့ကုန်ပါဝင်မှုအချိုးအစား၊ GDP တန်ဖိုးတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍ ထုတ်လုပ်မှုတန်ဖိုး ပါဝင်မှုအချိုး၊ ကမ်းရိုးတန်းဒေသ မြေနိမ့်ပိုင်းတွင် နေထိုင်သည့် လူဦးရေအချိုး၊ ပြည်ပပို့ကုန်မတည်ငြိမ်မှု၊ သဘာဝဘေးအန္တရာယ်ဒဏ်ခံရသော ဒုက္ခသည်များ၊ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်မတည်ငြိမ်မှု စသည့် ညွှန်းကိန်းများအပေါ် မူတည်၍ တွက်ချက်ပါသည်။)

ထို့အပြင် လူဦးရေပမာဏများခြင်းသည် ပြည်တွင်းဈေးကွက်ကြီးမားမှုနှင့် လူ့စွမ်းအားအရင်းအနှီး ဖြည့်စွမ်းပေးနိုင်မှုတို့အတွက် အကျိုးရှိကြောင်း သုံးသပ်၍ CDP က ၁၉၉၁ ခုနှစ်မှ စတင်၍ လူဦးရေ ၇၅ သန်းထက်ကျော်လွန်သောနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် မထည့်သွင်းရန် ဆုံးဖြတ်ခဲ့ပါသည်။

**LDCs နိုင်ငံများအား ပေးအပ်သည့်နိုင်ငံတကာအထူးသီးသန့်အကူအညီများ (International Support Measures-ISM)**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(World Trade Organization-WTO) တို့မှ ပေးအပ်သော **ကုန်သွယ်ရေးဦးစားပေးမှု (Trade Preference)၊ တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ (Officials Development Assistance-ODA)၊ အထွေထွေထောက်ပံ့မှုများ (General Supports)** ရရှိခံစားနိုင်ပါသည်။ အထွေထွေထောက်ပံ့မှုများတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုအဖွဲ့များသို့ ထည့်ဝင်ငွေအား ပမာဏတစ်ခုအထိသာ ထည့်ဝင်ခွင့်ပေးခြင်း၊ ခရီးသွားလာစရိတ် ထောက်ပံ့ခြင်းစသည့် အကူအညီများပါဝင်ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) အဖြစ်မှ လွတ်မြောက်ခဲ့သောနိုင်ငံများနှင့် LDCs နိုင်ငံစာရင်းသို့ နောက်ဆုံးဝင်ရောက်ခဲ့သောနိုင်ငံများ**

၁၉၇၁ ခုနှစ်မှ စတင်၍ LDCs စာရင်းသတ်မှတ်ပြီးနောက်ပိုင်း ထပ်မံဝင်ရောက်လာသည့် နိုင်ငံများရှိသလို လွတ်မြောက်သွားသော နိုင်ငံများလည်း ရှိပါသည်။ LDCs စာရင်းမှ ၁၉၉၄ ခုနှစ်တွင် ဘော့ဆွာနား(Botswana) နိုင်ငံ၊ ၂၀၀၇ ခုနှစ်တွင် ကိတ်ဗာဒီ(Cape Verde)နိုင်ငံ၊ ၂၀၁၁ ခုနှစ်တွင် မော်လ်ဒိုက်(Maldives)နိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ဆာမိုအာ (Samoa)နိုင်ငံတို့ အသီးသီး လွတ်မြောက်ခဲ့ကြပါသည်။ နိုင်ငံ၏ လူမှု-စီးပွားရေးအခြေအနေများကြောင့် အသစ်ဝင်ရောက်ခဲ့သည့်နိုင်ငံများမှာ ၂၀၀၃ ခုနှစ်တွင် တီမောလက်စ်တေ (Timor-Leste) နိုင်ငံနှင့် ၂၀၁၂ ခုနှစ်တွင် တောင်ဆူဒန် (South Sudan) နိုင်ငံတို့ ဖြစ်ကြပါသည်။ လက်ရှိအချိန်တွင် LDCs နိုင်ငံ စုစုပေါင်း ၄၈ နိုင်ငံရှိပြီး အာဆီယံဒေသတွင်းမှ မြန်မာနိုင်ငံနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတို့ ပါဝင်ပါသည်။

**မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ(LDCs)စာရင်းဝင် ဖြစ်လာပုံ**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ်မှစ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားကြွေးမြီများရယူခဲ့ရာ ၁၉၈၇ ခုနှစ်တွင် ယင်းကြွေးမြီများကို အတိုးရောအရင်းပါ ပြန်လည်ပေးဆပ်ရမည့်အချိန်သို့ ကျရောက်လာခဲ့ပါသည်။ ယင်းကြွေးမြီများကို ပြန်လည်ပေးဆပ်ရန် နည်းလမ်းရှာဖွေသည့်အခါ အဓိကကြွေးရှင်နိုင်ငံများဖြစ်ကြသည့် ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့က ၎င်းတို့၏ ကြွေးမြီများကို လျှော့ချပေးရန် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းဝင်နိုင်ငံဖြစ်ရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါသည်။ သို့ဖြစ်ရာ ၁၉၈၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းသို့ ဝင်ရောက်ခဲ့ပါသည်။

ထို့နောက် မကြာမီကာလအတွင်း ၁၉၈၈ ခုနှစ် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ ပျက်ပြားယိုယွင်းလာခဲ့သည့်အားလျော်စွာ မြန်မာ့တပ်မတော်မှ နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့ရပါသည်။ ထိုကဲ့သို့ တပ်မတော်မှ အာဏာလွှဲပြောင်းရယူခဲ့သည်ကို အကြောင်းပြု၍ အနောက်အုပ်စု စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက မြန်မာနိုင်ငံအား စီးပွားရေး ပိတ်ဆို့အရေးယူမှုများကို စတင်ပြုလုပ်ခဲ့ကြပါသည်။ ယင်းစီးပွားရေးပိတ်ဆို့မှုများကြောင့် ကတိပြုထားသော နိုင်ငံများ၏ ကြွေးမြီလျှော့ချရေးအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့သည့်အပြင် LDCs နိုင်ငံအနေဖြင့် ရရှိခံစားခွင့်ရှိသော အခွင့်အရေးများကိုလည်း အခြားသော LDCs နိုင်ငံများကဲ့သို့ ပြည့်ပြည့်ဝဝ ခံစားခဲ့ရခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

| | 2006 | 2009 | 2012 | 2015 |
|---|---|---|---|---|
| GNI per capita (US $) | | | | |
| Graduation threshold | 900 | 1 086 | 1 190 | 1 242 |
| Myanmar | 167.0 | 306.3 | 704.0 | 1 063.0 |
| Gap (absolute) | -733 | -780 | -486 | -179 |
| Gap (%) | -81% | -72% | -41% | -14% |
| Human Asset Index HAI | | | | |
| Graduation threshold | 64 | 66 | 66 | 66 |
| Myanmar | 68.4 | 66.0 | 68.8 | 72.7 |
| Gap (absolute) | 4.4 | 0.0 | 2.8 | 6.7 |
| Gap (%) | 7% | 0% | 4% | 10% |
| Economic Vulnerability Index EVI | | | | |
| Graduation threshold | 38 | 38 | 32 | 32 |
| Myanmar | 42.2 | 37.4 | 45.0 | 33.7 |
| Gap (absolute) | -4.2 | 0.6 | -13.0 | -1.7 |
| Gap (%) | -11% | 2% | -41% | -5% |

အထက်ဖော်ပြပါဇယားအရ တစ်ဦးကျဝင်ငွေဆိုင်ရာစံနှုန်းသည် ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၃၃ ဒေါ်လာ သာရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၁၀၆၃ ဒေါ်လာအထိ မြင့်တက်လာသဖြင့် လွတ်မြောက်ရေးစံနှုန်း ၁၂၄၂ ဒေါ်လာကို ပြည့်မီရန် ပိုမိုနီးကပ်လာခဲ့ပါသည်။ လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာ စံနှုန်းသည် ၂၀၀၆ ခုနှစ်တွင် ၆၈ ဒသမ ၄ သာ ရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၇၂ ဒသမ ၇ အထိ မြင့်တက်လာခဲ့ပြီး လွတ်မြောက်ရေးစံနှုန်း ၆၆ ထက် ကျော်လွန်ပြီးဖြစ်ပါသည်။ စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာစံနှုန်းသည် ၂၀၀၆ ခုနှစ်တွင် ၄၂ ဒသမ ၂ အထိ မြင့်တက်ခဲ့ရာ မှ ၂၀၁၅ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ၃၃ ဒသမ ၇ အထိ ကျဆင်းလာခဲ့ပြီး လွတ်မြောက်ရေးစံနှုန်း ၃၂ အောက်သို့ ရောက်ရှိရန် လမ်းတစ်ကမ်းအလိုသို့ ရောက်ရှိနေကြောင်း တွေ့ရပါသည်။

**အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ်**

၂၀၁၁ ခုနှစ် တူရကီနိုင်ငံတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက်ညီလာခံတွင် အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ် (Istanbul Programme of Actions-IPoA)ကိုချမှတ်ခဲ့ပြီး အဆိုပါ အစီအစဉ်မှ "၂၀၂၀ ပြည့်နှစ်တွင် LDCs နိုင်ငံစာရင်းကို လက်ရှိစာရင်းမှ ထက်ဝက်လျှော့ချရန်" အတည်ပြုခဲ့ပါသည်။ အဆိုပါ အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ်အား အကောင်အထည်ဖော်မှုဆိုင်ရာ ကာလလယ်သုံးသပ်ချက်အစည်းအဝေးကို ၂၀၁၆ ခုနှစ်တွင် တူရကီနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေးတွင် နိုင်ငံအလိုက် ဆောင်ရွက်ထားရှိချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ နှင့်ကြုံတွေ့ရသည့်အခက်အခဲများကို ဆွေးနွေးသွားကြမည်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်က ကျင်းပသော မြန်မာနိုင်ငံ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် နည်းပညာ အကူအညီပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အဖွင့်အမှာစကား ပြောကြားစဉ်။
(ဓာတ်ပုံ-နိုင်ငံခြားရေး)

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရန်နည်းလမ်းများ**

ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအနေဖြင့် LDCs စာရင်းမှ လွတ်မြောက်ရန် နည်းလမ်းသုံးသွယ်ရှိပါသည်။ ပထမနည်းလမ်းမှာ CDP ၏ သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်တွင် သတ်မှတ်ထားသော စံနှုန်းသုံးခုအနက် အနည်းဆုံးနှစ်ခုနှင့် နှစ်ကြိမ်ဆက်တိုက် ကိုက်ညီရန် လိုအပ်မည်ဖြစ်ပါသည်။ ဒုတိယနည်းလမ်းမှာ နိုင်ငံ၏ GNI စံနှုန်းသည် သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်နှစ်ရပ်လုံးတွင် လွတ်မြောက်ရေးစံနှုန်း သတ်မှတ်ချက်ထက်နှစ်ဆ (ဥပမာ လွတ်မြောက်ရေး GNI စံနှုန်း US$ ၁၂၀၀၊ နိုင်ငံ၏ GNI စံနှုန်း US$ ၂၄၀၀) ဖြစ်လျှင်လည်း အခြားစံနှုန်းများကို ထည့်သွင်းစဉ်းစားရန်မလိုဘဲ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်ပါသည်။ တတိယနည်းလမ်းမှာ နိုင်ငံရေးဆန္ဒသက်သက်ဖြင့် မိမိဘာသာ ကြေညာ၍ LDCs စာရင်းမှ လွတ်မြောက်ကြောင်း ကြေညာခြင်းဖြစ်ပါသည်။

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်ရေး စံနှုန်းများနှင့်ကိုက်ညီမှု အခြေအနေအပေါ် ၂၀၁၅ ခုနှစ် အစီရင်ခံစာ (2015 Triennial Review)**

၂၀၁၅ ခုနှစ် သုံးနှစ်တစ်ကြိမ်သုံးသပ်ချက်ပါဝင်သော ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကော်မတီ (CDP)၏ အစီရင်ခံစာကို ၂၀၁၅ ခုနှစ် ဇွန်လတွင် စီးပွားရေးနှင့် လူမှုရေးကောင်စီ ပုံမှန်အစည်းအဝေးသို့ တင်ပြအတည်ပြုခဲ့ပါသည်။ အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံသည် စံနှုန်းသုံးခုလုံးတွင် သိသာထင်ရှားသော တိုးတက်မှုများရရှိလာကြောင်း၊ ထို့ကြောင့် လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ပါက လာမည့် ၂၀၁၈ ခုနှစ် သုံးနှစ်တစ်ကြိမ်သုံးသပ်ချက်တွင် လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်းများဖြင့် ပထမအကြိမ် ကိုက်ညီဖွယ်ရှိနိုင်ကြောင်း ထည့်သွင်းဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြည်းဖြည်းမှန်မှန် ရရှိလာခဲ့ပါသည်။ အဆိုပါအချက်ကို အောက်ဖော်ပြပါ ၂၀၀၆ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော CDP ၏ သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်ဇယားများအရ LDC မှ လွတ်မြောက်ရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ(Graduation Thresholds) နှင့် မြန်မာနိုင်ငံ၏ ရောက်ရှိနေသော အခြေအနေအကြား ကွာဟချက်ကျဉ်းမြောင်းလာမှုအခြေအနေက သက်သေပြလျက်ရှိပါသည် -

**ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် လမ်းစပေါ်ပေါက်ပုံ**

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှ စတင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မှန်မှန်ရရှိလာခဲ့ရာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် အခြေအနေကောင်းများ အစပျိုးရရှိလာပါသည်။ ထို့အပြင် ၂၀၁၁ ခုနှစ် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပခဲ့သော ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာညီလာခံတွင် ထုတ်ပြန်ခဲ့သော အစ္စတန်ဘူလ်လုပ်ငန်းအစီအစဉ် (IPoA) အရ ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတစ်ဝက်ခန့် LDCs မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန် ကုလသမဂ္ဂမှ ပန်းတိုင်ချမှတ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် LDCs မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိလာခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပြည်ထောင်စုအစိုးရအဖွဲ့ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားခဲ့သည့်မိန့်ခွန်းတွင်လည်း "ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းအား ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မှု၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဘဝမှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း" ထည့်သွင်းလမ်းညွှန်ပြောကြားခဲ့ပါသည်။

ထို့အပြင် နိုင်ငံတော်သမ္မတအနေဖြင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်လိုသည့် နိုင်ငံရေးဆန္ဒမြင့်မားစွာရှိကြောင်း

စာမျက်နှာ ၉ သို့ »»

၁/-(First Session of the United Nations Conference on Trade and Development - UNCTAD)

၂/-၁၉၆၅ ခုနှစ်တွင် Committee for Development Planning အမည်ဖြင့် ဖွဲ့စည်းခဲ့ပြီး ၁၉၉၈ ခုနှစ်မှစတင်၍ Committee for Development Policy ဟု အမည်ပြောင်းလဲခဲ့သည်။

»» စာမျက်နှာ ၈ မှ

၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံသို့ စာရေးသားပေးပို့ခဲ့ရာ မစ္စတာ ဘန်ကီမွန်းထံမှလည်း မြန်မာနိုင်ငံ၏ LDCs စာရင်းမှလွတ်မြောက်လိုသည့် ဆန္ဒသဘောထားကို ကြိုဆိုပါကြောင်းနှင့် လိုအပ်သည့် အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့ပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပခဲ့သည့် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံအနေဖြင့် မှန်ကန်သောပြုပြင်ပြောင်းလဲမှုများကြောင့် ရရှိလာသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းမှ လွတ်မြောက်ရေးအတွက် ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတကာသို့ အသိပေးပြောကြားခဲ့ပါသည်။

**ပြည်တွင်းဆောင်ရွက်ချက်များ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်ရေးအတွက် သတ်မှတ်ထားသည့် ညွှန်းကိန်းများ တစ်ခုချင်းတိုးတက်ကောင်းမွန်စေရေးတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဦးဆောင်သော မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီနှင့် လုပ်ငန်းအဖွဲ့ဆပ်ကော်မတီ (၄)ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းအဖွဲ့ ဆပ်ကော်မတီများမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော **တစ်ဦးကျဝင်ငွေဆိုင်ရာ ဆပ်ကော်မတီ**၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော **လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာ ဆပ်ကော်မတီ**၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော **စီးပွားရေးထိခိုက်နစ်နာလွယ်မှုဆိုင်ရာဆပ်ကော်မတီ**နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော **ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့ အစည်းများ ဆက်ဆံရေး ဆပ်ကော်မတီ** တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ဦးဆောင်၍ ၂၀၁၄ ခုနှစ်မှ ၂၀၁၅ခုနှစ် အတွင်း ကော်မတီ၏ညှိနှိုင်းအစည်းအဝေး (၇)ကြိမ်ကျင်းပခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းများထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ကော်မတီအတွင်းရေးမှူးနှင့် ဆပ်ကော်မတီ အတွင်းရေးမှူးများ၏ညှိနှိုင်းအစည်းအဝေးများကို အခါအားလျော်စွာ ပြုလုပ်လျက်ရှိပါသည်။

**မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ လမ်းကြောင်း**

၂၀၀၄ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်စွဲပါ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ်၊ ၅၉/၂၀၉ အရ နိုင်ငံတစ်နိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် ယေဘုယျအားဖြင့် လွတ်မြောက်ရန် စတင်ကြိုးပမ်းသည့် အချိန်မှစ၍ အပြီးသတ်လွတ်မြောက်သည့်အချိန်အထိ အကြမ်းဖျဉ်း အနည်းဆုံး ခြောက်နှစ် ကြာမြင့်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် CDP ၏ ၂၀၁၈ ခုနှစ် သုံးနှစ်တစ်ကြိမ် သုံးသပ်ချက် (Triennial Review) တွင် စံနှုန်း(၃)ခုအနက်မှ (၂)ခုနှင့် ပထမအကြိမ်ကိုက်ညီပြီး တစ်ဖန် ၂၀၂၁ ခုနှစ် သုံးနှစ်တစ်ကြိမ် သုံးသပ်ချက်တွင် လွတ်မြောက်ရေး စံနှုန်း(၂)ခုနှင့် ဒုတိယအကြိမ်ဆက်လက်ပြည့်မီပါက ECOSOC မှတစ်ဆင့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ထောက်ခံတင်ပြပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရန် အရည်အချင်းပြည့်မီ (Eligible)မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများကြောင့် အဆိုပါ အသွင်ကူးပြောင်းရေးကာလ(၃) နှစ်အား ကင်းလွတ်ခွင့်ပြုရန် ကုလသမဂ္ဂနှင့်ညှိနှိုင်းဆောင်ရွက်မည်ဆိုပါက အစောဆုံး ၂၀၂၁ ခုနှစ်တွင် LDCs နိုင်ငံအဖြစ်မှ အပြီးသတ် လွတ်မြောက်နိုင်ဖွယ်ရှိပါသည်။ အကယ်၍ အသွင်ကူးပြောင်းရေးကာလ (၃) နှစ်ကို ထည့်သွင်း စဉ်းစားမည်ဆိုပါက ၂၀၂၄ ခုနှစ်တွင်မှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ အပြီးသတ်လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။

**ကုလသမဂ္ဂမှ နည်းပညာအကူအညီ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင်လိုအပ်သော နည်းပညာအကူအညီများရရှိရန် ကုလသမဂ္ဂအပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာမိတ်ဖက်များနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် United Nations Office of the High Representative for the Least Developed Countries, Landlocked Developing Countries and Small Island Developing States **(UNOHRLLS)**၊ United Nations Development Programme **(UNDP)**၊ United Nations Conference on Trade and Development **(UNCTAD)**၊ Department of Economic and Social Affairs(DESA)၊ Committee for Development Policy **(CDP)** ၊ United Nations Economic and Social Commission for Asia and the Pacific (UN ESCAP) စသည့် ကုလသမဂ္ဂအဖွဲ့အစည်းများအပြင် အခြားသော သက်ဆိုင်သည့် ဖွံ့ဖြိုးမှုမိတ်ဖက်များ (Development Partners) နှင့်လည်း နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ UNCTAD မှ LDCs ဘာသာရပ်ကျွမ်းကျင်သူ Mr.Pierre Encontre၊ UNCTAD ၏ အတွင်းရေးမှူးချုပ် Mr.Mukhisa Kituyi၊ UNOHRLLS ၏ အကြီးအကဲနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Gyan Chandra Acharya ဦးဆောင်၍ CDP, DESA, UNCTAD, UNDP နှင့် ESCAP တို့မှ ကိုယ်စားလှယ်များ ပါဝင်သော ကုလသမဂ္ဂပူးပေါင်းအဖွဲ့(UN Joint Mission)သည် မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်အတွင်း အသီးသီးလာရောက်ခဲ့ကြပါသည်။

ခရီးစဉ်များအတွင်း ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့များသည် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ဒုတိယသမ္မတ ဦးညာဏ်ထွန်းအပါအဝင် အခြားသက်ဆိုင်ရာဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ဆွေးနွေးခဲ့ပါသည်။

**ကုလသမဂ္ဂဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဆိုင်ရာ အစည်းအဝေးများသို့ပါဝင်တက်ရောက်ခဲ့ခြင်း**

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း နီပေါနိုင်ငံ၌ ကျင်းပခဲ့သော အာရှ-ပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန်လအတွင်း အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၅ သုံးနှစ်တစ်ကြိမ် သုံးသပ်ချက် ပါဝင်သော CDP ၏ အစီရင်ခံစာကို တင်သွင်းသည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ ပုံမှန်အစည်းအဝေးသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် လာအိုနိုင်ငံ၏ LDCs မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းသည့် အတွေ့အကြုံများကို လေ့လာရန်လည်းကောင်း မြန်မာကိုယ်စားလှယ်အဖွဲ့များ အသီးသီးစေလွှတ်တက်ရောက်ခဲ့ပါသည်။

**ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်(UNDP)နှင့် ပူးပေါင်း ဆောင်ရွက်ချက်များ**

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင် နယူးယောက်မြို့ရှိ UNOHRLLS ရုံးနှင့် အဓိကပူးပေါင်း ဆောင်ရွက်ရန် အရေးကြီးသကဲ့သို့ သက်ဆိုင်ရာနိုင်ငံများရှိ UNDP ရုံးနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ညွှန်းကိန်း(၃)ခုကို တာဝန်ယူ ဆောင်ရွက်နေသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် UNDP ဦးဆောင်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ညှိနှိုင်းဆက်စပ်ပေးသည့် အစည်းအဝေးများကို လိုအပ်သလို ကျင်းပပေးလျက်ရှိပါသည်။ ဥပမာတစ်ရပ်မှာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံလက်ရှိသက်ဆိုင်ရာ အခြေအနေ (Current State of Affairs) ကိုသိမှသာ မှန်ကန်သည့် မူဝါဒများ ချမှတ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီး ဌာန၏ ညှိနှိုင်းမှုဖြင့် မြန်မာနိုင်ငံ၏စံနှုန်းအလိုက် ကိန်းဂဏန်းများ ကောက်ယူရာ၌ နည်းပညာအကူအညီများပေးရန် ကိန်းဂဏန်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ၂၀၁၅ခုနှစ် မေလ မှ ဩဂုတ်လ အထိ သုံးလကြာ တွဲဖက်ထားရှိခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ LDCs ဖြစ်စဉ် ကာလအတွင်းရရှိနိုင်မည့် အခွင့်အရေးများနှင့် LDCs မှ လွတ်မြောက်ပြီးနောက် ကြုံတွေ့ရမည့် အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ သုံးသပ်ချက် စာတမ်းတစ်စောင် ရေးသားရန် ကာလတိုကျွမ်းကျင်သူ နှစ်ဦးကိုလည်း တွဲဖက်ထားရှိခဲ့ပါသည်။ ၎င်းတို့၏ တွေ့ရှိချက်များသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ဖြည့်စွက်ရေးဆွဲခြင်းဖြင့် LDCs မှ လွတ်မြောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် LDCs မှ လွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုများရရှိ၍ ညင်သာသော အသွင်ကူးပြောင်းမှုဖြစ်ပေါ်စေရေးအတွက် အခြေအနေနှင့် လိုက်လျောညီထွေရှိပြီး ထိရောက်မှုရှိစေမည့် မူဝါဒများ ချမှတ်ရေးဆွဲထားရှိရန်မှာ အလွန်အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။ ထိုသို့ ချမှတ်ရေးဆွဲရာတွင် လိုအပ်သည့် နည်းပညာ အကူအညီနှင့် အကြံဉာဏ်များရယူဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂမှ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သည့် မူဝါဒပိုင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးအား ကာလရှည်တွဲဖက်လျက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ပင်မစီမံကိန်း**

LDCs အဖြစ်မှ လွတ်မြောက်ရေးနှင့် အသိပညာအခြေခံစီးပွားရေးစနစ် (Knowledge based Economy) ရောက်ရှိစေရေးအတွက် ရည်မှန်းချက်များသည် အမျိုးသားစီမံကိန်းများပေါ်တွင် အခြေတည်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် LDCs မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များကို နိုင်ငံတော်မှ ချမှတ်ထားသည့် ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ခြင်းဖြင့် သတ်မှတ်စံနှုန်းများ ပြည့်မီရေးကို များစွာအကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ မူဘောင်(Framework for Economic and Social Reforms)ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏တစ်ဦးကျဝင်ငွေ (GNI) တိုးတက်စေနိုင်မည် ဖြစ်သကဲ့သို့ အလုံးစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင် (Framework for Inclusive Growth) ကို အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ လူသားအရင်းအနှီးညွှန်းကိန်း(HAI)တိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ရေးဆွဲလျက်ရှိသည့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(National Comprehensive Development Plan)သည် နိုင်ငံ၏စီးပွားထိခိုက်နစ်နာလွယ်မှု ညွှန်းကိန်း (EVI) ကို တည်ငြိမ်ကောင်းမွန်စေ နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည် ဖော်ဆောင်ရွက်ရေးကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပင်မစီမံကိန်း (Master Plan) တစ်ရပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

**နိဂုံး**

နိုင်ငံတော်အစိုးရ၏ LDCs မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းချက်များစတင် ကြိုးပမ်းဆောင်ရွက်ချိန်၌ပင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်း (LDCs) အဖြစ် ရရှိနိုင်သော အကျိုးရလဒ်များကို ဆက်လက်ရယူခံစားသင့်ကြောင်း ဝေဖန်အကြံပြုချက်များလည်း ကြားသိရပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း LDCs မှ လွတ်မြောက်ရန်မှာ တစ်မနက်တည်း၊ တစ်ရက်တည်း နှစ်အနည်းငယ်အတွင်း လွယ်လွယ်ကူကူနှင့် ဆောင်ရွက်၍ ရရှိနိုင်သောအရာမဟုတ်ပါ။ LDCs ဟုစတင်သတ်မှတ်ခဲ့သည့် ၁၉၇၁ ခုနှစ်မှစ၍ နှစ်ပေါင်း (၄၀)ကျော်အတွင်း လွတ်မြောက်ခဲ့သည့် နိုင်ငံ (၄)နိုင်ငံသာရှိခဲ့သည့် အချက်ကို ထောက်ရှု၍ LDCs မှ လွတ်မြောက်ရေးသည် မည်မျှခက်ခဲကြောင်း ခန့်မှန်းနိုင်ပေမည်။ LDCs လွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း ဖွံ့ဖြိုးမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်စွမ်းရှိ၊ မရှိ အခြေအနေနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် အသွင်ကူပြောင်းမှု မဟာဗျူဟာ (Transition Strategy) အား အကောင်အထည်ဖော်မှုကိုလည်း ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။

ထို့အပြင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းနှင့် ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် ရေဘေးအန္တရာယ်များကဲ့သို့ နိုင်ငံတော်၏ အထွေထွေ ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်စေနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့်လည်း LDCs မှ လွတ်မြောက်ရေးဆိုင်ရာ စံနှုန်းပြည့်မီရေးကို ထိခိုက်မှုများရှိလာနိုင်မည်ဖြစ်ပါသည်။ ပြန်လည် ထူထောင်ရေးကာလတွင် ပြည်သူတို့၏ လူမှုရေးဘဝ ပုံမှန်ပြန်လည်ရောက်ရှိရေးသာမက ယခင်ကထက်ပင် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဦးစားပေးကြိုးပမ်း ဆောင်ရွက်ရေးသည် အရေးကြီးပေသည်။

လက်ရှိတွင် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတိုးတက်မှုများ အခြေခံသော LDCs လွတ်မြောက်ရေးဆိုင်ရာ သတ်မှတ်စံနှုန်းများ ပြည့်မီရေးအတွက် ကဏ္ဍအလိုက် ကြိုးပမ်းဖြည့်ဆည်းလျက်ရှိပါသည်။ LDCs မှ လွတ်မြောက်ရေး ပင်မစီမံကိန်း (Master Plan) အပါအဝင် အခြားသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကြောင့်လည်း လွတ်မြောက်ရေးလုပ်ငန်းစဉ်များကို စနစ်တကျနှင့် ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သလို ပြည်သူလူထု၏ လူမှု-စီးပွားဘဝ ပိုမိုမြင့်မားတိုးတက်ရေးကို အထောက်အကူပြုစေသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း LDCs အဖြစ်မှ လွတ်မြောက်ရေးအတွက်ကြိုးပမ်းခြင်းသည် နိုင်ငံ၏ စီးပွားရေးခိုင်မာလာမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခြင်းကို ဖော်ညွှန်းရာရောက်သဖြင့် ကမ္ဘာ့နိုင်ငံများမှ မြန်မာ နိုင်ငံအပေါ် ယုံကြည်ချက်များတိုးမြင့်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း တိုးတက်ရရှိ စေလာမည်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသားတိုင်းက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ ပို့ဆောင်ပေးမည့်ယာဉ်(LDCs Graduation is a vehicle for develop - ment)အဖြစ် ရှုမြင်၍ တက်တက်ကြွကြွပါဝင် ဆောင်ရွက်သွားသင့်ပါ သည်။ LDCs နိုင်ငံအဆင့်မှ လွတ်မြောက်ရေးသည် အစိုးရအဖွဲ့အစည်း တစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍ရမည်မဟုတ်ဘဲ နိုင်ငံသူနိုင်ငံသားအားလုံးက ပူးပေါင်းပါဝင်၍ မိမိတို့၏ လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်မြန်းရယူသွားရမည့် ရည်မှန်းချက် ပန်းတိုင်တစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

**ကျမ်းကိုးစာရင်း**

- ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အဖြစ်ဝင်ရောက်ခဲ့မှုအခြေအနေလေ့လာတင်ပြချက် (သံအမတ်ကြီး(ငြိမ်း) ဦးလှမောင်)
- CDP, Handbook on the Least Developed Country Category: Inclusion, Graduation and Special Support Measures, UN, November 2008
- CDP, Report on the Seventeenth session, 23-27 March 2015

| Year 0 | Between years 0-3 | Year 3 | | | | Between years 3-6 | Year 6 (or 3 years after General Assembly decision) | Post-graduation | |
|---|---|---|---|---|---|---|---|---|---|
| CDP First Finding (eligibility) -Confirms Eligibility -Notifies Country | UNCTAD Prepares Vulnera-bility Profile DESA Prepares Impact Access-ment | Graduating Country Presents (optional) -Oral Statement to EGM -Written Statement to CDP | CDP Second Finding (Confirmation) -Reviews Vulnerability Profile and impact assessment -Reviews country inputs _Recommends graduation | ECOSOC Takes Action on CDP findings | General Assembly Takes note of CDP recom-mendation | Graduating Country Prepares transition Strategy CDP Monitors Develop-ment progress | Graduating Country Graduation | Graduating Country Implements transition strategy | CDP Monitors Develop-ment during triennial review |

**GRADUATION TIME FRAME**

Source: Report of theCommittee for Development Policy on the ninth session,op.cit a pursuant Economic and Social Resolution 2008/12 of 23 July 2008

### ❖ ရှေ့ဖုံးမှ

"ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနဲ့ ရေဒါကျွမ်းကျင်အကြံပေးပုဂ္ဂိုလ်တွေရဲ့ တွက်ချက်မှုအရ မြို့ပြအဆောက်အအုံတွေ၊လေယာဉ်တွေနဲ့လွတ်ကင်းပြီးလျှပ်စစ်ပြီးရရှိမှုနဲ့ တယ်လီဖုန်းဆက်သွယ်ရေးလွယ်ကူမှုအခြေအနေပေါ်မူတည်ပြီး ဒီနေရာကို ရွေးချယ်ထားပါတယ်။ ဂျပန်အေဂျင်စီကတစ်ဆင့်ထောက်ပံ့မှုရရှိခဲ့တဲ့ မိုးလေဝသရေဒါ သုံးလုံးနဲ့အတူ မြို့ ၃၀မှာ အလိုအလျောက်မိုးလေဝသစောင့်ကြည့်တဲ့ကိရိယာစနစ်တွေအပါအဝင် လေ့ကျင့်သင်တန်းပေးမှုတွေအရ လာမယ့်၂၀၁၇ ခုနှစ်မှာ ရေဒါ သုံးလုံးကို စတင်အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါရေဒါ သုံးခုအားသတ်မှတ်ထားသည့်မြို့ကြီးသုံးမြို့တွင်တပ်ဆင်ပြီးစီးပါက ယင်းကိရိယာများမှ ဖမ်းယူရရှိသောပုံရိပ်များကို နေပြည်တော်မိုးလေဝသဗဟိုခန့်မှန်းရေးစောင့်ကြည့်ဌာနမှ တိုက်ရိုက်ဗွီဒီယိုစနစ်ဖြင့်ကြည့်ရှုနိုင်သည့်အတွက် ဆိုးရွားသောမိုးလေဝသဖြစ်စဉ်များအား ကြိုတင်ထောက်လှမ်းသိရှိကာ အချိန်မီသတင်းထုတ်ပြန်ပေးနိုင်တော့မည့်အကျိုးကျေးဇူးကောင်းများ ရရှိလာတော့မည်ဖြစ်သည်။

လက်ရှိအနေဖြင့်လည်း မိုးလေဝသလေ့လာစောင့်ကြည့်မှုများအနေဖြင့်၂၄ နာရီ နေ့၊ ညမပျက် စောင့်ကြည့်လျက်ရှိပြီးမြေပြင်တိုင်းထွာချက်များ၊ပြည်တွင်းပြည်ပ တိုင်းထွာချက်များသာမက မိုးလေဝသစခန်းအသီးသီးမှပေးပို့သောတိုင်းထွာချက်များကိုမိုးလေဝသမြေပုံများနှင့်လေ့လာ ဆန်းစစ်ခြင်း၊ ဂျပန်မိုးလေဝသဂြိုဟ်တုမှဖမ်းယူရရှိသည့်ပုံရိပ်များကို လေ့လာကြည့်ရှုခြင်းဖြင့် တိမ်ထူခြင်း၊ မြူဆိုင်းခြင်းနှင့်မိုးတိမ်တောင်ဖြစ်ပေါ်ခြင်းများကို အသေးစိတ်လေ့လာစောင့်ကြည့်၍ သိရှိလာနိုင်သည်။

မြန်မာနိုင်ငံအထက်ပိုင်းဒေသများအနေဖြင့်နွေ၊မိုး၊ ဆောင်းရာသီ သုံးခုစလုံးတွင် အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်မှရွေ့လျားလာသောအထက်လေထု၏လေပွေလှိုင်းများကြောင့် မိုးထစ်ချုန်းရွာခြင်း၊ မိုးသီးကြွေခြင်းနှင့်အအေးပိုခြင်းများဖြစ်ပေါ်လျက်ရှိပြီး ထူးခြားသော မိုးလေဝသအခြေအနေများကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖

## ၂၀၁၆ ခုနှစ် (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။
(၂) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွပူးပေါင်းနေထိုင်ရေး။
(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။
(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
(၅) တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

### ✱ နေရှုရာမှ

အဆိုပါ ရေလှောင်တမံဘက်စုံစီမံကိန်းသည် ၂၀၀၃ - ၂၀၀၄ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ပေ ၁၃၆၆၀၊ အမြင့် ၁၆၅ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၂၀၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၈၀၀၀၊ ကန်ရေပြည့်ရေပြင်ဧရိယာဧကပေ ၉၈၀ နှင့် ပင်မတမံအလျား ၄၇၄၅ ပေ၊ ကုန်းကျောတမံသုံးခုတို့၏ အလျားမှာ ၈၉၁၅ ပေရှိပြီး ရာဇဂြိုဟ်ရေလှောင်တမံကြီး၏ ဆည်ရေသောက်တူးမြောင်းမကြီး အရှည်မှာ ၉ မိုင်ရှိကာ လက်တံမြောင်း အရှည် ၈ ဒသမ ၂၅ မိုင် ဖောက်လုပ်ဆောင်ရွက်လျက်ရှိသည်။

ရာဇဂြိုဟ်ရေလှောင်တမံ၏အမြင့်ကို ၁၀ ပေတိုးမြှင့်ခဲ့ခြင်းနှင့် ရေပိုလွှဲတွင် ငါးပေ Shutter တပ်ဆင်ခြင်းဖြင့် ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀ အထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်၍ တိုးချဲ့လယ်မြေဧက ၂၀၀၀ အပါအဝင် စုစုပေါင်း လယ်မြေဧရိယာ ဧက ၈၅၀၀ ခန့်အထိ ရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်ပြီး အဆိုပါရေလှောင်တမံ၏ ဆည်ရေသောက် ဧရိယာအတွင်းရှိ ကျေးရွာဒေသများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွင် အလွန်အရေးကြီးသော လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ကလေးဒေသတွင် လျှပ်စစ်မီးလုံလောက်စွာရရှိနိုင်တော့မည်ဖြစ်သည့်အတွက် မြစ်သာမြစ်ဝှမ်းဒေသရှိ တောင်သူများနှင့် ကလေးမြို့နယ်အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်တောင့်တချက်များ ပြည့်စုံလာတော့မည်ဖြစ်ကြောင်း သိရသည်။

**(ဂျိုးနက်)**

### ● စင်ကာပူနိုင်ငံမှ

Ms.Sherleen Seah က ဆက်လက်ပြောသည်။

"ခရီးသွားအားလုံး ပါဝင်ဆင်နွှဲနိုင်ပြီး ပျော်ရွှင်စရာရသမျိုးစုံပေးစွမ်းနိုင်တဲ့ ပွဲတော်တွေ၊ အခမ်းအနားတွေကို တစ်နှစ်ပတ်လုံးနီးပါး ပြက္ခဒိန်အပြည့် စည်စည်ကားကား ထည့်သွင်းကျင်းပနေပါတယ်။ ယခုနှစ်ထဲမှာလည်း မိသားစုဝင်တွေ လည်ပတ်လို့ရမယ့် နေရာတွေကို ထပ်မံဖွင့်လှစ်ပေးသွားမှာပါ။ စင်ကာပူကနေရမယ့် အတွေ့အကြုံအဆန်းအပြားတွေကြောင့် ဧည့်သည်တွေဟာ စင်ကာပူကို မကြာခဏလာချင်နေလိမ့်မယ်ဆိုတာ အသေအချာပါပဲ။ ပြီးတော့ ဒီနှစ်က စင်ကာပူ-မြန်မာ ချစ်ကြည်ရေး နှစ်(၅၀)ပြည့်ဆိုတော့ ပိုမိုခိုင်မာတဲ့ရင်းနှီးမှုနဲ့ မြန်မာခရီးသွားတွေ စင်ကာပူနိုင်ငံအပေါ် စိတ်ဝင်စားမှု တိုးပွားလာအောင် ကြိုးစားလုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ပြောသည်။

Singapore Tourism Board မြန်မာ့ခရီးသွားဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက်ထားသည့် ပထမဦးဆုံးသော အမျိုးသားခရီးသွားအဖွဲ့အစည်း ဖြစ်သည်။ ယင်းအဖွဲ့အစည်းသည် မကြာသေးမီက Your Singapore Myanmar အမည်ရှိ ဖေ့စ်ဘွတ်စာမျက်နှာအား မိတ်ဆက်ခဲ့ပြီး ရန်ကုန်၌ စင်ကာပူပွဲတော်ကို ပြုလုပ်သွားမည်ဟုသိရသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ လူထုစိတ်အာရုံကို လွှမ်းမိုးသည့် ပုဂ္ဂိုလ်များ၊ အနုပညာရှင်များနှင့် ပူးပေါင်း၍ စင်ကာပူလာရောက်စဉ်က ရရှိခဲ့သော ၎င်းတို့၏ အတွေ့အကြုံများကို မြန်မာပရိသတ်များအား မျှဝေပေးရန် စီစဉ်ထားကြောင်း သိရ သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ဆုနှင်းလှဲ့**

## မီးအာမခံလျော်ကြေးငွေပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် သက္ကလမြို့ဈေးကြီးရပ်ကွက်နေ ဦးလှဝင်းမောင်နေအိမ်မှ စတင်လောင်ကျွမ်းသောမီးကြောင့် သက္ကလမြို့ရှိ ဦးချစ်သိန်း-ဒေါ်ခင်စန်းမြင့်ပိုင်နေအိမ် ကူးစက်လောင်ကျွမ်းမှုဖြစ်ခဲ့သည်။

ယင်းမီးလောင်ဆုံးရှုံးမှုဖြစ်ပွားသောနေအိမ်ကို IKBZ (ပဲခူးလုပ်ငန်းခွဲရုံး) တွင် မီးအာမခံထားရှိကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရလျှင်ရခြင်း (ပဲခူးလုပ်ငန်းခွဲရုံး) တာဝန်ရှိသူများက မျက်မြင်သွားရောက်စစ်ဆေးခဲ့ပြီး လျော်ကြေးငွေ အမြန်ဆုံးပေးအပ်နိုင်ရန်အတွက် အချိန်နှင့် တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ပဲခူးလုပ်ငန်းခွဲရုံး၌ ရုံးချုပ်အထွေထွေမန်နေဂျာ ဦးသန်းဇော်နှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၇ ရက်တွင် နေအိမ်ပိုင်ရှင် ဦးချစ်သိန်း-ဒေါ်ခင်စန်းမြင့်တို့ထံ မီးလောင်ဆုံးရှုံးမှုတန်ဖိုးငွေကို ပေးလျော်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

IKBZ Insurance အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရုံးခွဲများဖွင့်လှစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ယှဉ်တွဲတည်ရှိနေသည့် ဆုံးရှုံးမှုအန္တရာယ်အရပ်ရပ်အတွက် အစဉ်အမြဲကာကွယ်စောင့်ရှောက်သွားရန် အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။ **(ဇော်မင်းအောင်)**

### ❑ ကျောဖုံးမှ

ဧရာဝတီနှင့် ရန်ကုန်အသင်းတို့ပွဲတွင် အနိုင်ရသောအသင်းမှာ ဖိအားဒဏ်မှ လွတ်မြောက်သွားနိုင်သော်လည်း သရေ(သို့မဟုတ်)ရှုံးပွဲကြုံတွေ့မည့် အသင်းမှာ ဖိအားများအကြား အလူးအလဲ ရုန်းကန်ရဖွယ်ရှိနေသည်။

**သတင်းနှင့်ဓာတ်ပုံ- ရှိုင်းထက်ဇော်**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

သထုံမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ မြဝတီမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ မုဒုံမြို့နှင့် ကျိုက်မရောမြို့တို့တွင် သုည ဒသမ ၇၄ လက်မစီ၊ ကျိုက္ခမီမြို့တွင် သုည ဒသမ ၇၀ လက်မ၊ မော်လမြိုင်မြို့နှင့် ပေါင်မြို့တို့တွင် သုည ဒသမ ၅၅လက်မစီနှင့် ကော့ကရိတ်မြို့တွင် သုည ဒသမ ၅၁ လက်မတို့ ဖြစ်ကြသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းနယ်ကျူးကျော်ဈေးသည်များအား စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းနယ်ကျူးကျော်ဈေးသည်များနှင့် လမ်းနယ်ကျူးကျော်၍ အမိုးအဖီပြုလုပ်ထားသော အိမ်ဆိုင်များကြောင့် လမ်းနယ်နိမိတ်ကျဉ်းမြောင်းမှုများ ဖြစ်ပေါ်လျက်ရှိရာ မြို့နယ်အသီးသီးရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်း၍ လမ်းနယ်နိမိတ်ကျူးကျော်ကာ ဈေးရောင်းချခြင်းမပြုရန် အသိပေးနှိုးဆော်လျက်ရှိပြီး လိုက်နာမှုမရှိလျှင် စည်းကမ်းထိန်းသိမ်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၇ ရက်က ရန်ကင်းမြို့နယ်အတွင်း လမ်းနယ်ကျူးကျော်ဈေးသည်များ ကင်းရှင်းစေရေးအတွက် အသိပေးနှိုးဆော်နေသည့် လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ပြောသည်။

"လမ်းနယ်ကျူးကျော်ပြီး အမိုးအဖီတွေပြုလုပ်ထားသလို လမ်းနယ်ကျူးကျော်ပြီး ဈေးရောင်းချနေတော့ လမ်းနယ်နိမိတ်ကျဉ်းမြောင်းစေတာပါ။ ဒါကြောင့် လမ်းနယ်နိမိတ်ကျူးကျော်ပြီး ဈေးရောင်းချခြင်းမပြုဖို့ အသိပေးနှိုးဆော်ထားပါတယ်"ဟု ၎င်းက ဆိုသည်။

မျက်မှောက်ကာလတွင် ရန်ကုန်မြို့၌ ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ယခင်နှစ်လမ်းသွားလမ်းကို လေးလမ်းသွားလမ်းအဖြစ်လည်းကောင်း၊ ယခင်လေးလမ်းသွားလမ်းကို ခြောက်လမ်းသွားလမ်းများအဖြစ်လည်းကောင်း တိုးချဲ့ဆောင်ရွက်ပေးနေပြီး လမ်းနယ်ကျူးကျော်ဈေးသည်များကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေရေးနှင့် ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်စေရေးအတွက် ယင်းကဲ့သို့ စည်းကမ်းထိန်းသိမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **(မောင်သုည)**

## မစ်ဆူဘီရှိ မော်တော်ယာဉ်များအား ခေတ်မီကွန်ပျူတာစက်များဖြင့် ဂျပန်နည်းပညာရှင်များကိုယ်တိုင် အခမဲ့စစ်ဆေးပြုပြင်

**မန္တလေး ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံအတွင်းသို့ ဂျပန်နိုင်ငံမှ တင်သွင်းလာခဲ့သော မစ်ဆူဘီရှိမော်တော်ယာဉ်အမျိုးအစားအားလုံးကို ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ခေတ်မီကွန်ပျူတာစက်များအသုံးပြု၍ ဂျပန်နည်းပညာရှင်များကိုယ်တိုင်ကြီးကြပ်၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မန္တလေး-စစ်ကိုင်းလမ်း နဂါးအိမ်ရာဝင်းအတွင်းရှိ MM CARS MYANMAR LIMITED တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့စစ်ဆေးပေးပြီး အကောင်းဆုံးပြုပြင်ပေးလျက်ရှိသည်။

မစ်ဆူဘီရှိ မော်တော်ယာဉ်များ၏ စစ်မှန်သော ကားအစိတ်အပိုင်းများ၊ ဂျပန်စက်သုံးဆီမျိုးစုံကိုလည်း ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ အထူးနှုန်းဖြင့်ရောင်းချ၍ ဂျပန်နည်းပညာရှင်များကိုယ်တိုင် ကြီးကြပ်လဲလှယ်ပြုပြင်ပေးလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မကွ္ခရာမြို့ဟောင်းသို့ ဘုရားဖူးများနေ့စဉ်လာရောက်၊ ဆေးဘုရားဖူးမြော်ကာ ဆေးခံယူမှုများပြား

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် အရှေ့မြောက်ယွန်းယွန်းတွင်ရှိသော မကွ္ခရာမြို့ဟောင်းသည် လှေ့လာစရာ ဖူးမြော်နိုင်သည်။

မကွ္ခရာမြို့မှာ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော အနော်ရထာမင်းကြီး လက်ထက်ကတည်းက တည်ဆောက်ခဲ့သော

စိတ်ဝင်စားဖွယ်ရာ မြို့တစ်မြို့ပင်ဖြစ်သည်။ ခေတ်အဆက်ဆက် ထင်ရှားခဲ့သော မြို့ဟောင်းဖြစ်သကဲ့သို့ နန်းတော်ဟောင်းနေရာ မြို့ရိုး၊ ဘုရားစေတီများကို ယနေ့တိုင် ကင်းလေးဆယ့်သုံးမြို့တွင် တစ်မြို့အပါအဝင်ဖြစ်ကာ ခံတပ်မြို့လည်း ဖြစ်သည်။

စိတ်ဝင်စားဖွယ်ရာကောင်းသော မကွ္ခရာမြို့ဟောင်းမှာ ကျောက်ခေတ်ဦးမှ ကျောက်လက်နက်အပိုင်းအစများကို ရှာဖွေတွေ့ရှိခြင်းပင်ဖြစ်သည်။

ပညာရှင်တို့၏ ခန့်မှန်းချက်အရ ရှေးနှစ်ပေါင်းများစွာကပင် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့သော ဒေသဟုပင်ဆိုနိုင်သည်။ ကျောက်ခေတ်မှ ကျောက်လက်နက် အပိုင်းအစများနှင့်အတူ ခေတ်အဆက်ဆက် ထွန်းကားခဲ့သည့် ဒေသအဖြစ်မှတ်ယူနိုင်သော မြို့ဟောင်းပင်ဖြစ်သည်။

ပျူပုတီးစေ့များနှင့် ရေထည့်သော အိုးအပိုင်းအစများ၊ အရိုးအိုးများ သာမက အနုပညာလက်ရာများ၊ နံရံဆေးရေးပန်းချီများ၊ စေတီပုထိုးများကို ကြည့်ခြင်းအားဖြင့် ခေတ်အဆက်ဆက်က မကွ္ခရာဟုဆိုကြသည်။

လက်ရှိကာလတွင် မကွ္ခရာမြို့ဟောင်း မြို့ရိုးနှင့် နန်းတော်နေရာကို လေ့လာနိုင်သည်။ မြို့ရိုးမှာ အရှေ့အနောက်အလျား ပေ ၁၂၀၀၊ တောင်မြောက်အလျား ပေ ၁၄၅၀ ခန့်ရှိသည်။ နန်းတော်ရာနေရာကို ရွှေရောင်တော်ဘုရားမြောက်ဘက်တွင် လေ့လာနိုင်သည်။ နန်းတော်ဝင်းမှာ တောင်မြောက် ပေ ၆၀၀၊ အရှေ့အနောက် ပေ ၄၅၀ ရှိကြောင်း သိရသည်။

ယခုအခါ ပြုပြင်မွမ်းမံထားသော စေတီတော်များနှင့် မကွ္ခရာမြို့ဟောင်းကို ဘုရားဖူးတို့များစွာ နေ့စဉ်လာရောက်ဖူးမြော်ကြသည်။ ဘုရားဖူးများမှာ ရွှေရောင်တော်ဘုရား အရှေ့တောင်ဘက်ဘေးရှိ ထူးထူးခြားခြား ဆေးဘုရားကိုလည်း အလေးထားကာ သွားရောက်ဖူးမြော်လေ့ရှိသည်။

ဘုရားဖူးများသည် ရေပါသည့် ရေသန့်ဘူးများ ယူဆောင်လာပြီး ဆေးဘုရားတွင် ကပ်လှူကာ ဆေးအဖြစ်ခံယူကြသည်။ ဘုရားဖူးများ၏ ပြောပြချက်အရ ယုံကြည်စွာခံယူပါက ရောဂါများသက်သာသည်ဟု ဆိုသည်။

ယခုအခါ ပွင့်လင်းရာသီ မကွ္ခရာမြို့ဟောင်းသို့ ဘုရားဖူးလာကြသူများသည် ထူးထူးခြားခြား ဆေးဘုရားမှ ဆေးများခံယူလေ့ရှိကြောင်း နယ်ခံတစ်ဦးက ပြောပြ၍ သိရသည်။

**(တိမ်တမန်)**

## နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုဆုများပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၇**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့က နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိခဲ့သည့် မြန်မာနိုင်ငံဝူရှူးလက်ရွေးစင်အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် ညပိုင်းက သုဝဏ္ဏဘောလုံးအားကစားကွင်း ရိပ်သာဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါ ဆုချီးမြှင့်ပွဲသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇွန်လက စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော (၂၈) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ သုံးခု၊ ငွေ သုံးခု၊ ကြေးတစ်ခု စုစုပေါင်း ဆုတံဆိပ်ခုနစ်ခုနှင့် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် ကမ္ဘာ့ဝူရှူးပြိုင်ပွဲ ထိုက်ချီချွမ်အားကစားတွင် ငွေတံဆိပ်ရရှိအောင် ကြိုးစားခဲ့သူများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

"ဒီလိုအောင်မြင်မှုတွေကို အမြဲအမှတ်ရစေချင်တဲ့အတွက်ကြောင့် ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီရွှေတံဆိပ် အောင်မြင်မှုတွေအပေါ်မှာပဲ ပျော်ရွှင်နေလို့မဖြစ်ပါဘူး။ နောက်ပြိုင်ပွဲတွေအတွက် ကြိုတင်လေ့ကျင့်မှုတွေကိုစတင်ပြီး ပြီးခဲ့တဲ့အတွေ့အကြုံတွေပေါ်မှာသုံးသပ်ပြီး လေ့ကျင့်နေရတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး အတူကြိုးစားပြီး အမိနိုင်ငံတော်အလံကို နိုင်ငံတကာစင်မြင့်ထက်မှာ လွှင့်ထူနိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ"ဟု မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာက ပြောသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် အားကစားဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသစ္စာနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဆုတံဆိပ်ရ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများကို ဆုများနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

**(ကြေးမုံ)**

# အင်းလေးဇီဝအဝန်းနယ်မြေအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းရေးသားနည်းသင်တန်းဖွင့်လှစ်

**ညောင်ရွှေ ဇန်နဝါရီ ၂၇**

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သတင်းရေးသားနည်းသင်တန်းကို ညောင်ရွှေမြို့ ဟူပင်ဟိုတယ်တွင် ဇန်နဝါရီ ၂၅ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ရာ သင်တန်းတွင် ပါဝင်ဆွေးနွေးတက်ရောက်သူ ပြည်တွင်းမှ သတင်းထောက် ၂၀ ခန့်နှင့် UNEP မှ တာဝန်ရှိသူတစ်ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် ရာသီဥတု ပြောင်းလဲမှုနှင့်အတူ လိုက်လျောညီစွာ နေထိုင်နိုင်ရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများ၊ ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ရင်ဆိုင်ကျော်လွှားနိုင်ရေးနှင့် ကြိုတင်ကာကွယ်ပြင်ဆင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ကမ္ဘာ့အဆင့်မှ လုပ်ဆောင်နေသည်များ ရှိသကဲ့သို့ ကျေးလက်ဒေသအဆင့် ပြည်သူများအထိ လွယ်ကူစွာ သိရှိနားလည်နိုင်စေရန်အတွက် သတင်းရေးသားတင်ပြနိုင်ရန် ရည်ရွယ်၍ ဥရောပသမဂ္ဂ(EU)၏ ရန်ပုံငွေဖြင့် International Centre for Integrated Mountain Development (ICIMOD) နှင့် Myanmar Institute Integrated Development (MIID)မှ ပညာရှင်များက သင်တန်းပေးပို့ချပေးခြင်းဖြစ်သည်။

အင်းလေးဒေသမြောက်ပိုင်းရှိ ရေရရှိရန်ခက်ခဲသည့် ကျေးရွာ ခြောက်ရွာတွင် EU ရန်ပုံငွေ အမေရိကန်ဒေါ်လာ ငါးသိန်းဖြင့် သုံးနှစ်စီမံကိန်း (၂၀၁၄-၂၀၁၆) ဆောင်ရွက်နေသည့် ကျေးရွာများသို့ ရေရရှိဆောင်ရွက်ထားမှုနှင့် ရာသီဥတု အသိပညာပေးထားရှိမှုများကို သင်တန်းတွင်ပါဝင်သူအားလုံး လေ့လာကြမည်ဖြစ်ပြီး အသိအမြင်များကို ဖလှယ်ကြမည်ဖြစ်ကြောင်း သိရသည်။

**(ဖိုးသန့်)**

# မန္တလေး-မူဆယ် ကားလမ်းပိတ်ဆို့မှုကြောင့် ခရီးသည်တင်လေအိတ်ကားများ ပုံမှန်ထွက်ရှိနိုင်ခြင်းမရှိ

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေး-မူဆယ်လမ်းတွင် ကားလမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပွားလျက်ရှိရာ ခရီးသည်တင်ကားများ ပုံမှန်ထွက်ရှိကြခြင်းမရှိကြောင်း ကားလက်မှတ်အရောင်းစင်တာတစ်ခုမှ သိရသည်။

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးရှိ နမ့်ဖက်ကာနှင့် ကွတ်ခိုင်မြို့အကြား ကွတ်ခိုင်-ရှူခင်းသာ တောင်ကြောတစ်လျှောက်တွင် ယခင်တစ်ပတ်က ငါးရက်တာမျှ ကားများပိတ်ဆို့မှုရှိခဲ့ပြီးနောက် ခရီးသည်တင်လေအိတ်ကားကြီးများ ပုံမှန်ထွက်နေကြအတိုင်း မထွက်ဘဲ နားထားကြသည်များရှိနေခြင်းဖြစ်သည်။

မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့သို့ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စများဖြင့် မဖြစ်မနေသွားရောက်ရန်ရှိသော ခရီးသည်များက ဈေးနှုန်းသက်သာသည့် လေအိတ်ကားကြီးများမထွက်သည့်အတွက် ကားခဈေးနှုန်း နှစ်ဆခန့်ပိုပေးရသော ကားလေးများဖြင့် သွားလာနေကြရသည်။

"မူဆယ်မြို့ကိုသွားဖို့ ကားလက်မှတ်သွားဖြတ်တာ ကားကြီးတွေမထွက်ဘူးလို့ ဂိတ်ကပြောတယ်။ ကားကြီးတွေက လမ်းအခြေအနေပေါ်မူတည်ပြီး ထွက်မယ်ပြောတာပဲ။ မဖြစ်မနေသွားချင်ရင်တော့ ကားလေးတွေ ထွက်ပါတယ်။ ကားကြီးနဲ့ ကားလေးက လက်မှတ်ခ နှစ်ဆလောက်ကွာပါတယ်။ အလုပ်ကိစ္စရှိနေတော့လည်း ကားလေးနဲ့ပဲ သွားရပါတယ်"ဟု စီးပွားရေးကိစ္စဖြင့် မန္တလေးမြို့မှ မူဆယ်မြို့သို့ ခရီးသွားလေ့ရှိသည့် ခရီးသည် ကိုကိုဦးက ပြောသည်။

နေ့စဉ် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ များစွာဖြတ်သန်းသွားလာနေသည့် အဆိုပါ မန္တလေး-မူဆယ် ခရီးလမ်းပိုင်းအတွင်း ဂုတ်တွင်းလမ်းပိုင်းနှင့် ကွတ်ခိုင်-ရှူခင်းသာတောင်ကြောတစ်လျှောက်တွင် မကြာခဏ လမ်းပိတ်ဆို့မှုများဖြစ်ပွားတတ်ပြီး ခရီးကြန့်ကြာလေ့ရှိသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ တတိယပတ်အတွင်း ကုန်တင်ယာဉ်မတော်တဆတိမ်းမှောက်မှုကြောင့် လမ်းခရီးတွင် နှစ်ည၊ သုံးညမျှ ညအိပ်ကာ စောင့်စားခဲ့ရသည်များရှိကြောင်း ကားသမားများထံမှ သိရသည်။

ထိုသို့ ကားလမ်းမကြာခဏ ပိတ်ဆို့ရခြင်းမှာ ကားသမားများ မဆင်မခြင်မောင်းနှင်နေမှုအပါအဝင် အချို့သောလမ်းများမှာ ကျဉ်းနေသည့်အတွက် ကုန်တင်တွဲကားကြီးများ တစ်စီးနှင့်တစ်စီး မရှောင်သာဘဲဖြစ်ရာမှ လမ်းပိတ်ဆို့မှုများလည်းဖြစ်ရသည်ဟု ဆိုသည်။

ရက်ရှည် လမ်းပိတ်ဆို့မှုဖြစ်ပွားမှုများကြောင့် ခရီးသည်တင်ကားများ မထွက်သည်များရှိသကဲ့သို့ ကုန်တင်ကားခများလည်း ဈေးနှုန်း သိသိသာသာမြင့်တက်နေကြောင်း သိရသည်။

"အရင်တစ်ပတ်က တွဲကားမှောက်လို့ လမ်းပိတ်တာ။ အဲဒီကားကို ရှင်းရင်းနဲ့ပဲ လမ်းမှာ ညအိပ်စောင့်လိုက်ရတယ်။ ခရီးကလည်း မတွင်၊ စားစရာကလည်းမရှိ၊ အတော်ကို ဒုက္ခရောက်ကြရတယ်။ အခုလည်း မိုးရွာတော့ လမ်းချဲ့နေတဲ့နေရာတွေမှာ ဖြည်းဖြည်းထိန်းမောင်းရတယ်။ ကားမှောက်တာလည်း ရှိနေတော့ လမ်းကပိတ်နေပြီး ကားသမားအချို့ကလည်း မဆင်မခြင်မောင်းကြတယ်။ တန်းစီနေမှန်းသိရက်နဲ့ ကျော်မောင်းတယ်။ အဲဒီတော့ မကြာသင့်ဘဲကြာကုန်တယ်။ လမ်းတွေပိတ်တော့ ကုန်တင်ခတွေလည်း ဈေးတက်ပြီး တောင်းလာကြတယ်"ဟု ကားသမားတစ်ဦးက ပြောသည်။

ခရီးသည်တင် လေအိတ်ကားများသည် လမ်းပိတ်ဆို့မှုများကြောင့် ပုံမှန်ထွက်ရှိရန် အခက်အခဲရှိသော်လည်း ကားခဈေးနှုန်းများမှာ ပုံမှန်အတိုင်းသာဖြစ်ကြောင်း သိရသည်။

**(ဝဝ၂)**

## စာဖတ်ရှိန်မြင့်မားရေးအတွက် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ

**မကွေး ဇန်နဝါရီ ၂၇**

ပြည်သူများအားလုံး စာဖတ်ရှိန်မြင့်မားရေးအတွက် စာဖတ်ရှိန်မြင့်မားရေးပွဲတော်ကို မကွေးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် လည်းကောင်း၊ ကန်ပြားကျေးရွာ အထက(ကန်ပြား)တွင် လည်းကောင်း၊ သစ်ရာကောက်ကျေးရွာ၊ မြင်ကွန်းကျေးရွာ၊ မိချောင်းရဲကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် လည်းကောင်း ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများမှ ဆုရရှိသူများကို ဇန်နဝါရီ ၂၇ ရက်တွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် တိုင်းဒေသကြီးအဆင့် ပြန်လည်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပန်းဟောဝန်ခန်းမတွင် ကျင်းပမည်ဖြစ်သည်။

စာဖတ်ရှိန်မြင့်မားရေး ပွဲတော်တွင် ယှဉ်ပြိုင်ခဲ့သည့် အထက(ကန်ပြား)မှ ကျောင်းသူတစ်ဦးက "အခု ယှဉ်ပြိုင်တာ ပထမဆုံးပါ။ အတွေ့အကြုံရပြီး နောက်ထပ်ပွဲတွေ ပါဝင်ယှဉ်ပြိုင်ချင်လို့ ဝင်ပြိုင်တာပါ။ ပြိုင်ပွဲဝင်ဖို့ စာတွေအများကြီး ဖတ်ခဲ့ရပါတယ်။ အခု စာမေးပွဲချိန်နဲ့နီးနေတော့ ပိုပြီးကြိုးစားခဲ့ရပါတယ်။ ဒီလိုပြိုင်ပွဲတွေကို စာမေးပွဲချိန်နဲ့မနီးတဲ့အချိန် ကျင်းပပေးရင် ပိုကောင်းမှာပါ"ဟု ပြောသည်။

**(ခင်မာလာ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၈ - ၁ -၂၀၁၆ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆:၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၃၅ | အနုပညာသတင်းအစီအစဉ် |
| ၈:၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၉:၃၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉:၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၉:၅၀ | "နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသည့် မိန့်ခွန်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၁၀:၃၅ | အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ် |
| ၁၁:၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၂:၅၀ | လူမှန်နေရာမှန် |
| ၁:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၇၇) |
| ၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၁) |
| ၂:၃၀ | သုခုမရင်ခွင်အငြိမ့်သဘင် "တော်ဝင်စတားအငြိမ့်" |
| ၃:၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "သားယောက္ခထီး" |
| ၄:၃၅ | Foodball မဂ္ဂဇင်း |
| ၅:၁၅ | Weekly Sports Info |
| ၅:၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၆:၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း- ၂) |
| ၈:၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ |
| ၉:၀၀ | ပြည်တွင်းသတင်း - နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၇၈) -ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

| | |
|---|---|
| ၅:၀၀ | ပဌာန်းပါဠိတော်+ဇဂ္ဂသုတ် |
| ၅:၄၀ | "စိတ္တာနုပဿနာ" (အပိုင်း-၂) တရားတော် [ဆရာတော်အရှင်ကုသလ (ဆားဘူးတောင်းဆရာတော်)] |
| ၆:၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၅) |
| ၇:၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Myanmar GR ကုန်သည်ကြီးများ Drink & Win Lucky Draw Promotion) |
| ၈:၀၀ | "မင်္ဂလာပါ"The Morning Show |
| ၉:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၄) |
| ၁၀:၁၀ | ခေတ်သစ်ပျို့မေ |
| ၁၀:၅၅ | အနုပညာမိုးကောင်းကင် |
| ၁၁:၁၅ | Food & De'cor |
| 11;50 | MRTV-4 Stage |
| ၁၂:၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၆) |
| ၂:၂၀ | မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၇) |
| ၄:၀၀ | Cartoon Series (English Playground) |
| ၆:၁၀ | Health Fix |
| ၆:၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၆) |
| ၇:၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၈) |
| ၈:၁၅ | ရသစုံညွှန်းတမ်းများ |
| ၈:၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅) |
| ၉:၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၄၇) |
| ၉:၅၀ | အေဒင်ရဲ့ နတ်သမီးရုပ်ရှင် ဇာတ်ကားကြီး အကြိုစကားဝိုင်း |
| ၁၀:၃၀ | အနုပညာမိုးကောင်းကင် |
| ၁၀:၅၀ | MRTV-4 Stage |
| 10;30 | World of Knowledge (Dog Whisperer : Cotton Ricky and Jordan) |

### မြဝတီ

| | |
|---|---|
| ၆:၀၃ | တရားတော် |
| ၆:၂၀ | မေတ္တာပို့ |
| ၆:၂၅ | ဓမ္မပူဇာတေး |
| ၆:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆:၄၅ | မျိုးချစ်တပ်မတော် |
| ၆:၅၀ | မှတ်တမ်း |
| ၆:၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၂၀ | အမျိုးသားရေးတေးကဗျာ |
| ၇:၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၀ | ရွှေဟောင်းသုတ |
| ၈:၂၅ | DVD Hits |
| ၈:၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၈:၄၅ | မြဝတီနေ့စဉ်သတင်း |
| ၈:၅၅ | လျှပ်တစ်ပြက် |
| ၄:၂၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄:၄၀ | ဇာတ်လမ်းတို |
| ၄:၄၅ | ဗီစီဒီကျော်ကြားတေး |
| ၄:၅၀ | မွေးမြူသုတ |
| ၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅:၁၀ | သာယာသီကြွေးခေတ်ဆန်းတေ |
| ၅:၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်းခြင်း အပိုင်း(၁၁၂) |
| ၆:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆:၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆:၃၅ | ကိုယ်ပျောက်လူသား |
| ၇:၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၅၉) |
| ၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ နိုင်ငံတကာသတင်း မိုးလေဝသသတင်း ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မောင်မောင်ချစ်သူလေဒီ ဒီဇိုင်နာ အပိုင်း(၂၅) |

# "Angry Birds" ရုပ်ရှင်သစ်အတွက် ကြော်ငြာဗီဒီယို ထုတ်လွှင့်ပြသ

ဒေါသကြီးတတ်တဲ့ ရောင်စုံငှက်လေးများနဲ့ ရန်ရှာဖျက်ဆီးတတ်တဲ့ ဝက်တွေရဲ့ကြားက တိုက်ပွဲတွေအကြောင်းကို ဟာသနှောကာရိုက်ကူး တင်ဆက်လေ့ရှိတဲ့ "Angry Birds" ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်အတွက် ကြော်ငြာဗီဒီယိုတစ်ခုကို ယင်းရုပ်ရှင်တွေကိုထုတ်လုပ်တဲ့ ဆိုနီပစ်ချားစ်က အွန်လိုင်းကနေတစ်ဆင့် ထုတ်လွှင့်ပြသခဲ့ပါတယ်။

နှစ်မိနစ်ကြာ ထုတ်လွှင့်ပြသခဲ့တဲ့ ဗီဒီယိုအရ ယခုထုတ်လွှင့်သွားမယ့် ရုပ်ရှင်သစ်မှာ အနီရောင်ငှက်ရဲ့ အကြောင်းကို အဓိကပုံဖော်ရိုက်ကူးထားတာကို တွေ့ရပါတယ်။

ယင်းရုပ်ရှင်မှာ အနီရောင်ငှက်ရဲ့ ငယ်ဘဝကိုလည်း ခံစားကြရမှာပါ။ ဒေါသကြီးလွန်းတဲ့ အနီရောင်ငှက်အပေါ် ပတ်ဝန်းကျင်က အနိုင်ကျင့်ကြပုံတွေကိုလည်း ပုံဖော်ထားတာ တွေ့ရပါတယ်။ အထူးသဖြင့် အနီရောင်ငှက်လေးရဲ့ ထူလွန်းလှတဲ့ မျက်ခုံးမွှေးတွေကြောင့် အမြဲလှောင်ပြောင်ခံခဲ့ရပါတယ်။

ဒါ့အပြင် ယခုထုတ်လွှင့်မယ့်ရုပ်ရှင်မှာ "Angry Birds"တွေ နေထိုင်ရာကျွန်းက ငှက်တွေဟာ မပျော်သန်းနိုင်ကြပါဘူး။ ယင်းကျွန်းကို အစိမ်းရောင်ဝက်တွေရောက်ရှိလာပြီး ကျွန်းမှာရှိတဲ့ ငှက်တွေရဲ့ဥတွေကို ခိုးယူစားသောက်ဖို့ ကြိုးစားခဲ့တဲ့အတွက် ငှက်တွေနဲ့ တိုက်ပွဲတွေဖြစ်ကြတာကို တွေ့မြင်ကြရမှာပါ။ ယင်းတိုက်ပွဲဝင်ငှက်တွေကိုတော့ အနီရောင်ငှက်က ဦးဆောင်တာပဲ ဖြစ်ပါတယ်။

အဆိုပါရုပ်သံဖန်တီးမှု ဟာသရုပ်ရှင်သစ်ကို လာမယ့် မေလ ၂၀ ရက်မှာ အမေရိကန်တစ်ဝန်းမှာ စတင်ရုံတင်ပြသသွားမှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့် စုစည်းသည်**

# "The Godfather" သရုပ်ဆောင် အာဘေးဗီဂိုဒါ ကွယ်လွန်



နာမည်ကျော် မာဖီးယားဂိုဏ်းများအကြောင်း ရိုက်ကူးတင်ဆက်ထားသည့် "The Godfather" ရုပ်ရှင်တွင် အဓိကသရုပ်ဆောင်တစ်ဦးဖြစ်ခဲ့သော မင်းသားကြီး အာဘေးဗီဂိုဒါသည် ပြီးခဲ့သည့်အင်္ဂါနေ့က ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဖောက်ဇ်နယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

မင်းသားကြီးသည် ဇန်နဝါရီ ၂၆ရက်က အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဝုဒ်လန်းပါ့ခ်ရှိနေအိမ်တွင် အိပ်ပျော်နေရင်းမှ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သူသည် ကွယ်လွန်ချိန်တွင် အသက် (၉၄)နှစ်ရှိပြီဖြစ်ကာ မကွယ်လွန်မီက ဖျားနာခဲ့ခြင်းမရှိဘဲ ကျန်းကျန်းမာမာပင်ရှိနေခဲ့ကြောင်းလည်း သူ၏မိသားစုဝင်များက ပြောကြားခဲ့သည်။

ဗီဂိုဒါကို ၁၉၂၁ ခုနှစ်က နယူးယော့ခ်မြို့တော်တွင် မွေးဖွားခဲ့ပြီး ဒရမ်မာအနုပညာနှင့် ပတ်သက်သည့် ပြဇာတ်ကျောင်းတွင် အနုပညာကို စတင်ဆည်းပူးခဲ့သည်။ ၁၉၅၀ပြည့်နှစ်များ၏ အစောပိုင်းကာလတွင် ရုပ်သံဟာသဇာတ်လမ်းများ၌ စတင်ပါဝင်သရုပ်ဆောင်ခြင်းဖြင့် အနုပညာနယ်ပယ်သို့ ခြေလှမ်းစခဲ့သည်။ ထို့ပြင်သူသည် ပြဇာတ်သရုပ်ဆောင်တစ်ဦးအဖြစ်လည်း နှစ်ပေါင်းသုံးဆယ်ခန့် လှုပ်ရှားခဲ့သည်။ ထို့နောက် သူ၏ပထမဦးဆုံးသော အော်စကာဆုကို "The Godfather "ရုပ်ရှင်ဖြင့် ၁၉၇၂ခုနှစ်တွင် ရရှိခဲ့သည်။

# "One Direction"၏ တေးဗီဒီယိုသစ်ထုတ်လွှင့်

ဗြိတိန်နာမည်ကျော် ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ ဖြစ်သည့် "One Direction" သည် အဖွဲ့၏ တေးသီချင်းသစ်တစ်ပုဒ်ဖြစ်သော "History"၏ တေးဗီဒီယိုကို ပြီးခဲ့သည့် အင်္ဂါနေ့က ထုတ်လွှင့်ခဲ့ကြောင်း ယူပီအိုင်ဒေါ့ကွန်းက ဖော်ပြခဲ့သည်။

အဆိုပါတေးဗီဒီယိုတွင် အဖွဲ့စတင်ဖွဲ့စည်းခဲ့ရာ "The X-Factor" ပြိုင်ပွဲကြီးမှ ပုံရိပ်များဖြင့် အစပြုထားပြီး အဖွဲ့၏ဂီတသက်တမ်း ငါးနှစ်တာကာလအတွင်းက ပုံရိပ်များဖြင့် ရိုက်ကူးတင်ဆက်ထားသည်။ ထို့ပြင် အဖွဲ့ကို အားပေးခဲ့ကြသော ပရိသတ်များ၏ပုံရိပ်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ယင်းတေးသီချင်းသည် အဖွဲ့၏ ပဉ္စမမြောက်စတူဒီယိုတေးအယ်လ်ဘမ်ဖြစ်သော "Made in the A.M."တွင် ပါဝင်သည့် တေးသီချင်းတစ်ပုဒ်ဖြစ်သည်။ အဆိုပါ စတူဒီယိုတေးအယ်လ်ဘမ်သည် စတင်ဖြန့်ချိသည့်ရက်မှ တစ်ပတ်အတွင်း ကူးယူမှုပေါင်း လေးသိန်းခန့်ရောင်းချခဲ့ရပြီး ဘေဘုတ်ပေါ်ရှိ အကျော်ကြားဆုံးသော တေးသီချင်း ၂၀၀ စာရင်းတွင် နံပါတ်နှစ်နေရာ၌ ရပ်တည်နေခဲ့သည်။ လတ်တလောတွင် "One Direction" သည် အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုများကို ရပ်နားထားသည်။

# ပရိဘောဂပြပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ MYANMAR INTERNATIONAL FURNITURE EXPO - 2016 နှင့် ပရိဘောဂပြပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်ထိ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသသွားမည်ဖြစ်သည်။

အဆိုပါပြပွဲ ပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း အောင်မြင်လျက်ရှိသော ပရိဘောဂလုပ်ငန်းရှင်များနှင့် အခြေခံလုပ်ငန်းငယ်များလုပ်ဆောင်နေကြသော ပရိဘောဂလုပ်ငန်းရှင်များအတွက် ပိုမိုကျယ်ပြန့်အောင်မြင်လာပြီး အသေးစားပရိဘောဂ လုပ်ငန်းရှင်များမှ အကြီးစားပရိဘောဂ လုပ်ငန်းရှင်ကြီးများဖြစ်ပေါ်ခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေတိုးကာ ပိုမိုအကျိုးရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်တောထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဒေါက်တာစိန်ဝင်းက ပြောသည်။

မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်သူက "ဒီပြပွဲဟာ ဒီနှစ်အတွက် ပထမဆုံးပြုလုပ်မယ့်ပရိဘောဂပြပွဲပါ။ ပြပွဲမှာပြသတဲ့ ပရိဘောဂပစ္စည်းတွေဟာ အများပြည်သူ ဝယ်ယူနိုင်တဲ့ဈေးနှုန်းအတိုင်းတွေ ဖြစ်ပါတယ်။ ဈေးနှုန်း Promotion လုပ်ပြီးပြခန်းများမှ တစ်ဆင့် ပြပွဲလာပရိသတ်များအတွက် ရောင်းချပေးသွားမှာပါ။ နိုင်ငံရပ်ခြားကို ကုန်ပစ္စည်းတင်သွင်းတာထက်စာရင် ဒီနိုင်ငံမှာပဲ ထုတ်လုပ်ရောင်းချကြမယ့် မြန်မာနိုင်ငံမှာရှိနေကြတဲ့ ပရိဘောဂလုပ်ငန်းရှင်များ ပိုမိုများပြားလာကြမယ်ဆိုရင် ပြည်သူများဝယ်ယူရာမှာလည်း ဈေးနှုန်းပိုမိုသက်သာလာပါလိမ့်မယ်။ လာမယ့် မတ်လအတွင်းမှာလည်း စင်ကာပူနိုင်ငံမှာ ပြုလုပ်မယ့်အာဆီယံ FURNITURE ပြပွဲအတွက် ကျွန်တော်တို့အသင်းသုံးသင်းပူးပေါင်းပြီး မြန်မာနိုင်ငံကထွက်ရှိတဲ့ သစ်၊ ဝါးပစ္စည်းတွေနဲ့ ပြုလုပ်ထားတဲ့ ပရိဘောဂပြပွဲကို ကျင်းပဖို့ စီစဉ်ထားပါသေးတယ်" ဟု ဆိုသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ပထမဦးဆုံးအကြိမ် စတင်ပြသခဲ့သော မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းကျင်းပသည့် ကုမ္ပဏီပေါင်း ၃၃ ခု မှ ခင်းကျင်းပြသခဲ့သော ပရိဘောဂပြပွဲ၌ ဝင်ရောက်ကြည့်ရှုကြသော ပြပွဲလာပြည်သူ ၅၀၀၀ ကျော် ရှိခဲ့ကြောင်း၊ စက်တင်ဘာလတွင် ဒုတိယအကြိမ်ပြသခဲ့သော ပရိဘောဂပြပွဲ၌လည်း ကုမ္ပဏီပေါင်း ၃၆ ခုမှ ခင်းကျင်းပြသခဲ့ပြီး ဝင်ရောက်ကြည့်ရှုကြသော ပြပွဲလာပြည်သူ ၆၀၀၀ ကျော်ထိ မြင့်တက်ခဲ့ကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီတွင် စတင်ပြသမည့် ပရိဘောဂပြပွဲ၌လည်း ကုမ္ပဏီပေါင်း ၃၆ ခုမှ ပြခန်းပေါင်း ၁၆၄ ခန်းဖြင့် ပရိဘောဂပစ္စည်းများအား ထည့်သွင်းပြသသွားမည်ဖြစ်ပြီး ပြပွဲလာပြည်သူများမှာ ယခင်နှစ်ထက် ပိုမိုများပြားလာနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းတို့က စင်ကာပူနိုင်ငံ၌ ပူးပေါင်းကျင်းပမည့် အာဆီယံ FURNITURE ပြပွဲကို မတ် ၉ ရက်မှ ၁၂ ရက် ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ထိုပြပွဲတွင် ကုမ္ပဏီပေါင်း ၁၂ ခုမှ ပရိဘောဂလက်မှုအသင်းများက ပန်း ၁၀ မျိုးကို အသားပေးပြသသွားမည်ဖြစ်ပြီး ရုပ်သေးပစ္စည်းများ၊ ပရိဘောဂပစ္စည်းများအား စုံလင်စွာ ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

**စိုးဝင်း-MLA**

# ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲတွင် ဂျိုကိုဗစ်ချ်နှင့် ဖက်ဒဲရာ တွေ့ဆုံယှဉ်ပြိုင်ရမည်

ဩစတြေးလျအိုးပင်း အမျိုးသားတစ်ဦးချင်းပွဲစဉ် အကြိုဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိလာပြီဖြစ်ရာ ကမ္ဘာ့အဆင့်(၁) နိုဗက်ဂျိုကိုဗစ်ချ်နှင့် ဆွစ်တင်းနစ်ကစားသမား ရိုဂျာဖက်ဒဲရာတို့ တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ဂျိုကိုဗစ်ချ်က ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီကို ၆-၃၊၆-၂၊ ၆-၄ ဖြင့်လည်းကောင်း၊ ဆွစ်တင်းနစ်အကျော်အမော်ရိုဂျာဖက်ဒဲရာက သောမတ်စ်ဘာဒက်ချ်ကို ၇-၆(၇-၄)၊ ၆-၂၊ ၆-၄ ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီးနောက် အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဂျိုကိုဗစ်ချ်နှင့် ဖက်ဒဲရာတို့နှစ်ဦး (၄၅)ကြိမ်မြောက် ထိပ်တိုက်တွေ့ဆုံမှုအဖြစ် ဇန်နဝါရီ ၂၈ ရက်(ယနေ့) တွေ့ဆုံယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။

သူတို့နှစ်ဦးနောက်ဆုံးအကြိမ်တွေ့ဆုံမှုမှာ ၂၀၁၅ ခုနှစ် ယူအက်စ်အိုးပင်းဗိုလ်လုပွဲတွင်ဖြစ်ပြီး ယင်းပွဲစဉ်တွင် ဂျိုကိုဗစ်ချ်က အနိုင်ယူဗိုလ်စွဲနိုင်ခဲ့သည်။ စုစုပေါင်း (၄၄)ကြိမ်ထိပ်တိုက်တွေ့ဆုံခဲ့ရာတွင် တစ်ဦးကို တစ်ဦး (၂၂)ကြိမ်စီအနိုင်ရအောင်ကစားနိုင်ခဲ့သဖြင့် မှတ်တမ်းများအရ မည်သူကမျှ အသာယူနိုင်ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် ယခုနောက်ပိုင်းယှဉ်ပြိုင်သည့် ပွဲစဉ်များတွင် ဂျိုကိုဗစ်ချ်ကသာ ပိုမိုအသာရအောင် ကစားနိုင်ခဲ့ပြီး ဖက်ဒဲရာမှာ ၂၀၁၅ ခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ဂရင်းစလင်းဗိုလ်လုပွဲစဉ်နှစ်ပွဲ(ဝင်ဘယ်လ်ဒန်အိုးပင်း၊ ယူအက်စ်အိုးပင်း)တွင်လည်း ဂျိုကိုဗစ်ချ်၏ လက်စွမ်းကို မယှဉ်နိုင်ခဲ့ပေ။

ဂျိုကိုဗစ်ချ်မှာ လက်ရှိကမ္ဘာ့အဆင့်(၁)နေရာကို ရယူထားနိုင်သူဖြစ်သလို ယခုအချိန်တွင် သူ၏လက်ရည်ကို ယှဉ်ပြိုင်ကစားနိုင်သည့် ကစားသမားမျိုးရှားပါးနေသည့် အနေအထားရောက်ရှိနေပြီဟု ဆိုရမလောက်ပင် လက်စွမ်းထက်နေသူဖြစ်သည်။ လက်ရှိကျင်းပလျက်ရှိသည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲ၏ အဓိက ကစားကွင်းဖြစ်သော "မဲလ်ဘုန်းပွဲခ်"ကိုပင် "နိုဗက်ကမ္ဘာ"ဟု တင်စားကာ ပရိသတ်များက ကွင်းလုံးပြည့် အားပေးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဂျိုကိုဗစ်ချ်သည် ဩစတြေးလျအိုးပင်း၏ လက်ရှိချန်ပီယံဖြစ်သလို ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တစ်လျှောက်တွင်လည်း အခက်အခဲမရှိ ကစားနိုင်ခဲ့သည်။

ဖက်ဒဲရာမှာမူ ဂရင်းစလင်းချန်ပီယံဆုများ၏ စံချိန်ရှင်တစ်ဦးဖြစ်သော်လည်း အသက်(၃၄)နှစ်ကျော်လွန်လာခဲ့ပြီဖြစ်သဖြင့် သူ၏ အကောင်းဆုံးပုံစံကို ထိန်းသိမ်းရန်မလွယ်ကူတော့သည့်အနေအထားပင်။ အထူးသဖြင့် ဂျိုကိုဗစ်ချ်ကဲ့သို့ လျင်မြန်ပြီး အတွေ့အကြုံရင့်ကစားသမားမျိုးနှင့် ယှဉ်ပြိုင်ရာတွင် သက်လုံကျဆင်းမှုပြဿနာကြောင့် ချန်ပီယံဆုများနှင့်ဝေးကွာနေခဲ့ရသူဖြစ်သည်။ ထို့ကြောင့် ယခုတစ်ကြိမ်တွင်လည်း ဂျိုကိုဗစ်ချ်ကို နောက်ကောက်ချကာ ဗိုလ်လုပွဲကို တက်ရောက်ရန်အလားအလာနည်းနေသည်ဟု သုံးသပ်ရမည်ဖြစ်သည်။

"ဖက်ဒဲရာက တင်းနစ်ကစားရင် ပြိုင်ဘက်ကို ကြောက်လန့်သွားလောက်အောင် ကစားနိုင်သူဖြစ်ပါတယ်။ သူက ခံစစ်၊ ထိုးစစ်(တန်ပြန်ရိုက်ချက်၊ စပေးရိုက်ချက်)တွေမှာ အံ့ဩလောက်ဖွယ်ကစားနိုင်တဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ဘက်က သူ့ကိုရင်ဆိုင်ရရင် အလိုလိုဖိအားဝင်လာတော့ တာပါပဲ" ဟု ဂျိုကိုဗစ်ချ်က ချီးကျူးစကားဆိုခဲ့သည်။

ပရိသတ်များက ဖက်ဒဲရာအား ယခုနှစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲတွင် သူ၏ "လျှို့ဝှက်ထိုးစစ်"ကစားဟန်ဖြင့်ကစားပြသည်ကို ယခုထိဘာကြောင့် မတွေ့မြင်ရသေးသလဲဟု မေးမြန်းခဲ့ရာ ဖက်ဒဲရာက "ခင်ဗျားတို့ ကြည့်ချင်တာလား။ နောက်ပွဲကျရင် ကျွန်တော်ကစားပေးပါ့မယ်" ဟု ပြန်လည်ဖြေကြားခဲ့သည့်အတွက် ဇန်နဝါရီ ၂၈ ရက်(ယနေ့) ယှဉ်ပြိုင်မည့် အကြိုဗိုလ်လုပွဲမှာ လှပသည့်ကစားဟန်၊ ကြွယ်ဝသည့် နည်းဗျူဟာအခင်းအကျင်းများဖြင့် ယှဉ်ပြိုင်မည့် ပွဲစဉ်တစ်ပွဲအဖြစ် ပရိသတ်များ ရှုစားရတော့မည်ဖြစ်သည်။

(မေလှဲ့သင်း)

# စတုတ်စီးတီးကို အနိုင်ရရှိကာ ကက်ပီတယ်ဝမ်းဖလားဗိုလ်လုပွဲ လီဗာပူးတက်လှမ်း

ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် စတုတ်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စတုတ်စီးတီးအသင်းက သာမန်ပွဲကစားချိန်တွင် အနိုင်ရရှိခဲ့သော်လည်း ပထမအကျော့တွင် လီဗာပူးအသင်းက အနိုင်ရရှိခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ လီဗာပူးအသင်းက စတုတ်စီးတီးအသင်းအား ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိကာ ကက်ပီတယ်ဝမ်းဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

လီဗာပူးအသင်းသည် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သောကြောင့် နည်းပြဂျာဂန်ကလော့လက်ထက် ပထမဆုံးအကြိမ်အဖြစ် နောက်ဆုံးဗိုလ်လုပွဲကစားမည့် ဝင်ဘလေကွင်းကြီးဆီသို့ ပထမဆုံးအကြိမ် ဦးတည်လျှောက်လှမ်းနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

လီဗာပူးအသင်းနှင့် စတုတ်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် ဂိုးသမားမစ်ဂ်နိုလက်သည် ယခုပွဲစဉ်၏ အဓိက ကစားသမားဖြစ်ခဲ့ပြီး စတုတ်စီးတီးတိုက်စစ်မှူး ပီတာခရော့ချ်နှင့် မြူနီအီဆာတို့၏ ပင်နယ်တီသွင်းဂိုးများကို ကာကွယ်နိုင်သည်။ ထိုသို့ ကာကွယ်ပေးနိုင်ခဲ့သော်လည်း လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့ကမူ မစ်ဂ်နိုလက်ကာကွယ်ခဲ့သည့် ပင်နယ်တီသွင်းဂိုးနှင့် ဂျိုးအယ်လ်လန်းသွင်းယူခဲ့သည့် ပင်နယ်တီသွင်းဂိုးတို့ကို မကြည့်မိခဲ့ကြောင်း ဝန်ခံပြောကြားသွားခဲ့သည်။

လီဗာပူးအသင်း နောက်ဆုံးကစားခဲ့သည့် ကက်ပီတယ်ဝမ်းဖလားဆီမီးဖိုင်နယ်ပထမအကျော့ပွဲစဉ်များတွင် ရှစ်ပွဲအထိနိုင်ပွဲရရှိခဲ့သော သမိုင်းရှိခဲ့သော်လည်း နောက်ဆုံးဗိုလ်လုပွဲသို့ တစ်ကြိမ်မျှတက်လှမ်းနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ယခုတစ်ကြိမ်သည် လီဗာပူးအသင်းအတွက် ပထမဆုံးအကြိမ်လည်းဖြစ်သည်။ စတုတ်စီးတီးအသင်းမှာမူ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင် ခုနစ်ကြိမ်ထိပ်တိုက်တွေ့ဆုံမှုရှိခဲ့ရာ တစ်ပွဲသရေကျကာ ခြောက်ပွဲမှာ ရှုံးပွဲကြုံခဲ့ပြီး ယခင်က တစ်ပွဲမျှအနိုင်ရရှိခဲ့ခြင်းမရှိခဲ့ပေ။

လီဗာပူးအသင်းသည် စတုတ်စီးတီးအသင်းအား အနိုင်ရရှိကာ ကက်ပီတယ်ဝမ်းဖလားနောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီး အခြားဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် မန်စီးတီးအသင်းနှင့် အဲဗာတန်အသင်းတို့ နှစ်သင်းထဲမှ တစ်သင်းနှင့် ဝင်ဘလေကွင်းကြီးထဲတွင် ရင်ဆိုင်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

(ငွေကြယ်)

# နျူးကမ့်ကွင်းမှာ အက်သလက်တီကိုက ဘာစီလိုနာကို ဘယ်လိုအနိုင်ရအောင်ကစားမလဲဆိုတာ စောင့်ကြည့်ရမယ်

## စပိန်လာလီဂါရင်ခုန်သံ – ၂၂

***စပိန်လီဂါပြိုင်ပွဲရဲ့ ပွဲစဉ်(၂၂)ကို လာမယ့် ဇန်နဝါရီ ၃၀၊ ၃၁ ရက်နဲ့ ဖေဖော်ဝါရီ ၁၊ ၂ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာ ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ ဆုံတွေ့တဲ့ပွဲစဉ်ပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိမှာ သေချာနေကာ ဘာစီလိုနာတို့ အိမ်ကွင်းမှာ နိုင်ပွဲရပ့်ါမလား စောင့်ကြည့်ရမယ်။***

ရှိုင်းမင်းမင်း

**ဘာစီလိုနာ - အက်သလက် ည ၉း၃၀ (၃၀-၁-၁၆)**

နှစ်သင်းစလုံး ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေပါတယ်။ ဒါပေမယ့် အက်သလက်တီကိုထက် ဘာစီလိုနာရဲ့ ကွင်းလယ်ကစားပုံနဲ့ ထိုးဖောက်အားက ပိုမိုကောင်းမွန်မှုရှိနေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ပထမအကျော့တုန်းကတော့ ဘာစီလိုနာတို့တစ်ဂိုးတည်းနဲ့ နိုင်ခဲ့ပေမယ့် ဒီပွဲမှာတော့ နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရမယ်။

**အီဘား - မာလာဂါ ည ၁၁း၄၅ (၃၀-၁-၁၆)**

ပထမအကျော့မှာတုန်းက မာလာဂါကွင်းမှာ ဂိုးမရှိသရေကျခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အီဘားရဲ့ ကစားပုံက ပိုပြီးကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေတယ်။ အထူးသဖြင့် အီဘားဟာ အိမ်ကွင်းကစားအား ပိုမိုကောင်းမွန်တတ်လို့ မာလာဂါကိုထိန်းချုပ်ကစားသွားနိုင်မှာပါ။ အီဘားတို့နိုင်ပွဲရမယ်။

**ဂီတာဖေး - ဘီဘာအို ည ၁၁း၄၅ (၃၀-၁-၁၆)**

ဂီတာဖေးရဲ့ လက်ရှိ ခြေစွမ်းပိုင်းမဆိုးပါဘူး။ နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာလည်း အက်စ်ပန်ညိုကို ဂိုးပြတ်အနိုင်ရခဲ့သလို အိမ်ကွင်း ၁၁ ပွဲမှာလည်း နှစ်ပွဲသာ ရှုံးနိမ့်ခဲ့ပါတယ်။ ဘီဘာအိုကတော့ အသင်းလိုက် ကစားပုံမဆိုးပေမယ့် အဝေးကွင်းတွေမှာ ရုန်းကန်ရတတ်ပါတယ်။ ဂီတာဖေးပဲ အိမ်ကွင်းမှာ အနိုင်ရမယ်။

**ဗီလာရီးယဲလ် - ဂရန်နာဒါ နံနက် ၂း၀၀ (၃၁-၁-၁၆)**

ဗီလာရီးယဲလ်ဟာ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်ပါတယ်။ အထူးသဖြင့် ဗီလာရီးယဲလ်ဟာ အိမ်ကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်ပြီး အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးသလို ခံစစ်ကစားပုံလည်း ကျစ်လျစ်မှုရှိပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအားနည်းမှုတွေများတဲ့ ဂရန်နာဒါကို ဖိအားပေးသွားနိုင်မှာပါ။ ဗီလာရီးယဲလ်ပဲ အနိုင်ရမယ်။

**ဆိုစီဒက် - ဘက်တစ် နံနက် ၃း၁၅ (၃၁-၁-၁၆)**

နောက်ဆုံးပွဲစဉ်မှာ ဂီဂျွန်ကိုတောင်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ ဆိုစီဒက်ခြေကအားနည်းမှုတွေများလွန်းပါတယ်။ ဒါပေမယ့် ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့် အမှတ်ပြန်ရရှိရေး အားစိုက်လာမှာသေချာနေပါတယ်။ ဒ့်ါအပြင် ဘက်တစ်ကလည်း ခြေစွမ်းအားနည်းပြီးအဝေးကွင်းမှာ ခြေပိုမငြိမ်တတ်လို့ ဆိုစီဒက် နိုင်ပွဲပြန်ရနိုင်တယ်။

**ဆီဗီလာ - လီဗန်တေး ညနေ ၅း၃၀ (၃၁-၁-၁၆)**

ဆီဗီလာဟာ အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာ မာလာဂါကို အနိုင်ရရှိခဲ့သလို အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ အသင်းဖြစ်တယ်။ အိမ်ကွင်း ၁၁ ပွဲမှာ ကိုးပွဲအထိ အနိုင်ရရှိထားပါတယ်။ လီဗန်တေးကတော့ တန်းမဆင်းရဖို့ ကြိုးစားရုန်းကန်နေသလို ကစားပုံမဆိုးပေမယ့် အဝေးကွင်းခြေနဲ့ ခံစစ်က အားနည်းပါတယ်။ ဆီဗီလာအနိုင်သေချာတဲ့ပွဲပါ။

**ဗလင်စီယာ - ဂီဂျွန် ည ၉း၃၀ (၃၁-၁-၁၆)**

ဂယ်ရီနဗီးလ်လက်ထက်မှာ ဗလင်စီယာခြေက တိုးတက်မလာပါဘူး။ အိမ်ကွင်းမှာတောင် ရှုံးပွဲမရှိဘူးဆိုပေမယ့် သရေပွဲတွေ များလွန်းနေတယ်။ ဂီဂျွန်ကတော့ တန်းမဆင်းရရေး အားစိုက်ကစားနေသလိုကစားပုံလည်း ကောင်းမွန်လာတယ်။ ဗလင်စီယာဒီပွဲမှာလည်း အခက်တွေ့နိုင်ခြေရှိပြီး နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

**လက်စ်ပဲလ်မက်စ်-ဆယ်လ်တာဗီဂို ည ၁၁း၄၅(၃၁-၁-၁၆)**

လက်စ်ပဲလ်မက်စ်က အခုနောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့ကြိုးစားကစားနေတယ်။ ကစားပုံလည်း မဆိုးသလို အိမ်ကွင်းနောက်ဆုံးသုံးပွဲမှာ အက်သလက်တီကို တစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့တယ်။ ဒါပေမယ့် ဆယ်လ်တာဗီဂိုကလည်း ခြေစွမ်းမဆိုးဘူး။ အကြိတ်အနယ်ရှိနိုင်ပြီး ဆယ်တာဗီဂိုကပ်နိုင်ခြေရှိတယ်။

**ရီးယဲလ် - အက်စ်ပန်ညို နံနက် ၂း၀၀ (၁-၂-၁၆)**

ပထမအကျော့တုန်းက အက်စ်ပန်ညိုကွင်းမှာ ရီးယဲလ်တို့က ခြောက်ဂိုးပြတ်နဲ့အနိုင်ရရှိခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ရီးယဲလ်ဟာ ဇီဒန်းရဲ့ဦးဆောင်မှုနဲ့ ခြေစွမ်းပိုင်း ထက်မြက်နေပြီး အိမ်ကွင်းလည်းဖြစ်တာကြောင့် အက်စ်ပန်ညိုကို ဖိအားပေးထိန်းချုပ်သွားနိုင်မှာပါ။ ရီးယဲလ်ကသာ အိမ်ကွင်းမှာ နိုင်ပွဲရသွားဖို့သေချာပါတယ်။

**ဒီပို့တီဗို - ဗယ်လက်ကာနို နံနက် ၂း၀၀ (၂-၂-၁၆)**

ဒီပို့တီဗိုက အခုနောက်ပိုင်းရလဒ်တွေဆိုးနေလို့ အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် ဗယ်လက်ကာနိုကလည်း အခုနောက်ပိုင်းမှာ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ခံကစားပုံလည်းမဆိုးဘူး။ အထူးသဖြင့် အခုနောက်ပိုင်းမှာ ဒီပို့တီဗိုရဲ့ တိုက်စစ်ကစားပုံအားနည်းနေလို့ ဒီပို့တီဗိုအနိုင်ရရင်တောင် ပြတ်သားဖို့ခက်တယ်။

# လားရှိုး၌ သိမ်းဆည်းရမိသည့် လောင်းကစားပစ္စည်းများအား မီးရှို့ဖျက်ဆီး

**လားရှိုး ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီခန့်က လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် နယ်မြေ(၉)ရှိ အမှတ် (၄) နယ်မြေရဲစခန်းနောက်ကွင်းပြင်၌ ၂၀၁၄-၂၀၁၅ ခုနှစ် လားရှိုးမြို့နယ်အတွင်း သိမ်းဆည်းရမိသည့် လောင်းကစားပစ္စည်းများအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ခုနှစ် လားရှိုးမြို့နယ်အတွင်း သိမ်းဆည်းရမိသည့် လောင်းကစားပစ္စည်းများမှာ ငါးမန်းစက် ခြောက်လုံး၊ အကြွေစေ့ဖြင့် ထည့်၍ကစားရသော ဂိမ်းစက် ၁၃၃ လုံး စုစုပေါင်း ၁၃၉ လုံးဖြစ်ပြီး ယင်းပစ္စည်းများအား ရှမ်းပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူး၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# အရှိန်မထိန်းနိုင်သည့် ကွန်တိန်နာယာဉ် အိမ်နှစ်လုံးကို ဝင်တိုက်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်) ရပ်ကွက် ကမ်းနားလမ်း၌ ဇန်နဝါရီ ၂၅ ရက် ည ၉ နာရီခန့်က ကွန်တိန်နာယာဉ်တစ်စီး အရှိန်မထိန်းနိုင်မှုကြောင့် အိမ်နှစ်လုံးကို ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့က နေလင်းဦး မောင်းနှင်ပြီး ကျော်ဇင်ဦး လိုက်ပါလာသည့် 5B/-------- ကွန်တိန်နာယာဉ်သည် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာစဉ် ကြည့်မြင်တိုင်မြို့နယ် နိဗ္ဗာန်လမ်းထိပ် အရောက်၌ ဂါလီတစ်စီးအား ရှောင်ရာမှ နိဗ္ဗာန်လမ်းနှင့် သရက်တော (၅)လမ်းအကြား ရှိ နေအိမ်ရှေ့ခန်းအတွင်းသို့ ဝင်တိုက်ပြီး ကပ်လျက်ရှိ နေအိမ်၏ ရှေ့မျက်နှာတို့အား ထပ်မံဝင်တိုက်မိခဲ့သည်။

ယင်းအိမ်အတွင်းမှ မိသားစုများ ထိခိုက်မှုမရှိကြောင်းနှင့် ကွန်တိန်နာယာဉ်မောင်း နေလင်းဦးတွင် နှုတ်ခမ်းနှင့် ဘယ်လက် အနည်းငယ်ထိခိုက်မှုရှိပြီး ယာဉ်ပေါ်တွင်ပါလာသူ ကျော်ဇင်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား တာဝန်ရှိသူများက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ငွေကျပ် ၂၅၉ သိန်းဖိုးခန့်ရှိ ဟန်းဆက်များ ခိုးယူခံရ

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေး ချမ်းအေးသာစံမြို့နယ်(၂၆)လမ်း၊ (၇၉)လမ်းနှင့် လမ်း(၈၀)ကြား Mobile Mother ဖုန်းအရောင်းဆိုင် ဆိုင်တာဝန်ခံ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ မြတ်စိုးအောင်သည် ဝေလင်းဦးနှင့်အတူ ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခန့်က ဆိုင်ဖွင့်စဉ် လှေကားဒုတိယတံခါးနှင့် အပေါ်ဆုံးထပ်ရှိတံခါးမှာ ပျက်စီးနေသဖြင့် စစ်ဆေးရာ ကောင်တာများရှိ သော့များ ပျက်နေသည်ကို တွေ့ရသည်။

ယင်းနောက် ကောင်တာအတွင်း ထားရှိသော ဟန်းဆက် ၁၂ မျိုး၊ ၁၃၈ လုံး (တန်ဖိုးငွေကျပ် ၂၅၉ သိန်းခန့်) ပျောက်ဆုံးနေကြောင်း သိရသဖြင့် ကိုမြတ်စိုးအောင်က ချမ်းအေးသာစံမြို့နယ် မြို့မရဲစခန်းသို့ တိုင်တန်းရာ ယင်းရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ထိုင်းနိုင်ငံသားနှစ်ဦးထံမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**တာချီလိတ် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ဆွိဒရင်းဝေါလ် တည်းခိုခန်းတွင် လာရောက်တည်းခိုနေသော ထိုင်းနိုင်ငံသားနှစ်ဦးထံမှ လက်နက်ခဲယမ်းများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက သိမ်းဆည်းရမိကြောင်း မြို့မရဲစခန်းမှ သိရသည်။

ဇန်နဝါရီ ၂၅ ရက် ည ၁၂ နာရီ ၁၅ မိနစ်က ထိုင်းနိုင်ငံသားတစ်ဦး ပစ္စတိုသေနတ်တစ်လက်ဖြင့်ရောက်ရှိနေကြောင်း သတင်းအရ မြို့မရဲစခန်းနှင့် တာဝန်ရှိသူများက တည်းခိုခန်း အခန်းအမှတ် (A-1)အား ဝင်ရောက်ရှာဖွေရာ အခန်းအတွင်း၌ ထိုင်းနိုင်ငံသား နှစ်ဦးအား တွေ့ရှိရပြီး အိပ်ရာဘေး၌ မူးယစ်ဆေးဝါးရှူရာတွင် အသုံးပြုသည့် ပိုက်တပ်လျက် ဖန်ပုလင်းတစ်လုံး၊ ဖုန်းတစ်လုံး၊ အိပ်ရာခြေရင်းရှိ ပလတ်စတစ်အံဆွဲအတွင်းမှ ပစ္စတိုသေနတ် တစ်လက်၊ 9MM ကျည် ၁၁ တောင့်ပါ ကျည်ကတ်တစ်ခု၊ ကျည် ၁၀ တောင့်ပါ ကျည်ကတ်တစ်ခု၊ ကျည်အတောင့် ၅၀ ပါ ကျည်ဘူးတစ်ဘူး၊ ကျည် ၄၇ တောင့်ပါ ကျည်ဘူးတစ်ဘူး စုစုပေါင်း ကျည် ၁၁၈ တောင့်၊ အခြားအထောက်အထားပစ္စည်းများနှင့် တိုယိုတာကားတစ်စီး (လိုင်စင်မဲ့) တို့ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

အဆိုပါ တရားမဝင်လက်နက်ခဲယမ်းများ လက်ဝယ်ထားကိုင်ဆောင်သူ ထိုင်းနိုင်ငံသား နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**


## နေပြည်တော် လယ်ဝေးချမ်းမြေ့ရိပ်သာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ကြီး၏ ရုပ်တုတော်ဖွင့်ပွဲနှင့် ဓမ္မပူဇာတရားပွဲကြီးကို အောက်ပါအစီအစဉ်အတိုင်း (၅)ညတိုင်တိုင် ကျင်းပမည်ဖြစ်ပါသည်

၁။ အရှင်ဇနကာဘိဝံသ (ချမ်းမြေ့ဆရာတော်ကြီး)
၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၇း၀၀ နာရီ
၂။ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်ကြီး)
၁-၂-၂၀၁၆ ရက်(တနင်္လာနေ့) ည ၇း၀၀နာရီ
၃။ အရှင်ပညာနန္ဒာဘိဝံသ (ချမ်းမြေ့ရိပ်သာ- ပြင်ဦးလွင်)
၂-၂-၂၀၁၆ရက်(အင်္ဂါနေ့) ည ၇း၀၀ နာရီ
၄။ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်ကြီး)
၃-၂-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၀၀ နာရီ
၅။ ဒေါက်တာအရှင်ကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်ကြီး)
၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) ည ၇း၀၀ နာရီ

ဆက်သွယ်လှူဒါန်းရန်

| | |
|---|---|
| ၁။ ရန်ကုန်မြို့ | ဦးစောလှိုင် (ဥက္ကဋ္ဌ၊ ရန်ကုန်ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့) ဖုန်း-၀၉ ၅၅၁၄၇၁၁ |
| ၂။ နေပြည်တော် လယ်ဝေးမြို့ | ဒေါက်တာစိုးဝင်း (ဥက္ကဋ္ဌ၊ တရားပွဲဖြစ်မြောက်ရေးကော်မတီ၊ နေပြည်တော် လယ်ဝေးမြို့) ဖုန်း ၀၉ ၄၅၈၀၂၀၉၄၄၊ ၀၉၄၉၃၃၄၉၄၄ |
| ဘဏ်စာရင်းအမှတ် | ဦးစိုးဝင်း [ကမ္ဘောဇဘဏ် (လယ်ဝေး)- ၁၀၅၁၂၁၀၀၀၂၁၃၄] |
| | ဦးစိုးဝင်း [ရေဝတီဘဏ် (လယ်ဝေး) ၀၁၀၃၂၀၁၀၁၀၀၀၈၉၇၈] |

## ဝန်ထမ်းအလိုရှိသည်။

★ Air-Con Technician (၅) ဦး
★ ကျွမ်းကျင်အကူ (၁၀) ဦး
★ အလုပ်သင်အကူ (၂၀) ဦး
နယ်ဝန်ထမ်းများဖြစ်ပါက နေ၊စား စားရိတ် စီစဉ်ပေးမည်။
အမှတ်(၁၃၀) ၉၄လမ်း၊ မြေညီ၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
09 253 58 2510, 09 979 751481

## ဧရာထိပ်တန်း ချောင်းသာ (နေ့စဉ်)

+ အလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ
+ ပုဂံ-ပုပ္ပါး၊ ရွှေသီတော်လေးဆူ၊ ပခုက္ကူ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းစမ်း
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ
ပေလီ (ခေါက်ကြာ)
ငွေဆောင် (နေ့စဉ်)
01-701015, 09-5403844, 09-5044830

## ပစ္စည်းအဟောင်းများ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း(အင်ဂျင်နီယာဌာန)၊ အခြေစိုက်အလုပ်ရုံ(ပြည်)ရှိ သုံးစွဲပစ္စည်းအဟောင်း(၂)မျိုးကို(၁၅-၂-၂၀၁၆)ရက်နေ့နံနက်(၉)နာရီတွင် အောက်ဖော်ပြပါဌာန၌လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန် အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
အခြေစိုက်အလုပ်ရုံ-ပြည်မြို့
ဖုန်း ၀၅၃-၂၈၅၄၉

## PANDA (အင်ဂျင်နီယာအဖွဲ့) Since 1999

★ Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Boiler၊ ရေနွေးချိုးစက်များကို ပြုပြင်၊ တပ်ဆင်၊ ဆေးကြောပေးပါသည်။
★ Air-Con အသစ်များကို Dealer ဈေးနှုန်းအတိုင်းရောင်းပေးခြင်း၊
★ Air-Con အဟောင်းနှင့် အသစ် လဲလှယ်တပ်ဆင်ပေးခြင်း၊
★ Air-Con ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုပါသလား၊
ရိုးသား၊ ကြိုးစား၊ သွက်လက်ပြီး ဥာဏ်ရည်ထက်မြက်သော လူငယ်များကို အခမဲ့ သင်ကြားပေးပါသည်။ (လူဦးရေ ကန့်သတ်ထားသည်။)
09 7322 9024, 09 515 8803, 09 519 8402
အမှတ် ၁၃၀၊ ၉၄လမ်း၊ ဒေါ်သိန်းတင်ဘက်ထိပ်၊ မင်္ဂလာတောင်ညွန့်။
web: www.pandaaircon.com e-mail: knw@pandaaircon.com


## ပျောက်ဆုံးကြောင်း

ADVAMED MEDICAL INNOVATION CO.,LTD၏ သွင်းကုန်ထုတ်ကုန်လိုင်စင် အမှတ်-IL1 15_16 6187 17-12-2015 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉-၉၇၂၁၂၆၈၀၀

## အမည်ပြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရွာတောကျေးရွာမှ ကျွန်တော် ကိုသန်းဝင်းနိုင် [၉/တကန(နိုင်)၁၀၆၂၆၀] အား ကိုတင်မျိုးသူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ကိုတင်မျိုးသူ**


မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။


## မြန်မာနိုင်ငံသားများဘဏ်လီမိတက် အထူးအထွေထွေအစည်းအဝေးကြီး ကျင်းပမည့်နေ့ရက် ပြောင်းရွှေ့ခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အထူးအထွေထွေ အစည်းအဝေးကြီးကို ၃၀-၁-၂၀၁၆ရက်တွင် ကုန်သွယ်ရေးဦးစီးဌာန၊ ရန်ကုန်မြို့၌ ကျင်းပရန် ၁၆-၁-၂၀၁၆ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၁၉-၁-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့ပါသည်။

ယခုအခါ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများ ပြင်ဆင်ရန်လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်ပါ၍ အစည်းအဝေးကျင်းပမည့်နေ့ရက်အား ရွှေ့ဆိုင်းပါကြောင်းနှင့် ညှိနှိုင်းဆောင်ရွက်ချက်များပြီးပါက အစည်းအဝေး ခေါ်ယူမည့်နေ့ရက်အား ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြော်ငြာ

ဦးသန်းအောင်(ကွယ်လွန်)၊ ကျွန်တော် ဦးစောဝင်းနှင့် ဦးစောမင်းတို့ မိဘများဖြစ်ကြသော ဦးစောမြအောင်နှင့် ဒေါ်နုနုတို့ ပိုင်ဆိုင်အကျိုးခံစားခဲ့သည့် ဗိုလ်တထောင် စီအိုဒီဝင်းအတွင်းရှိ မြေကွက်ကို နိုင်ငံတော်မှသိမ်းယူခဲ့သည့်အတွက် မြေကွက်အစားပြန်လည်ရရှိရန် ဆောင်ရွက်ခဲ့ရာ၌ ကျွန်တော် ဦးစောဝင်း (အဖ-ဦးစောမြအောင်) [၁၀/အလန(နိုင်)၀၁၉၂၄၀]၊ ရန်ကုန်မြို့၊ ၁၀/မြောက်ရပ်ကွက်၊ နီလာလမ်းသွယ်(၄)၊ အမှတ်(၁၂)နေသူက နိုတြီဦးတင်ထွန်းရှေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၇၈၂၃/၂၀၁၄အရလည်းကောင်း၊ ကွယ်လွန်သူ ဦးသန်းအောင်၏ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ရာ [၁၄/မမန(နိုင်)၀၀၉၉၈၁] ရန်ကုန်မြို့၊ ဒဂုံတောင်မြို့နယ်၊ (၂၄)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၂၀)နေသူက နိုတြီ ဦးတင်ထွန်းရှေ့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၇၈၂၄/၂၀၁၄အရလည်းကောင်း၊ ဦးစောမင်း(အဖ-ဦးစောမြအောင်) [၁၂/ရကန(နိုင်)၀၆၀၂၄၆]၊ အမှတ်(၄၅၈)၊ (၄-လွှာ)၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေသူအား ကျွန်တော်၊ ကျွန်မတို့ကိုယ်စား ဆောင်ရွက်ပေးရန် အထွေထွေကိုယ်စားလှယ်လွှဲစာကို နိုတြီရှေ့တွင် လက်မှတ်ရေးထိုး လွှဲအပ်ခဲ့ပါသည်။

နိုင်ငံတော်မှ ကွယ်လွန်သူ ဦးစောမြအောင်နှင့်ဒေါ်နုနုတို့ ပိုင်ဆိုင်အကျိုးခံစားခဲ့သည့် မြေကွက်အသိမ်းခံရသည့်အတွက် အိမ်ခန်းတစ်ခန်းနှင့် နစ်နာကြေးငွေပေးရန် ဆောင်ရွက်ခဲ့ရာ၌ ကျွန်တော်၊ ကျွန်မတို့ ကိုယ်စားလှယ်လွှဲစာကို အသုံးပြုပြီး ဦးစောမင်းသည် ၎င်းတစ်ဦးတည်းအမည်ဖြင့် ၎င်းတစ်ဦးတည်း အကျိုးခံစားခွင့်ရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း သိရှိခဲ့ရသဖြင့် သက်ဆိုင်ရာဌာနအသီးသီးတွင် ၎င်းတစ်ဦးတည်းအား အကျိုးခံစားခွင့်မပြုရန် ကန့်ကွက်ထားပြီးဖြစ်ပါသည်။

ကျွန်တော်၊ ကျွန်မတို့က ဦးစောမင်းအား လွှဲအပ်ထားသော အထက်ဖော်ပြပါ ကိုယ်စားလှယ်စာများကို ရုပ်သိမ်းပါကြောင်းနှင့် ကျွန်တော်၊ ကျွန်မတို့၏ ကိုယ်စားလှယ်စာများကို အကြောင်းပြုပြီး ဦးစောမင်းမှ ဆောင်ရွက်ချက်မှန်သမျှကို ကျွန်တော်၊ ကျွန်မတို့က လက်ခံအသိအမှတ်ပြုမည်မဟုတ်ကြောင်း၊ မည်သည့်တာဝန်ကိုမှယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ယု၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၈)
အမှတ်-၂၉၊ (တတိယထပ်)၊ (၃၅)လမ်း၊ အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၃၂၆၅

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိရာ အပတ်စဉ် ကြာသပတေးနေ့တိုင်းတွင် စာရေးဆရာ "ဝင်းအောင်ကြီး"၏ ဆောင်းပါးများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ စာရေးဆရာဝင်းအောင်ကြီးသည် မောင်အောင်မွန် နာမည်ဖြင့် ဘာသာပြန်နှင့် ပင်ကိုရေးဝတ္ထုစာအုပ်များ ရေးသူလည်းဖြစ်သည်။

(စာတည်း)

ဝင်းအောင်ကြီး

# မြန်မာသတင်းစာတို့၏ ရွှေခေတ်

"စဟော့ဆိုကတည်းက တို့က သတင်းစာလွတ်လပ်ခွင့်ရခဲ့တာ၊သက်ဦးဆံပိုင်ဘုရင်ကလည်း သတင်းတန်ဖိုးနားလည်လို့ စာဖတ်ပရိသတ်တွေ တကယ့်သတင်းစာဖတ်ခဲ့ကြရတာ" ဟု သတင်းစာဘိုးအေများက ဂုဏ်ယူစွာပြောလေ့ရှိသည်။

အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို သူတို့ရဲ့ ကိုလိုနီဖြစ်ပြီဟု ၁၈၈၆ ခုနှစ်မှာ ကြေညာလိုက်သောအချိန်တွင် သတင်းစာနှင့်ပါ မိတ်ဆက်ပေးလိုက်သဖြင့် မြန်မာပညာတတ်များ အသိဉာဏ်ပွင့်လာကြပြီး နိုင်ငံရေးလှုပ်ရှားလာတတ်ရန် သတင်းစာတွေက ရေးသားညွှန်ပြပုံမှတ်တမ်းများ ကျွန်တော်လေ့လာဖတ်ခဲ့ရ၏။

မြန်မာပြည်ကိုသိမ်းပိုက်ထားသူ ဂျပန်တို့က ၁၉၄၂ ခုနှစ်အောက်တိုဘာလ ၃၀ ရက်မှစပြီး အစိုးရအာဘော်အဖြစ်ထုတ်ဝေသော ဗမာ့ခေတ်သတင်းစာကို ဖတ်ကြရသည်။ အိန္ဒိယနိုင်ငံသို့ ရောက်နေသူ ကွန်မြူနစ်ခေါင်းဆောင် တက်ဘုန်းကြီးသိန်းဖေ အင်္ဂလိပ်တို့နှင့် ပေါင်းပြီးထုတ်ဝေသည့် လေနတ်သားသတင်းလွှာ၊ အမေရိကန်ပြည်ထောင်စု၌ သောင်တင်နေသူ ဦးညိုမြရဲ့ ရွှေလင်းယုန်သတင်းလွှာတို့ လေကြောင်းမှ ချပေးသောကြောင့် လျှို့ဝှက်စွာဖတ်သူတွေဖတ်ခဲ့ကြရပုံ မှတ်တမ်းများရှိသည်။

စစ်ပြီးခေတ် ၁၉၄၅ ခုနှစ် မေလ ၁၀ ရက်နေ့မှာ ဗမာ့ခေတ်ကို ဦးအုန်းခင်က ပုဂ္ဂလိကသတင်းစာအဖြစ် ထုတ်ဝေခဲ့ရာ အောင်မြင်ကျော်ကြားပြီး သူလည်း ထင်ရှားသည့် သတင်းစာဆရာကြီးဖြစ်ခဲ့၏။ သူတို့လင်မယား ကွဲသွားတော့ ဦးအုန်းခင်က မိုးကြီးသတင်းစာထုတ်သလို ဇနီးဒဂုန်ခင်ခင်လေးဦးစီးသော ယုဝတီသတင်းစာလည်း အပြိုင်ထွက်လာ၏။

လေနတ်သားသတင်းလွှာဆရာတက်ဘုန်းကြီးကိုသိန်းဖေက ဗိုလ်တထောင်သတင်းစာကို ထူထောင်သူ အယ်ဒီတာချုပ် ဦးသိန်းဖေမြင့်ဖြစ်လာပြီ။ ရွှေလင်းယုန်သတင်းလွှာကို စီစဉ်သူ ဦးညိုမြကလည်း ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ တကသအာဘော် စာစောင်အတွက် သူပေးခဲ့သော နာမည်ကိုယူကာ အိုးဝေ သတင်းစာရဲ့ ဖခင်ဖြစ်လာခဲ့လေပြီ။

စစ်ပြီးခေတ် မြန်မာပြည်မှာ သတင်းစာများ တစ်ရှိန်ထိုးတက်လာခဲ့သည်။ အင်္ဂလိပ်ခေတ်ကတည်းက ရှိပြီးသားသူရိယ၊ မြန်မာ့အလင်း၊ ဟံသာဝတီတို့အပြင် ရန်ကုန်၊ ဟစ်တိုင်၊ သမာဓိ၊ စီးပွားရေး၊ တိုးတက်ရေးစသဖြင့်သတင်းစာအသစ်များပြားစုံလင်လှပါဘိ။

ဒုတိယကမ္ဘာစစ်ကြီးပြီးစ တစ်ကြိမ်မတော့ သတင်းထောက်အသင်းဆုံးဖြတ်ချက်အရ သတင်းစာ ၃၉ စောင်စလုံးက သတင်းလွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်ခဲ့ပုံ ကျွန်တော်ဖတ်ဖူးသည်။ ကြုံ၍ ပြောရ၊ ရေးရလျှင် လွှတ်တော်သတင်းထောက်များ၏ နေရာက ဗိုလ်ချုပ်အောင်ဆန်းရုံးနဲ့ ကပ်လျက်။

အင်္ဂလိပ်လို The New Times of Burma, The Burman တို့အပြင် နောက်ပိုင်းမှာ The Nation, တပ်မတော်က ထုတ်သောသည်ဟု ထင်ရသော The Guardian တို့ ကြိုက်ရာရွေးဖတ်နိုင်သလို Urdur, Hindi, Mindarin, Cantonese, စသော နိုင်ငံခြားဘာသာအပြင် တိုင်းရင်းသားတို့၏ရှမ်းသတင်းစာ၊ ကရင်သတင်းစာတွေ၊ မွန်သတင်းစာများတောင်ရှိခဲ့ဖူးတာပါ။ နယ်များမှာလည်း အခါအားလျော်စွာထုတ်ဝေကြသော သတင်းစာများနှင့်ဆို ဆယ်ဂဏန်းများ အထိရှိနိုင်သည်ဟု သတင်းသမားတစ်ယောက်အနေဖြင့် ဂုဏ်ယူစွာရေးပါရစေ။

မန္တလေးမှာ လူထု၊ မန်းသူရိယ၊ ဗဟိုစည်စသော သတင်းစာများ ထွက်နေသလို ရန်ကုန်တွင်လည်း ရပ်သည့်သတင်းစာရပ်၊ အသစ်ထွက်သည့်သတင်းစာထွက်နှင့် အားရစရာပါ။ ၁၉၅၇ ခုနှစ် ဧပြီလ ၁၇ ရက် ( မြန်မာနှစ်ဆန်းတစ်ရက်)မှာ ကြေးမုံ၊ အထောက်တော်နှင့် ပြည်တော်စိုးသတင်းစာ စတင်ထုတ်ဝေရာ တစ်နေ့ထဲ သတင်းစာအသစ် ၃ စောင်၊ ကမ္ဘာမှာရှား မြန်မာပြည်တွင်သာ တကယ်ရှိခဲ့တာပါ။

ဖဆပလထဲမှာ တစ်ချိန်က ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)သည် အင်အား ကြီးမားသည့် ပါတီ။ စည်းရုံးရေး ကောင်းရသောအကြောင်းများအနက် သူတို့ပါတီက ထုတ်ဝေသော ကွန်မြူနစ်နေ့စဉ်သတင်းစာနှင့် ပြည်သူ့အာဏာဂျာနယ်တို့ကြောင့် ထိုသို့အားကောင်းအောင် စည်းရုံးနိုင်ခြင်းဖြစ်ကြောင်း သုတေသီများက ဆိုကြ၏။

၁၉၅၂ ခုနှစ် ရွေးကောက်ပွဲကတည်းက အတိုက်အခံအမတ်ဦးရေတက်လာခဲ့ပြီး ၁၉၅၆ ခုနှစ်ကျတော့ ပမညတအတိုက်အခံ တပ်ဦးအမတ်များရသော လူထုထောက်ခံမဲက ၁၅ သိန်းကျော်၊ ဖဆပလက ၁၇ သိန်းဆိုတော့ သပ်မကွာတော့ပါ။ ထိုအခါမှာလူထုကိုစည်းရုံးဖို့ ဖဆပလအာဘော် မဏ္ဍိုင်သတင်းစာထွက်လာရပြီ။ အစိုးရသတင်းစာလုံးဝမဟုတ်ဘူးဆိုတာ စာဖတ်သူများသိစေချင်ပါသည်။

ဒီမိုကရေစီစနစ် ကျင့်သုံးသည်ဆိုပါလျှင် သတင်းစာလွတ်လပ်စွာထုတ်ဝေခွင့်ရှိရပြီး၊ သတင်းလွတ်လပ်ခွင့်ပေးခြင်းအားဖြင့် တိုင်းပြည်အုပ်ချုပ်သောအစိုးရအဖို့လည်း သတင်းစာများကို အားကိုးကြရသည်။ ယဉ်ကျေးပွင့်လင်းသောလူ့အဖွဲ့အစည်းများတွင် လူတိုင်းမိမိတို့ ကြိုက်နှစ်ရာသတင်းစာရွေးဖတ်ကြခြင်းသည် အခွင့်ထူးမဟုတ်၊ နေ့စဉ်လုပ်နေကျ ထမင်းစားရေသောက်။

မြန်မာပြည်တွင်လည်းသတင်းစာများသည် လက်ဝဲ၊ လက်ျာ၊အမျိုးသားရေးစသဖြင့် ကြိုက်ရာဝါဒရွေး သတင်းစာတော့ပီသခဲ့ကြ၍ စတုတ္ထမဏ္ဍိုင်ဖြစ်ခဲ့ရဖူးသည်။

၁၉၉၅ ခုနှစ် သတင်းပေါက်စလေးဘဝကနေ အအောင်မြင်ဆုံးသတင်းစာကြီး ကြေးမုံအယ်ဒီတာချုပ် ဦးသောင်းနှင့် သတင်းသမားလေး ဝင်းအောင်ကြီးတို့ အမေရိကန်မှာ ပြန်ဆုံကြစဉ် ကြေးမုံဦးသောင်းက"သတင်းစာတို့ခေတ်ကောင်းစဉ်ကာလ" ဟု ရည်ညွှန်းလေ့ရှိပြီး သူကွယ်လွန်ခြင်း ၃ နှစ်ပြည့်ဂုဏ်ပြုတွင် ကျွန်တော်က "သတင်းစာတို့ရဲ့ရွှေခေတ်"ဟု ဟောပြောရင်း ကင်မွန်းတပ်ခဲ့၏။

> ဒီမိုကရေစီစနစ် ကျင့်သုံးသည်ဆိုပါလျှင် သတင်းစာ လွတ်လပ်စွာထုတ်ဝေခွင့်ရှိရပြီး၊ သတင်းလွတ်လပ်ခွင့်ပေးခြင်းအားဖြင့် တိုင်းပြည် အုပ်ချုပ်သောအစိုးရအဖို့လည်း သတင်းစာများကို အားကိုးကြရသည်။ ယဉ်ကျေးပွင့်လင်းသော လူ့အဖွဲ့အစည်းများတွင် လူတိုင်းမိမိတို့ ကြိုက်နှစ်ရာသတင်းစာ ရွေးဖတ်ကြခြင်းသည် အခွင့်ထူးမဟုတ်၊ နေ့စဉ်လုပ်နေကျ ထမင်းစား ရေသောက်။



# ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေး ရှင်းလင်းဆွေးနွေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်ဆူတောကျေးရွာတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ADB ဘဏ်တို့ ပူးပေါင်းဆောင်ရွက်မည့် Empowering Poor Through Increasing Access To Energy Project ဒုတိယပိုင်း(Phase-II) ကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုလာဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန်အတွက် မိတ်ဆက်ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင်ကျင်းပခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ဝင်းက မိတ်ဆက်ရှင်းလင်းဆွေးနွေးပြီး၊ ဇမ္ဗူရစ်ပုလဲကုမ္ပဏီမှတာဝန်ရှိသူက ၎င်းတို့ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးမည့်အပိုင်းနှင့်ပတ်သက်၍လည်းကောင်း ADB ဘဏ်မှ တာဝန်ရှိသူက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန် ကူညီထောက်ပံ့ပေးမည့် အစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက်ကျေးရွာလူထုအား ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးရယူသုံးစွဲနိုင်မည့် နည်းပညာများကို လက်တွေ့ရှင်းလင်းပြသကြပြီး၊ ဆိုလာပြားကြီးများ အထိုင်တပ်ဆင်ထားရှိမည့်နေရာအား ကြည့်ရှုလေ့လာခဲ့ကြသည်။

ကြက်ဆူတောကျေးရွာသည် ကျောက်ပန်းတောင်းမြို့နှင့် ၂၅ မိုင်ကျော်ကွာဝေးပြီး၊ မဟာဓာတ်အားလိုင်းစနစ်ဖြင့် လျှပ်စစ်မီးရယူရန်ခက်ခဲသည့် ကျေးရွာဖြစ်သည့်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုလာစနစ်ဖြင့် မီးအလင်းရောင်ရယူသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်သည်။ ကုန်ကျစရိတ်အတွက်ဒေသခံကျေးရွာပြည်သူမှ ၂၀ ရာခိုင်နှုန်းကျခံရမည်ဖြစ်ပြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနနှင့် ADB ဘဏ်တို့မှ ဇမ္ဗူရစ်ပုလဲကုမ္ပဏီနှင့်ပူးပေါင်း၍ လိုအပ်သည့် နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိုလာမီးလင်းရေးလုပ်ငန်းကို ၂၀၁၆ ခုနှစ် ဧပြီလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ရာ၊ လုပ်ငန်းအားလုံးပြီးစီးပါက ကြက်ဆူတောကျေးရွာရှိ အိမ်ထောင်စု ၁၂၆ စုမှ လူဦးရေ ၅၃၀ တို့မှာ ဆိုလာမီးအလင်းရောင်ဖြင့် ပညာရေး၊ ကျန်းမာရေးနှင့်စီးပွားရေးကိစ္စများတိုးတက်ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# အချိန်ခါမဟုတ်မိုးရွာသွန်းခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**ကျောက်တံခါး ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဇန်နဝါရီ ၂၅ ရက် ညပိုင်းက အချိန်ခါမဟုတ် ရုတ်တရက် ရွာသောမိုးကြောင့် ဒေသခံ တောင်သူများ ဆန်စပါးကြိတ်ခွဲရောင်းချသူများနှင့် အုတ်ဖုတ်လုပ်ငန်းရှင်အချို့ ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုအခါ တောင်သူများဝမ်းစာစပါးကြိတ်ခွဲရန်အတွက် ကျောက်တံခါးမြို့ပေါ်ရှိ ဆန်စက်များတွင် စပါးကြိတ်ခွဲရန် အလှည့်ကျ စောင့်ဆိုင်းနေသော တောင်သူများနှင့် ဆန်စပါးကြိတ်ခွဲရောင်းချသူ ကုန်သည်များ၏ ဆန်နှင့် စပါးများမှာ ရွာသောမိုးကြောင့် ဆန်အိတ်၊ စပါးအိတ် ၁၀၀ လျှင် ၁၀ အိတ်ခန့်မှာ မိုးမိ၍ ပျက်စီးခဲ့ရသည်ဟု ဆန်၊ စပါးကြိတ်ခွဲရောင်းချသူ ဦးမိုနားက ပြောသည်။

ထို့အတူ ကျောက်တံခါးမြို့နယ်အတွင်းမှ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်နေသူများမှာလည်း ရုတ်တရက်ရွာသောမိုးကြောင့် နေလှန်းထားသော အုတ်များမှာ မိုးမိ၍ပျက်စီးခဲ့ရပြီး ယခုအချိန်ထိ မိုးမှာအုံ့ဆိုင်းကာ အားကောင်းနေပြီး မိုးဆက်လက် ရွာသွန်းမည်ကို စိုးရိမ်ကာ နေလှန်းအုတ်များအား မိုးကာများဖြင့် အုပ်ဆိုင်း၍ လုပ်ကိုင်နေရကြောင်း ခင်ကြီးကျေးရွာနေ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးသောင်းကြည်က ပြောသည်။

**ခင်ကို(ကျောက်တံခါး)**

# ဝက်လက်မြို့နယ်အခြေခံသမအသင်းများသို့ ချေးငွေထုတ်ချေး

**ဝက်လက် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး အသင်းစုချုပ်တို့မှတစ်ဆင့် ရရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချေးငွေများကို ဝက်လက်မြို့နယ် သမဝါယမအသင်းစုက ကျေးရွာ လယ်ယာကုန်ထုတ်သမအသင်းများသို့ ပဉ္စမအကြိမ် ထုတ်ချေးငွေများပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အသင်းစုရုံး၌ ကျင်းပခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးအောင်ကျော်စိုးနှင့် မြို့မ စခန်းမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးပေါ်ရွှင်က စတုတ္ထအကြိမ် ချေးငွေများပြန်လည်ပေးဆပ်ရာတွင် အစောဆုံးအကျေပေးဆပ်ခဲ့သော အခြေခံသမအသင်းများကို ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

Exim Bank ချေးငွေများကို သမဝါယမလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြင့်တင်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ ဝက်လက်မြို့နယ်အတွင်းရှိ သမအသင်း ၈၁ သင်းမှ အသင်းသား ၅၇၇၀ အား ငွေကျပ်သိန်း ၅၄၈၇ ကို ခြောက်လတစ်ကြိမ် ပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးခဲ့သည်။

ယခုပဉ္စအကြိမ်အထိ အသင်းပေါင်း၂၀၇ သင်းမှ အသင်းသားပေါင်း ၁၉၄၅၂ ဦးကို ချေးငွေ ကျပ်သိန်း ၂၅၉၂၇ ဒသမ ၂၃ အထိ တိုးမြှင့်ချေးပေးနိုင်သဖြင့် သမအသင်းများ၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်နွဲ့က ပြောသည်။

**နန်းမြင့်(ဝက်လက်)**

# ကျောက်ကြီးတွင် ရုတ်တရက် မိုးရွာသွန်းမှုကြောင့်စပါးနှင့် ပဲများပျက်စီး

**ကျောက်ကြီး ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် ဇန်နဝါရီ ၂၅ ရက် ညပိုင်းက ရုတ်တရက်မိုးရွာသွန်းမှုကြောင့် စပါးတလင်းသိမ်းနှင့် ပဲကောက်၊ ပဲနုတ်၊ ပဲလှမ်းထားသောဒေသခံတောင်သူများမှာ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်ကြီးမြို့နယ်တွင်းနေ တောင်သူများအား ဆက်သွယ်မေးမြန်းခဲ့ရာ "မထင်မှတ်ဘဲ မိုးရွာချလိုက်တော့ ဘာမှပြင်ဆင်ချိန်မရလိုက်ဘူး။ စပါးက အခုမှနယ်နေရတုန်း။ တလင်းထဲမှာ ဘယ်လိုတွေဖြစ်အုံးမယ် မသိပါဘူး" ဟု တောင်သူတစ်ဦးက ပြောပြခဲ့သည်။

"ပဲတီရွှေဝါတွေက ခုမှကောက်ပြီးလှမ်းထားတာ လေမိုးမိသွားတော့ ဈေးကပျက်ပါပြီ။ မိုးကတော့ တောင်သူတွေကို မရိုးတမ်းဒုက္ခပေးတာပဲ" ဟု ပဲစိုက်တောင်သူဦးစောတာလူးက ပြောပြသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING



TRW
ideas coming true
(BRNo.2009043560H)
No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ဧရာ
Treasure Publishing House
မဂ္ဂဇင်းအယ်ဒီတာအဖွဲ့မှ
ပြုစုသည်
ပြည်တွင်းမှာအသုံးပြုနေတဲ့
ထွက်ပြီ
2016
ဆေးဝါးပိတ်ဆက်နှင့်
အသုံးများဆေးဝါးလမ်းညွှန်

မြန်မာတစ်ပြည်လုံး ဖြန့်ချိရေး
ရတနာသိုက် တာပေတိုက်
အမှတ်-၁၄၂-(ပထမထပ်)၊ ၄၇ လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁- ၂၀၀၆၉၉၊ ၀၉ ၅၁ ၉၆၁၂၃၊ ၀၉ ၅၅၀ ၆၁၉၈

HEALTHY LIFE
ကျန်းမာလှပလူမှုဘဝဂျာနယ်
☎ ၀၉ ၇၈ ၅၁၈၅၆၇၆၊ ၀၉ ၅၀၈၀၀၆၅၊ ၀၉ ၅၁၃၀၉၆၆
♦ ဒေါက်တာမိုးအောင်ကျော်နိုင် (ကွမ်းယာနှင့်ဆီးကျောက်တည်ခြင်း) ♦ ကွမ်းကြိုက်လို့ကျောက်ကပ်ပျက်သွားတဲ့ လူနာ
♦ အမဲသားအစိမ်းစားလေ့ရှိသူ ဗိုက်ထဲ ပေ၂၀အရှည်တုပ်ပြားတွေ့ ♦ အာရှတွင် အသန့်ရှင်းဆုံး ရွာ ♦ နာစေးနေလျှင်
♦ ဒေါက်တာစိုးလွင် (သားဥအိမ်တွင် ရေအိတ်တည်ခြင်း) ♦ ကိုယ်ဝန်ရစေရန် သားအိမ်ထဲမျိုးစပ်သည့် ကိရိယာသစ်
♦ ၇ရက်အတွင်း ၁၇ ပေါင်ကျအောင် ♦ ရန်ကုန်ဆေးရုံကြီးရှိ ပင်မဆောင် ရှေးမူမပျက် အကြီးစားမွမ်းမံမှု ပြီးတော့မည်
♦ ပါမောက္ခဦးကိုကိုမောင်(သွားဝါခြင်း) ♦ အူမကြီးရောဂါများ ♦ ဓာတ်မတည့်မှုကြောင့် နှာစေးလျှင် ♦ ပန်းသေပန်းညှိုးခြင်း
♦ ဂျူမုံ၏ အမြှာသားသုံးဦးထိန်းနည်း ♦ ခြေဖနောင့်ကွဲလျှင် ♦ ဒေါက်တာဦးဇော်စိန်လွင် (အတင်းပြောတယ် ထင်နေသူ)
♦ မေဂရေစ်၏ ကျန်းမာလှပလူမှုဘဝ ♦ အဆိုတော်ရန်ရန်ချမ်း မိသားစုကျန်းမာရေးစသည် ဆောင်းပါးကောင်းများဖြင့်
Healthy Life ဂျာနယ် အမှတ်(၁၇)ကို ၂၉-၁-၂၀၁၆ ရက်နေ့(သောကြာနေ့)၌ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
Healthy Life ဂျာနယ်တွင်တာဝန်ထမ်းဆောင်ရန် Marketing ဝန်ထမ်းအလိုရှိသည်။ လစာနှင့် ခံစားခွင့်ပေးမည်။

## ကြော်ငြာ


# တော်ဝင်စင်တာ စာအုပ်ဈေးရောင်းပွဲတော်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကြီးနှင့် တော်ဝင်မိသားစုကုမ္ပဏီတို့၏ စတုတ္ထအကြိမ် စာပေမြှင့်တင်လှုပ်ရှားမှု လူ့စွမ်းအင်(စာရေး၊စာဖတ်နှင့်တင်ဆက်မှုစွမ်းရည်ပြိုင်ပွဲ) ဆုပေးပွဲ အခမ်းအနားနှင့်အတူ စာအုပ်တိုက်ပေါင်း ၅၀ ကျော်ခန့် ပါဝင်ရောင်းချမည့် စာအုပ်ဈေးပွဲတော်ကြီးကို ၂၉-၁-၂၀၁၆(သောကြာနေ့) မှ ၃၁-၁-၂၀၁၅ (တနင်္ဂနွေနေ့)အထိ ဒဂုံမြို့နယ်၊ တော်ဝင်စင်တာရှေ့ ကားပါကင်တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ စာပေချစ်မြတ်နိုးသူများ အထူးလျှော့ဈေးနှုန်းဖြင့် လာရောက်ဝယ်ယူအားပေးနိုင်ပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း**


## ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တန်ခိုးကြီးသမိုင်းဝင် ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး၏နှစ်စဉ်ကျင်းပမြဲဖြစ်သောဗုဒ္ဓပူဇနီယပွဲတော်ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၃)ရက်နေ့ မှ မတ်လ (၂၃)ရက်နေ့ (တပို့တွဲလပြည့် နေ့ မှ တပေါင်းလပြည့်နေ့)အထိ တစ်လတိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။

မြတ်မော်တင်ဘုရားပွဲတော်နှင့်ပတ်သက်သည့် ဈေးဆိုင်ခန်းများနှင့် အရပ်ရပ်လုပ်ငန်းများကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့နှင့် ( ၅ )ရက်နေ့ နံနက်(၉)နာရီတွင် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

မြတ်မော်တင်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ ဘည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၄၂-၂၁၀၀၃ နှင့် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်း-၀၄၂-၂၁၀၄၅၊ ၀၉-၄၉၂၂၃၂၅၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ဘုရားပွဲတော်ကျင်းပရေးကော်မတီ**


**ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း**

**"လှမိုးနွယ်" စပန့်ချုပ်ထည်ပင်ရင်း**

ဒုတိယထပ်-၁၁၄၊ ရွှေမင်္ဂလာဈေး၊ ဓာတ်လှေကားနောက်ဘက်။

ဖုန်း-၀၉-၅၀၈၇၆၅၃


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ရလပ-၂၅၊ မြေကွက်အမှတ်- ၂၆၃+၂၆၄+၂၆၅၊ မြေကွက်တည်နေရာ(၂၆၃+၂၆၄+၂၆၅)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ (ဒေါ်မြင့်မြင့်ရီ)[၁၂/လမတ(နိုင်)၀၂၃၂၃၈]၊ ဦးအောင်မြင့် [၁၃/ကမန(နိုင်)၀၆၅၄၅၉] အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်မြင့်မြင့်ရီ ကွယ်လွန်သဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးသိန်းလွင် (ခ) တန်အမိန်[၁၂/လမတ(နိုင်)၀၂၉၁၈၁]မှ ကျိန်ဆိုထားသော တစ်ဦးတည်းသော တရားဝင် ခင်ပွန်းတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်းတို့တင်ပြ၍ ၎င်းထံမှ GP အမှတ်- ၂၉၂၈၄/၂၀၁၄ ဖြင့် ရရှိသူ ဒေါ်မာလာအေး [၁၂/စခန(နိုင်)၀၂၇၆၀၀]မှ ကျန်အမည်ပေါက်ဖြစ်သူ ဦးအောင်မြင့် [၁၃/ကမန(နိုင်)၀၆၅၄၅၉] နှင့်အတူ ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်မာလာမြင့်[၁၂/သကတ(နိုင်) ၁၄၅၆၄၂]၏ နိုင်ငံကူးလက်မှတ်နံပါတ် M 585548 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၃၀၀၅၂၂

**အမည်မှန်**

အဖ ဦးဇော်မင်း၏သမီး အလက(၂) ဒေါ်ပုံ တတိယတန်းတွင် ပညာသင်ကြားနေသော မအိမ့်လဲ့နဒီ၏အမည်မှန်မှာ မအိမ့်နဒီလဲ့ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၈-၉-၂၀၀၇ ဖြစ်ပါသည်။

**အမည်မှန်**

မောင်မြတ်မင်းစိုး၊ အမှတ်(၃၈) အလယ်တန်းကျောင်း၊ ရွှေပြည်သာ (Grade 9)၏ သန်းခေါင်စာရင်းပါ အမည်မှာ မောင်ရှိနယ်နန်းထွေးဖြစ်ပါသည်။

**မောင်မြတ်မင်းစိုး(ခ)မောင်ရှိနယ်နန်းထွေး**

## (၁၁-၁-၂၀၁၆) ရက်နေ့ထုတ် ကြေးမုံနေ့စဉ်ထုတ်သတင်းစာပါ Southern Myanmar Co.,Ltd ၏ Nang Thiri Maung Model Singer နန်းသိရိမောင် နှင့် အများသိစေရန် ကြေညာခြင်းအပေါ် တုံ့ ပြန်ရှင်းလင်းကြေညာခြင်းနှင့် Southern Myanmar Co.,Ltd. ( Sunar နေကြာဆီ၊ ပြောင်းဖူးဆီ) နှင့် ဦးကျော်ဇော်ဖြိုး @ Philip တို့အပေါ် သတိပေးအကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာလမ်း၊ အမှတ် (၂၀) နေ နန်းသိရိမောင်၊ Model Singer (၇/ပခန (နိုင်) ၂၀၀၅၄၄) ၏ တရားဝင်လွှဲအပ် ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းကြေညာခြင်းနှင့် Southern Myanmar Co., Ltd. (Sunar နေကြာဆီ၊ ပြောင်းဖူးဆီ)နှင့် ဦးကျော်ဇော်ဖြိုး @ Philip တို့အပေါ် သတိပေးအကြောင်းကြားတောင်းဆိုခြင်းပြုအပ်သည်မှာ -

၁။ နန်းသိရိမောင်သည် မိမိ၏အသက်မွေးဝမ်းကျောင်းမှုပြုနေသော Model Singer အနုပညာလုပ်ငန်းဖြင့် ရိုးသားကြိုးစားစွာဖြင့်လုပ်ကိုင်နေ၊ အောင်မြင်မှုရရန် ကြိုးပမ်းနေသူတစ်ဦး ဖြစ်ပါသည်။

၂။ ၂၀၁၄ ခုနှစ်၊ နှစ်ကုန်ပိုင်းကာလတွင် နန်းသိရိမောင် Model Singer ထံသို့ Singapore နိုင်ငံတွင် နေထိုင်သူ ဦးကျော်ဇော်ဖြိုး @ Philip ဆိုသူသည် ဆက်သွယ်ရောက်ရှိလာခဲ့ပါသည်။ ဦးကျော်ဇော်ဖြိုး @ Philip က မိမိသည် Southern Myanmar Co., Ltd. ၏ အိုက်တာတစ်ဦးဖြစ်ကြောင်းကို ၎င်း၏ Name Card ပေး၍ မိတ်ဆက်ခြင်းဖြစ်ပါသည်။ ဦးကျော်ဇော်ဖြိုး @ Philip သည် ၎င်း၏ Name Card များအား နန်းသိရိမောင် Model Singer အပြင် နန်းသိရိမောင်၏ မိတ်ဆွေများကိုလည်း Name Card များပေး၍ မိတ်ဆက်ခဲ့ပါသည်။ ဦးကျော်ဇော်ဖြိုး @ Philip သည် နန်းသိရိမောင် Model Singer ထံသို့ လာရောက်ဆက်သွယ် မိတ်ဆက်သည့်အကြောင်းမှာ Sunar နေကြာဆီနှင့်ပြောင်းဖူးဆီ ကြော်ငြာ များအတွက် Model Singer အဖြစ် ဆောင်ရွက်ပေးရန်အကြောင်းဖြစ်ပါသည်။ ဦးကျော်ဇော်ဖြိုး @ Philip ၏ မိတ်ဆက်မှု ပြောဆိုမှုများကို နန်းသိရိမောင် Model Singer မှ ယုံကြည်လက်ခံခဲ့ပါသည်။ ထို့နောက် နှစ်ဦးနှစ် ဖက်အကြား မှုပိုင်ခွင့်ဆိုင်ရာအကျိုးခံစားခွင့် ကုန်ပစ္စည်းကြော်ငြာနှင့် ပြက္ခဒိန်ထုတ်ဝေမှုတို့အတွက် အတိအလင်းသဘောတူစွဲပြုချက် တစ်စုံတစ်ရာသတ်မှတ်ခြင်းမပြုသေးပါ၊ ဦးကျော်ဇော်ဖြိုး @ Philip က Sunar နေကြာဆီ၊ ပြောင်းဖူးဆီကုန်ပစ္စည်းများအတွက် ၂၀၁၅ ခုနှစ်အတွက် ပြက္ခဒိန်ဓါတ်ပုံများ၊ ကြော်ငြာသီချင်းများ၊ ဗီဒီယိုစတာများကို ဦးကျော်ဇော်ဖြိုး @ Philip သည် မိမိတစ်ဦးတည်း၊ သဘောဖြင့် ထုတ်ဝေခြင်း၊ အသုံးပြုခြင်းများ၊ ပြုခဲ့ကြောင်း၊ ညွှန်ကြားချက်အရနှင့် အထောက်အထားဓါတ်ပုံများအရ သိရှိရပါသည်။

၃။ နန်းသိရိမောင် Model Singer သည် Sunar နေကြာဆီ ပြောင်းဖူးဆီအတွက် ၂၀၁၅ ခုနှစ်၊ ပြက္ခဒိန်များ၊ ကြော်ငြာသီချင်း၊ ဗီဒီယိုစတာများအား စေတနာဖြင့် လိုက်လျောဆောင်ရွက်ပေးမှုကြောင့် ဦးကျော်ဇော်ဖြိုး @ Philip နှင့် ခင်မင်ရင်းနှီးမှုများရရှိခဲ့ပါသည်။ ထိုသို့ခင်မင်လာမှုကြောင့် ဦးကျော်ဇော်ဖြိုး @ Philip သည် နန်းသိရိမောင် Model Singer အပေါ် အကြိမ်ကြိမ်ထိန်းချုပ်၍ မိမိစေခိုင်းသည့်အတိုင်းဆောင်ရွက်စေရန် ရည်ရွယ်ချက်ဖြင့် နန်းသိရိမောင် Model Singer ၏ Facebook နှင့် Fan Page များကို တစ်ဖက်လှည့်နည်းဖြင့်ယုံကြည်အောင် ပြောဆိုရယူခဲ့ပါသည်။ နန်းသိရိမောင် Model Singer အနေဖြင့် ဦးကျော်ဇော်ဖြိုး @ Philip ၏ အပြုအမူ အပြောအဆိုများနှင့် Facebook နှင့် Fan Page များ၊ ရယူခဲ့ခြင်းသည် ရိုးသားစွာဆက်ဆံပြုမှုများမဟုတ်ကြောင်း သိမြင်လာသည့်အတွက် ၂၀၁၆ ခုနှစ်ပြက္ခဒိန်နှင့် အခြားမည်သည့်ကိစ္စများ ကိုမျှ မဆောင်ရွက်ပေးနိုင်ကြောင်း အတိအလင်းပြောဆိုခဲ့ကြောင်း၊ ညွှန်ကြားချက်အရ သိရှိရပါသည်။

၄။ ဦးကျော်ဇော်ဖြိုး @ Philip အား မည်သည့်ကိစ္စမျှ မဆောင်ရွက်ရန်အတိအလင်းပြောဆိုသည့်အချိန်နောက်ပိုင်းမှစ၍ ဦးကျော်ဇော်ဖြိုး @ Philip သည် နန်းသိရိမောင် Model Singer ၏ Facebook နှင့် Fanpage များပေါ်တွင် နန်းသိရိမောင် Model Singer ၏ Fanpage များပေါ်ရှိ ဓါတ်ပုံများကို စာသားများရေး၍ နန်းသိရိမောင်ကိုယ်တိုင် စာရေးသား၍ ဓါတ်ပုံများ၊ post တင်သည့်အသွင်ဖြစ်အောင်နေမှု၊ အများပြည်သူနှင့် နန်းသိရိမောင် Model Singer ၏ အနုပညာပရိသတ်များ အထင်မှား အမြင်မှားဖြစ်စေရန် ပြုလုပ်ဆောင်ရွက်၍ နန်းသိရိမောင် Model Singer အပေါ် အကြိမ်ကြိမ်ဖြိမ်းခြောက် ချုပ်ကိုင်ခဲ့ကြောင်း၊ ညွှန်ကြားချက်အရသိရှိရပါသည်။

၅။ ဦးကျော်ဇော်ဖြိုး @ Philip သည် နန်းသိရိမောင် Model Singer ထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ၂၀၁၆ ခုနှစ်၊ Sunar နေကြာဆီ၊ ပြောင်းဖူးဆီ၊ ကြော်ငြာပြက္ခဒိန် အတွက်ဓါတ်ပုံများရိုက်ကူးပေးလျှင် Facebook နှင့် Fanpage များပေါ်တွင်စာသားများရေး၍ ဓါတ်ပုံများကို post မတင်ကြောင်း၊ Facebook နှင့် Fanpage များပြန်ပေး မည်ဖြစ်ကြောင်း၊ ပြောသည့်အတိုင်းဆက်လက်မဆောင်ရွက်ပေးလျှင် ဆက်လက်၍ Facebook နှင့် Fanpage များတွင် စာသားများရေးသား၍ ဓါတ်ပုံများကို post များ၊ ဆက်လက်တင်၍ အရှက်ရသိက္ခာကျအောင်ပြုမည်ဟု အကြိမ်ကြိမ်ခြိမ်းခြောက်သည့်အတွက် နန်းသိရိမောင် Model Singer သည် ၂၀၁၆ ခုနှစ်၊ Sunar နေကြာဆီ၊ ပြောင်းဖူးဆီ ကုန်ပစ္စည်းကြော်ငြာ ပြက္ခဒိန်ဓါတ်ပုံများကိုရိုက်ကူးပေးခဲ့သော်လည်း၊ ဦးကျော်ဇော်ဖြိုး @ Philip သည် နန်းသိရိမောင် Model Singer ၏ Facebook နှင့် Fanpage များ၊ ကိုပြန်မပေးဘဲ ဆက်လက်၍ Facebook နှင့် Fanpage များတွင်စာသားများရေး၍ ဓါတ်ပုံ post များကိုတင်ခဲ့သည့်အတွက် နန်းသိရိမောင် Model Singer သည် မခံမရပ် နိုင်သည့်အတွက် ဦးကျော်ဇော်ဖြိုး @ Philip ၏ ကုမ္ပဏီ၊ ရာထူးတို့နှင့်တစ်ကွ ပြန်လည်၍အကြောင်းအရာအမှန်များကို Facebook မှ post တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ညွှန်ကြားချက်အရ သိရှိရပါသည်။

၆။ ထိုသို့ နန်းသိရိမောင် Model Singer ၏ Facebook မှ ဦးကျော်ဇော်ဖြိုး @ Philip ၏ ကုမ္ပဏီ၊ ရာထူး နှင့်တကွ post တင်သည့်ကိစ္စအပေါ် Southern Myanmar Co., Ltd. မှ (၁၁-၁-၂၀၁၆) ရက်နေ့ထုတ် ကြေးမုံနေ့စဉ်ထုတ်သတင်းစာမှနေ၍ နန်းသိရိမောင် Model Singer နှင့်အများသိစေရန် ကြေညာခဲ့ပါသည်။ Southern Myanmar Co., Ltd. ၏ သတင်းစာကြေညာချက်တွင် ဖော်ပြပါရှိသည်မှာ - ဦးကျော်ဇော်ဖြိုး @ Philip သည် Southern Myanmar Co.,Ltd သို့ နေကြာဆီတင်သွင်းသူတစ်ဦးမဟုတ်သည့်အပြင် ကုမ္ပဏီ၏တရားဝင် တာဝန်ရှိသူ တစ်ဦးလည်းမဟုတ်ပါ --- ဟု Southern Myanmar Co.,Ltd ၏ ကြေညာခဲ့သည့် ကြော်ငြာချက်သည် မှန်ကန်မှုအလျဉ်းမရှိပါသော ဖော်ပြကြေညာချက်သာ ဖြစ်ပါသည်။ ဦးကျော်ဇော်ဖြိုး @ Philip ၏ Name Card များအရ ကုမ္ပဏီ၏အိုက်တာဟုဖော်ပြပါရှိနေသည့်အပြင် ဦးကျော်ဇော်ဖြိုး @ Philip ၏ တစ်လှမ်းချက်အရ နန်းသိရိမောင် Model Singer ၏ ဓာတ်ပုံများဖြင့် Sunar နေကြာဆီနှင့် ပြောင်းဖူးဆီကြော်ငြာများ၊ အသုံးပြုနေခြင်း၊ ပြက္ခဒိန်များထုတ်ဝေဖြန့်ချိခြင်း၊ ကားများတွင်ကပ်၍ သုံးစွဲခြင်းများကလည်း ဦးကျော်ဇော်ဖြိုး @ Philip နှင့် Southern Myanmar Co.,Ltd, Sunar နေကြာဆီနှင့် ပြောင်းဖူးဆီကြော်ငြာများသည် ဆက်နွယ်ပတ်သက်မှုများရှိနေကြောင်းမှာ သက်သေအထောက်အထား ထင်ရှားပြီးသော ဖြစ်ရပ်များဖြစ်နေပါကြောင်း၊ သိရှိနိုင်ပါသည်။

၇။ Southern Myanmar Co.,Ltd ၏ (၁၁-၁-၂၀၁၆)နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာကြေညာချက်သည် မှန်ကန်မှုအလျဉ်းမရှိ၍ မည်သည့်အခါမျှ မမှန်ကန်သော တောင်းဆိုမှုအပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေ နန်းသိရိမောင် Model Singer အနေဖြင့် လိုက်နာဆောင်ရွက်ပေးလိမ့်မည်မဟုတ်ပါကြောင်း၊ Southern Myanmar Co.,Ltd ၏ တာဝန်ရှိသူများနှင့်သက်ဆိုင်သူများသိစေရန် အတိအလင်းတုံ့ပြန်ရှင်းလင်းကြေညာလိုက်ပါသည်။

၈။ ကျွန်ုပ်တို့၏မိတ်ဆွေ နန်းသိရိမောင် Model Singer ၏ အနုပညာဂုဏ်သိက္ခာ၊ လူပုဂ္ဂိုလ်ဂုဏ်သိက္ခာတို့ကို ကျဆင်းအောင်ဆောင်ရွက်ခြိမ်းခြောက်မှုပြုနေသည့် ဦးကျော်ဇော်ဖြိုး @ Philip အားလည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းအောင် သတင်းစာမှကြေညာခဲ့သည့် Southern Myanmar Co.,Ltd အားလည်းကောင်း၊ အလေးအနက် သတိပေးအကြောင်းကြား၊ တောင်းဆိုလိုက်သည်မှာ-

(က) နန်းသိရိမောင် Model Singer ၏ ဓာတ်ပုံသုံးစွဲထားခြင်း၊ မူပိုင်ခွင့်ဆိုင်ရာ ခံစားခွင့်များကို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ရှင်းလင်းပေးရန်၊

(ခ) ဓာတ်ပုံများသုံးစွဲထားခြင်းအား မူပိုင်ခွင့်ဆိုင်ရာခံစားခွင့်များ ရှင်းလင်းပြီးမှသာ နန်းသိရိမောင် Model Singer ၏ သဘောတူခွင့်ပြုချက်ကို အတိအလင်းရယူပြီးမှသာ ကြော်ငြာများ၊ ပြက္ခဒိန်များ၊ ကြော်ငြာသီချင်းများကို တရားဝင်ထုတ်ဝေဖြန့်ချိရန်၊

(ဂ) အကယ်၍မူပိုင်ခွင့်ဆိုင်ရာ ခံစားခွင့်များကို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇) ရက်အတွင်းရှင်းလင်းပေးရန် ငြင်းဆန်ခြင်း၊ ပျက်ကွက်ခြင်းများရှိပါက လက်ရှိ Sunar နေကြာဆီ၊ ပြောင်းဖူးဆီကုန်ပစ္စည်းကြော်ငြာများတွင် ဖော်ပြသုံးစွဲနေသည့် နန်းသိရိမောင်၏ ဓါတ်ပုံများ၊ ဗီဒီယိုစတာများ၊ ကြော်ငြာသီချင်းတို့ကို ဆက်လက်သုံးစွဲခြင်းမပြုရန်နှင့် လိုက်လံသိမ်းဆည်းပေးရန်၊

(ဃ) ဦးကျော်ဇော်ဖြိုး @ Philip သည် နန်းသိရိမောင်၏ ကာအိမ်ခြေမှုက်စီးစေရန်နှင့် သိက္ခာကျစေရန် ဆက်လက်၍ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း မပြုလုပ်ရန်၊

(င) နန်းသိရိမောင် Model Singer နှင့်ပတ်သက်၍ ဂုဏ်သိက္ခာကျဆင်းအောင်ကြေညာချက်များကို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အများပြည်သူ သိရှိအောင် ပြန်ရုပ်သိမ်းပေးရန်၊

၉။ အထက်ဖော်ပြပါ (က) (ခ) (ဂ) (ဃ) (င) ပါ တောင်းဆိုချက်များအတိုင်း လိုက်နာဆောင်ရွက်ပေးခြင်းမပြုခဲ့ပါက နန်းသိရိမောင် Model Singer ၏ ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ ပြစ်မှု၊ တရားမမှုများဖြင့် ဆက်လက်၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တုံ့ပြန်ရှင်းလင်း၊ သတိပေးတောင်းဆိုအပ်ပါသည်။

ညွှန်ကြားချက်အရ -

**ဦးချစ်ကိုကို**
LL.B, H.G.P., Dip In Business Law
Dip In Applied Psychology, Dip In Maritime Law, WIPO ( Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်း၊ ဥပဒေဆိုင်ရာအကြံပေးပုဂ္ဂိုလ်
(စဉ် - ၂၈၀၃)

**ဦးသန်းဌေး**
LL.B, D.L.101, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေကြီးနှင့် ဥပဒေဆိုင်ရာအကြံပေး၊ (စဉ် - ၃၈၅၁)

**ဦးအောင်မြင့်ထွန်း** (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ် - ၄၄၅၁)

**ဦးရာဇာဝင်း** (LL.B)
အထက်တန်းရှေ့နေ
(စဉ် - ၃၉၆၀၃)

**ဦးအောင်ပြည့်ဖြိုးလွင်** LL.B, WIPO (Switzerland)
အထက်တန်းရှေ့နေ
(စဉ်- ၃၉၂၆၇)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁ ၂၅၂၉၂၄

## 'နက်နဲထူးဆန်းမြတ်ပဌာန်း' တရားတော်သင်တန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ မင်္ဂလာဗျူဟာအသင်းချုပ်၌ အဘိဓမ္မာသင်တန်းမှူး ဆရာတော်အရှင်အာစာရာဘိဝံသ (မဟာဓမ္မာစရိယM.A Buddhism) ပိဋကတ္တယပါရဂူဆရာတော်မှ မြတ်ဗုဒ္ဓ၏ ကြောင်းကျိုးပြ "ပဌာန်း တရားတော်သင်တန်းကို ၃၀-၁-၂၀၁၆ ရက် (စနေနေ့)မှစ၍ အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း မွန်းလွဲ ၂း၀၀နာရီမှ ၄း၀၀နာရီအထိ ဓမ္မဒါန ဖွင့်လှစ်ပို့ချမည် ဖြစ်ပါ၍ တက်ရောက်သင်ကြားလိုသော ဓမ္မမိတ်ဆွေအပေါင်းတို့အား အသိပေး နှိုးဆော်အပ်ပါသည်။

**ဓမ္မစာပေသင်တန်းအဖွဲ့**

**မင်္ဂလာဗျူဟာအသင်းချုပ်၊ ဖုန်း ၀၁-၃၇၀၉၅၈**

## တောင်ကြီးကောလိပ်၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ ပညာသင်နှစ်အထိ (တောင်ကြီးကောလိပ်သက်တမ်း) တာဝန်ယူထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအတွက် အာစရိယပူဇော်ပွဲကို ၁၁-၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီ၊ YMCA ခန်းမ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက် အပူဇော်ခံပေးပါရန်။

၁၂-၂-၂၀၁၆ ရက်၊ နံနက် ၂ နာရီတွင် ဆရာကြီး၊ ဆရာမကြီးများအား မန်းရွှေစက်တော်နှင့် ကျောက်စိမ်းဘုရား၊ မန္တလေးဘုရားကြီးများသို့ ကုသိုလ်ယူပို့ဆောင်ပေးပါမည်။

GOLDEN STAR Travels & Tours

- ပုဂံ (စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Feb-11
- မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မင်းကွန်း Feb-11
- တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Feb-11

ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)

Ph;703448, 09-5081580, 09-5036640, 09-5080860

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

**အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ**

-အမျိုးသမီးများ၏ အခက်အခဲများကို အထူး ဦးစားပေးဆောင်ရွက်ပေးပါသည်။
-ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
အခန်း(၄)၊ မဟာဝိဇယစေတီ၊ (အနောက်ဘက်မုခ်)၊ ခြသေ့်နှစ်ကောင်အနီး၊
**Prof.**ဒေါက်တာခင်မျိုးတင့်
မြန်မာ့ဗေဒင်-နဝင်းစီးပညာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်း သုံးပုံစံ(၂)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၈-၁-၂၀၁၆ရက်မှ ၁၁-၂-၂၀၁၆ရက်အထိရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါ စည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈) နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)ဖြင့် လာရောက်ဝယ်ယူ နိုင်ပြီး ၁၁-၂-၂၀၁၆ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ် အပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တယ်လီဖုန်း အမှတ် -၀၆၇-၄၃၁၀၂၇ နှင့် ၀၆၇-၄၃၁၀၄၂ သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်နိုင် ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇော်မင်းထက်[၉/ပဘန(နိုင်)၁၅၇၉၆၀]၏ နိုင်ငံကူး လက်မှတ်အမှတ် M20004857 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၅၅၆၉၉၄၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/၂)၊ မြေကွက်အမှတ်(၅၃၂)၊ မြေကွက်တည်နေရာအမှတ်(၅၃၂)၊ (၇)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်ထွန်း(ခ)ဦးငပြူး[၁၂/မရက(နိုင်)၁၀၂၀၆၉]မှ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက် အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဂရန်မိတ္တူတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည် အစည်းအဝေး ဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၀-၃-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး အကောက်ခွန် မှော်ရုံတွင် ကျင်းပပြုလုပ်ပါမည်။

နိုင်ငံတော်မှ ဘွဲ့ထူးဂုဏ်ထူးတံဆိပ်တော်ဆက်ကပ်ခြင်းခံရသော လူပုဂ္ဂိုလ်များ နှင့် ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၁၅ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏သား၊သမီးများသည် အမှတ်စာရင်း မိတ္တူ အထောက်အထားများပေးပို့ကြပါရန်နှင့် လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) | ဥက္ကဋ္ဌ | ဖုန်း - ၀၉ ၂၀၀၆၄၄၂ |
| (၂) ဦးရဲညွန့် | ဒုတိယဥက္ကဋ္ဌ | ဖုန်း - ၀၉ ၅၁၀၄၅၅၇ |
| (၃) ရဲမှူးကြီးဦးတင်သိန်းဟန် (ငြိမ်း) | ဒုတိယဥက္ကဋ္ဌ | ဖုန်း - ၀၉ ၅၃၂၀၉၀၉ |
| (၄) ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) | အတွင်းရေးမှူး | ဖုန်း - ၀၉ ၅၁၄၇၉၀၄ |
| (၅) ဦးမောင်မောင်လှ | တွဲဖက်အတွင်းရေးမှူး | ဖုန်း - ၀၉၇၃၀၀၀၉၀၀ |
| (၆) ဦးမြင့်လွင် | တွဲဖက်အတွင်းရေးမှူး | ဖုန်း - ၀၉၇၉၅၁၀၇၆၂၀ |

အလုပ်အမှုဆောင်အဖွဲ့

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီမဒေါ်ဇေဘော်နီဆာ

**အသက်(၉၀)**

(ဟာဂျီဦးအဗ္ဗဒူဂနီ) (ဆိပ်ကမ်းဦးစီးမှူး-ငြိမ်း) (စစ်တွေ)၏ဇနီး၊ သားသမီး ၁၃ယောက်တို့၏မိခင်၊ မြေး ၅၅ယောက်၊ မြစ် ၇၀ယောက်တို့၏အဘွား ဟာဂျီမ ဒေါ်ဇေဘော်နီဆာသည် ၂၇-၁-၂၀၁၆ရက် နံနက်၈း၄၅နာရီတွင် အမှတ်(၂၂/မ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၈-၁-၂၀၁၆ရက်တွင် ဇဟိုရ်နမာဇ်အပြီး ရေဝေးကဗရ်စတာန်တွင် ဂျနာဇဟ် နမာဇ်ဖတ်၍ ဒါဖွနာပြုပါမည်။ (အမှတ်-၂၂/ခ၊ ၁၂၃လမ်း နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမိုးရည် (၇၉)နှစ်

**(ပါမောက္ခ-ငြိမ်း၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်၊ မန္တလေး)**
**မြတ်ပါရမီ ပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်း၏နာယကကြီး**

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ကြောင်ဆင်းအိုင်ရွာနေ (ဦးသာလှိုင်-ဒေါ်အေးရ)တို့၏သား၊ (ဦးပွဲညွန့်-ဒေါ်အုန်းတင်)တို့၏သားသမက်၊ (ဦးမိုးသီး)၊ (ဦးမိုးပေါက်)တို့၏ညီ၊ (ဒေါ်ချစ်စ)၏မောင်၊ (ဒေါ်ချစ်လှ)၊ ဦးဆန်းငွေ-ဒေါ်ချစ်မြတို့၏အစ်ကို၊ မန္တလေးမြို့နေ ဒေါက်တာစိုးမင်းအောင် (သွားဘက်ဆိုင်ရာဆရာဝန်၊ မန္တလေးဗဟိုအကျဉ်းထောင်၊ အကျဉ်းဦးစီးဌာန)-ဒေါ်မြသွေးရည်၊ ဦးတင်မင်းအောင်၊ ဦးတင်မျိုးအောင်၊ ဒေါက်တာဇင်မေခိုင်(ကထိက၊ ရေနံချောင်းဒီဂရီကောလိပ်)တို့၏မွေးသဖခင်၊ မမြမင်းမဒီ (ပထမနှစ်၊ အင်္ဂလိပ်စာထူးချွန်၊ မန္တလေးတက္ကသိုလ်)၊ မောင်ဇေယျာသူ @ Caivin (ဆဋ္ဌမတန်း၊ မြတ်ပါရမီပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း Primary VI-ILBC)တို့၏အဘိုး၊ ဒေါ်ငွေးကြည်၏ချစ်လှစွာသောခင်ပွန်း ဦးမိုးရည်သည် ၂၇-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် မဟာမြိုင်(၁)၊ မ-၇/၆၀၊ (၆၈)လမ်း၊ (၄၂-၄၃)လမ်းကြား၊ မန္တလေးမြို့နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးနီထွန်းအောင်(စစ်တွေ) (၇၄)နှစ်

**ဒုရဲမှူး(ငြိမ်း)၊ ဖောင်ကြီးအပတ်စဉ်(၁)**

စစ်တွေမြို့နေ အရေးပိုင် (ဦးအောင်ထွန်းဦး-ဒေါ်မမကြီး)တို့၏ သားထွေး၊ စစ်တွေမြို့နေ (ဦးရွှေသာအောင်-ဒေါ်စော)တို့၏ သားသမက်၊ GANDAWUN SHWE BAGAN TRAVEL & TOURS ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၇၉)နေ ဒေါ်တင်တင်လှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဗိုလ်ကြီးဇော်ဝင်း)-ဒေါ်မြသူဇာအောင်၊ ဒေါ်မြစန္ဒာအောင်၊ ဦးနေစောအောင်-ဒေါ်ခင်သက်မူ၊ ကိုဇော်ကိုကို-မဝင့်ဟန်နီစိုးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်မြတ်မင်းကိုကို @ Junior Zaw၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးနီထွန်းအောင်သည် ၂၆-၁-၂၀၁၆(အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးနီထွန်းအောင်(စစ်တွေ) (၇၄)နှစ်

**ဒုရဲမှူး(ငြိမ်း)၊ ဖောင်ကြီးအပတ်စဉ်(၁)**

စစ်တွေမြို့နေ အရေးပိုင် (ဦးအောင်ထွန်းဦး-ဒေါ်မမကြီး)တို့၏သားထွေး၊ (ဦးသာထွန်းအောင်-ဒေါ်အောင်ကြွယ်ညို)၊ (ဦးလှထွန်းအောင်-ဒေါ်မသိန်းလှ)၊ ဦးစံထွန်းအောင်-ဒေါ်လှလှမေ၊ (ဦးစိန်ထွန်းအောင်-ဒေါ်သိန်းထွေး) (ဦးမြထွန်းအောင်)-ဒေါ်မကြီးစိန်၊ ဒေါ်စာသာနု-ဦးလှကျော်တို့၏ညီ/မောင် ဦးနီထွန်းအောင်သည် ၂၆-၁-၂၀၁၆(အင်္ဂါနေ့) ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၁၆(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# စင်ကာပူနိုင်ငံသို့ မြန်မာခရီးသွားဧည့်သည်များ ယခုနှစ်တွင် ပိုမိုလာရောက်လည်ပတ်မည်ဟု ခန့်မှန်း

**ရန်ကုန် ဇန်နဝါရီ ၂၇**

စင်ကာပူနိုင်ငံသို့ အပန်းဖြေခရီး ရောက်ရှိလာသော မြန်မာခရီးသွား ဦးရေသည် လွန်ခဲ့သည့် ငါးနှစ်ကျော်မှ စတင်ကာ ၅၀ ရာခိုင်နှုန်းကျော်ထိ တိုးမြင့်လာပြီး ၂၀၁၄ ခုနှစ်တွင် ၁၁၂,၀၀၀ ကျော်ထိ သိသိသာသာ တိုးမြင့်လာခဲ့သည်။ ထို့ကြောင့် ယခုနှစ်တွင် အပန်းဖြေခြင်းနှင့် လုပ်ငန်းကိစ္စများကြောင့် ခရီးသွားသူများ ပိုမိုများပြားလာမည်ဟု ခန့်မှန်းထားကြောင်း Singapore Tourism Board (STB)အဖွဲ့အစည်းမှ သိရသည်။

“မြန်မာနိုင်ငံကလာတဲ့ဧည့်သည်တွေ ခရီးသွားရာမှာ အဓိကစိတ်ဝင်စားတဲ့ အရာတွေက မိသားစုနဲ့အတူ လုပ်ဆောင်နိုင်တဲ့ လှုပ်ရှားမှုတွေ၊ ကိုယ်ပိုင် တိုးတက်မှုအတွက် အခွင့်အလမ်းတွေ၊ အပန်းဖြေအနားယူနိုင်တဲ့ နေရာတွေနဲ့ သွားရလာရအဆင်ပြေလွယ်ကူတဲ့ ခရီးသွားဒေသတွေပဲ ဖြစ်ပါတယ်။ စင်ကာပူကတော့ ဒီအချက်တွေနဲ့ ကိုက်ညီတာကြောင့် မြန်မာခရီးသွားပြည်သူ တွေ စိတ်ဝင်စားတဲ့ ခရီးသွားဒေသတစ်ခု ဖြစ်လာတာပါ”ဟု STB မှ Ms.Sherleen Seah က ပြောသည်။

နိုင်ငံတကာလေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်များ ဈေးနှုန်းကျဆင်းလာခြင်းနှင့်အတူ မြန်မာနိုင်ငံမှ ဒေသတွင်း အာဆီယံနိုင်ငံများသို့ သွားရောက်လည်ပတ်မှုပိုမိုများပြားပြီး စင်ကာပူနိုင်ငံ၏ လူနေမှုအဆင့် အတန်းမြင့်မားခြင်းနှင့် ပညာရေးအခွင့်အလမ်းများပြားခြင်းသည် မြန်မာခရီးသွားများ အဓိကသွားရာက်လည်ပတ်စေသည့် အချက်များစွာထဲတွင် ပါဝင်သည်။ မြန်မာခရီးသွား ဧည့်သည်များသည် တခြားသောနိုင်ငံတကာမှ ဧည့်သည်များထက် စင်ကာပူနိုင်ငံတွင် ရက်ရှည်တည်းခိုနေထိုင်ကြပြီး လာရောက်လည်ပတ်ကြသည့်အတွက် မြန်မာ့ခရီးသွားဈေးကွက်သည် စင်ကာပူနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အလေးထားစရာဖြစ်လာခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပွင့်လင်းလာသည့် စီးပွားရေးအခြေအနေများပေါ်တွင် မြန်မာခရီးသွားများအားကြိုဆိုရန်အတွက် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့●**

စင်ကာပူနိုင်ငံ ဆန်တိုစာကျွန်းရှိ ရေပန်းတေးသရုပ်ဖော်မှုအား တွေ့ရစဉ်။

# MNL ပွဲစဉ်(၄)တွင် ရောဝတီနှင့် ရန်ကုန်၊ ဇေယျာရွှေမြေနှင့် ရှမ်း တွေ့ဆုံ

ရောဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ ၂၀၁၅ ရာသီက တွေ့ဆုံခဲ့စဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၇**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)ကို ယခုတစ်ပတ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးများ ထိပ်တိုက်တွေ့ဆုံမှုများကြောင့် အကြိတ်အနယ်ဖြစ်လာနိုင်ပေသည်။

ပွဲစဉ်(၄)အဖြစ် ဇန်နဝါရီ ၂၉ ရက်တွင် ကျောက်တိုင်ကွင်း၌ ရောဝတီအသင်းနှင့် ရန်ကုန်အသင်း၊ ဇန်နဝါရီ ၃၀ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရခိုင်အသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် Southern အသင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Horizon အသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပွဲစဉ်(၃)အပြီးတွင် သုံးပွဲဆက်တိုက် အနိုင်ရသည့် အသင်းမရှိတော့သော်လည်း နာမည်ကြီးရောဝတီအသင်းနှင့် တန်းတက် Southern အသင်းတို့မှာ သုံးပွဲစလုံး ရှုံးနိမ့်ထားသည်။ ပွဲစဉ်(၃)အပြီးတွင် ရတနာပုံ၊ ဟံသာဝတီနှင့် ဇေယျာရွှေမြေအသင်းတို့က ခုနစ်မှတ်စီ၊ ဇွဲကပင်နှင့် မကွေးအသင်းတို့က ခြောက်မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ငါးမှတ်၊ ရခိုင်နှင့် ချင်းယူနိုက်တက်အသင်းတို့က လေးမှတ်စီ၊ Horizon အသင်းက သုံးမှတ်တို့ ရရှိထားကာ ရောဝတီနှင့် Southern အသင်းတို့က အမှတ်မရသေးပေ။

ယခုတစ်ပတ်ပွဲစဉ်များတွင် နိုင်ပွဲမရသေးဘဲ ဖိအားများနှင့် ရင်ဆိုင်နေရသည့် ရောဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ပွဲမှာ စိတ်ဝင်စားစရာကောင်းနေသလို ရှုံးပွဲမရှိသေးသည့် ဇေယျာရွှေမြေနှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုလည်း အကြိတ်အနယ် ရှိနိုင်ပေသည်။ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့❐**

## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာ မြန်မာစာ ပို့ချချက်

အချပ်ပိုစာမျက်နှာ - ၁

## ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေ ပြဋ္ဌာန်း

အချပ်ပိုစာမျက်နှာ - ၇

## အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

စာမျက်နှာ - ၁၆

themirror.npt@gmail.com
www.facebook.com/themirrordaily

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိမှတ်ဖွယ်ရာမြန်မာစာ

မင်္ဂလာပါတပည့်တို့-

ယခုဆွေးနွေးပို့ချမယ့် ပို့ချချက်ကတော့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် "မြန်မာစာဘာသာရပ် မေးခွန်းလွှာဆိုင်ရာသိမှတ်ဖွယ်ရာများ" ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ ကျောင်းသူကျောင်းသားများအတွက် မြန်မာစာပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ရာမှာ အထောက်အကူပြုနိုင်ဖို့နဲ့ မြန်မာစာဘာသာရပ်ကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုစေနိုင်ဖို့ ရည်ရွယ်ပါတယ်။

တပည့်တို့သိပြီးဖြစ်တဲ့အတိုင်း တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်အတွက် ပြဋ္ဌာန်းထားတဲ့ စာအုပ် ၄ အုပ် ရှိပါတယ်။ အဲဒီစာအုပ်တွေကတော့- မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)၊ မြန်မာစကားပြေလက်ရွေးစင်၊ မြန်မာကဗျာလက်ရွေးစင်နဲ့ ရေသည်ပြဇာတ်တို့ ဖြစ်ပါတယ်။

ဒီကနေ့ပို့ချချက်မှာ စာမေးပွဲဖြေဆိုကြမယ့် တပည့်တို့အနေနဲ့ ဒီပြဋ္ဌာန်းစာအုပ်တွေကို ဘယ်လိုလေ့လာထားသင့်တယ်။ လေ့လာထားတဲ့ပြဋ္ဌာန်းချက်တွေကို စာမေးပွဲမှာ အံဝင်ခွင်ကျဖြစ်အောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာကို အဓိကဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာစာဘာသာရပ်ကို လေ့လာရာမှာ ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ လေ့လာထားရမှာဖြစ်ပေမယ့် စာမေးပွဲဖြေဆိုရာမှာတော့ စာမေးပွဲမေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင်၊ ပေးထားတဲ့အချိန်အတိုင်းအတာအတွင်း ကွက်တိဖြေဆိုနိုင်အောင် လေ့လာကျက်မှတ်လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။ ဒီလိုလေ့လာကျက်မှတ်လေ့ကျင့်နိုင်ဖို့အတွက် မြန်မာစာမေးခွန်းပုံစံကို ဦးစွာ ကျေကျေညက်ညက် သိရှိထားဖို့ လိုအပ်ပါတယ်။

မြန်မာစာ မေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး (၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရအလင်္ကာ(၁)ပုဒ်၊ ကဗျာခမ္မဓိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည် (၁)ပုဒ်၊ စကားပြေခမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း (၁)ပုဒ်၊ စာစီစာကုံး မေးခွန်း (၁)ပုဒ်တို့ ဖြစ်ပါတယ်။ အဲ့ဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများ ပါဝင်မှာ ဖြစ်ပါတယ်။ မေးခွန်းအလိုက် ရွေးချယ်စရာတွေလည်းပါဝင်မှာ ဖြစ်ပါတယ်။

မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ပြဋ္ဌာန်းစာဖြစ်တဲ့ မြန်မာသဒ္ဒါ အတွဲ(၂)၊ အခန်း(၆)မှာ အပိုင်း (၃)ပိုင်း ပါဝင်ပါတယ်။ အဲဒီအပိုင်းတွေကတော့ (က) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ခ) ဝါစင်္ဂဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ (ဂ) ဝါကျဆိုင်ရာသိမှတ်ဖွယ်ရာများတို့ ဖြစ်ကြပါတယ်။ မေးခွန်း(၁)မှာ ဒီကဏ္ဍတွေကို မေးခွန်းပုဒ်ခွဲ (၃)ခုခွဲပြီး မေးလေ့ရှိပါတယ်။ မေးခွန်းပုဒ်ခွဲမေးရာမှာ ကဏ္ဍအလိုက်မေးတာမျိုးမဟုတ်ဘဲ မေးခွန်း ၁(က) မှာ အပိုင်း ၃ ခုစလုံးက အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရှင်းလင်းဖော်ပြချက် စတဲ့ ကျက်မှတ်မှုဆိုင်ရာ မေးခွန်းဖြစ်ပြီး မေးခွန်း ၁(ခ)နဲ့ (ဂ)ကတော့ မြန်မာသဒ္ဒါကို ဘယ်လောက်နားလည်မှု ရှိ မရှိ၊ ဘယ်လောက်လက်တွေ့အသုံးချနိုင်စွမ်း ရှိ မရှိဆိုတဲ့ နားလည်မှုနဲ့ ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်တဲ့ မေးခွန်းဖြစ်ပါတယ်။

မေးခွန်း ၁(က)မှာ မြန်မာသဒ္ဒါပြဋ္ဌာန်းစာပါ အပိုင်း(၃)ပိုင်းစလုံးက သိကောင်းစရာတွေကို စုံလင်အောင် မေးလေ့ရှိပါတယ်။ အပိုင်း(၁) မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများအခန်းမှာ ကဏ္ဍ ၃ ခု ပါဝင်တဲ့အနက် ခေါင်းလောင်းစာ၊ အုတ်ခွက်စာ၊ မင်စာ၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာ စတဲ့ စာအမျိုးမျိုး၊ ခရာဝန်း၊ ခရာထောင့်၊ ဇကွဲပြောင်းလဲပုံ၊ ည ပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ နငယ်ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံ စတဲ့ မြန်မာအက္ခရာကဏ္ဍက မြန်မာအက္ခရာများရဲ့ ယေဘုယျပုံသဏ္ဌာန်နဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ။

ဌာန်၊ ကရိုဏ်းနဲ့ ပယတ်တို့ရဲ့ ဖွင့်ဆိုချက်များ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်တို့ကြောင့် ဖြစ်ပေါ်လာတဲ့ စကားသံအကြောင်း၊ လှုပ်ရှားနိုင်တဲ့စကားသံဖြစ်အင်္ဂါ၊ မလှုပ်ရှားနိုင်တဲ့စကားသံဖြစ်အင်္ဂါ၊ ဌာန် ၇ မျိုး၊ ကရိုဏ်း ၇မျိုး၊ ဌာန်နှင့်ကရိုဏ်း အတွဲ ၇ မျိုး၊ ပယတ် ၄ မျိုး၊ သရရွတ်ဆိုပုံ၊ ဗျည်းရွတ်ဆိုပုံ စတဲ့ ဌာန်၊ ကရိုဏ်း၊ ပယတ်ကဏ္ဍက သိမှတ်ဖွယ်ရာတွေ။

အက္ခရာတူနှစ်လုံးဆင့် ပါဠိပါဠ်ဆင့်ရေးနည်း၊ အက္ခရာကွဲနှစ်လုံးဆင့် ပါဠိပါဠ်ဆင့်ရေးနည်း၊ ပါဠိပါဠ်ဆင့်ဖတ်နည်း၊ မြန်မာပါဠ်ဆင့်ရေးနည်းနှင့် ဖတ်နည်းစတဲ့ ပါဠ်ဆင့်ရေးနည်းနဲ့ ဖတ်နည်းကဏ္ဍက သိမှတ်ဖွယ်ရာတွေကို ထုတ်နုတ်မေးမြန်းလေ့ရှိပါတယ်။

အပိုင်း(၂) ဝါစင်္ဂဆိုင်ရာသိမှတ်ဖွယ်ရာများအခန်းက နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ဝိသေသျ၊ ကြိယာ၊ ဝိဘတ်၊ သမ္ဗန္ဓ၊ လိင် စတဲ့ ဝါစင်္ဂ များ အမျိုးမျိုးရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေနဲ့ အမျိုးအစားတွေအကြောင်းကို လည်း မေးနိုင်ပါတယ်။

အပိုင်း(၃) ဝါကျဆိုင်ရာသိမှတ်ဖွယ်များအခန်းက ဝါကျရိုးသတ်မှတ်ချက်၊ ဝါကျရိုးဖွဲ့ပုံအမျိုးမျိုး၊ ဝါကျရောသတ်မှတ်ချက်၊ ဝါကျရောဖွဲ့ပုံအမျိုးမျိုး၊ အနက်အဓိပ္ပာယ်အရ ဝါကျ(၅)မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျ(၂)မျိုး၊ ပုဒ်အမျိုးအစား (၄)မျိုး၊ ပုဒ်စုအမျိုးအစား (၃)မျိုး စတာတွေကိုလည်း မေးလေ့ရှိပါတယ်။

ဒီမေးခွန်းမှာ မေးတဲ့အကြောင်းအရာအမျိုးအစား များပြားစုံလင်ပေမယ့် ရွေးချယ်စရာတွေ ပါဝင်တာကြောင့် မိမိစိတ်ကြိုက်အပုဒ်တွေကို ရွေးချယ်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ကျက်မှတ်ထားသမျှကို အစီအစဉ်တကျ ရေးပြရမှာဖြစ်ပါတယ်။ သဒ္ဒါအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ဖြေဆိုရာမှာ လိုအပ်တဲ့သာဓကတွေကို ထည့်သွင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကိုလည်း ကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ ပေစာ၊ ပုရပိုက်စာကို ဖြေမယ်ဆိုကြပါစို့။

- ပေစာ၊ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမယ်လို့ ယုံကြည်ရကြောင်း၊
- သို့သော် နှစ်ကာလ အလွန်ကြာညောင်းပြီဖြစ်လို့ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ကြောင်း၊
- အစောဆုံးအနေနှင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစု) က ရေးခဲ့တဲ့ ပေများကို တွေ့နိုင်ကြောင်း၊
- ဒါ့ကြောင့် သက္ကရာဇ် ၁၀၀၀မှ ယနေ့ ၁၃၀၀ ကျော်အထိ နှစ်ပေါင်း ၃၀၀ ကျော်အတွင်းရေးသားခဲ့တဲ့ အက္ခရာတို့ရဲ့ ပုံသဏ္ဌာန်ကို ထိုပုရပိုက်များတွင်လည်း တွေ့နိုင်ကြောင်း၊ ဆိုတဲ့အချက်တွေကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမှာဖြစ်တယ်။

"မြန်မာပါဠ်ဆင့်ရေးနည်း"ဆိုတဲ့ မေးခွန်းကို ဖြေဆိုရာမှာတော့ -

- ရှေးခေတ်မြန်မာတို့သည် ပါဠိဘာသာစာပေနှင့် ရင်းနှီးခဲ့ကြသဖြင့် ပါဠိစကားလုံးများကို ကြားညှပ်ပြောဆိုခြင်း၊ ရေးသားခြင်း ပြုခဲ့ကြကြောင်း၊
- ပါဠိပါဠ်ဆင့်ရေးနည်းများကိုအတုယူ၍ မြန်မာနှစ်လုံးဆင့်ရေးသားမှုများကို ပြုလာခဲ့ကြကြောင်း၊
- ထို့ပြင် ကျောက်စာ၊ ပေစာများရေးသားရာ၌ နေရာအကျဉ်းချုံးရာမှစ၍ မြန်မာနှစ်လုံးဆင့်ရေးနည်းကို သုံးခဲ့ကြကြောင်း၊
- ယင်းသို့ရေးခဲ့ကြသော မြန်မာဝေါဟာရများအနက် အချို့ကို မျက်မှောက်ခေတ်တိုင်အောင် နှစ်လုံးဆင့် ဆက်လက်ရေးသားကြ၍ အချို့ကို လက်ခံသုံးစွဲခြင်း မပြုကြတော့ကြောင်း၊
- အောက်ပါသာဓကအချို့မှာ မျက်မှောက်ခေတ်၌ ဆက်လက်အသုံးပြုလျက်ရှိသော မြန်မာဝေါဟာရ နှစ်လုံးဆင့်ရေးပုံဖြစ်ကြောင်း၊
- (က) ယောက္ခမ၊ (ခ) လိမ္မာ၊ (ဂ) သေတ္တာ ဆိုပြီး အချက်အလက်နဲ့ သာဓကပြည့်စုံအောင် ဖြေရပါမယ်။

မေးခွန်း ၁(ခ) ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း(၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရပါမယ်။

သာဓကပြရမယ်ဆိုရင် အောက်ပါတို့မှ လေးခုကိုရွေးချယ်၍ ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်နာမ်ဖြစ်ကြောင်းဖြေပါဆိုပြီး မေးထားတဲ့ "နေ၊ လက်စွပ်၊ ကူညီမှု၊ အကောင်း၊ မေတ္တာ၊ လွယ်အိတ်" တို့ကို ဖြေမယ်ဆိုရင်-

- "နေ"သည် ပင်ကိုနာမ်
- "လက်စွပ်"သည် ပေါင်းစပ်နာမ်၊
- "ကူညီမှု"သည် ကြိယာနာမ်၊
- "အကောင်း"သည် ဂုဏ်ရည်ပြနာမ်၊
- "မေတ္တာ"သည် ပင်ကိုနာမ်၊
- "လွယ်အိတ်"သည် ပေါင်းစပ်နာမ်၊

ဖြစ်ကြောင်း တိတိကျကျ ဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

ပင်ကိုနာမ်ကို ရေးသားရာမှာ စာလုံးပေါင်းမှန်ကန်ဖို့ သတိပြုရမှာ ဖြစ်ပါတယ်။ "ပင်ကို"ကို ရေးသားရာမှာ ယပက်လက်သတ် မပါဝင်ပါဘူး။ "ပင်ကိုယ်" လို့ရေးသားမိရင် စားလုံးပေါင်းမှားတဲ့အတွက် အမှတ်ဆုံးရှုံးမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းတည်ဆောက်ပုံအရ မည်သည့်ကြိယာဝိသေသနဖြစ်ကြောင်း ဖြေပါဆိုပြီး မေးထားတဲ့ "ခင်ခင်မင်မင်၊ တမှိုင်မှိုင်၊ တက်လိုက်ဆင်းလိုက်၊ စီရရီ၊ ချိုချိုသာသာ၊ ဆာတာတာ" တို့ကို ဖြေရင်-

- "ခင်ခင်မင်မင်" သည် နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊
- "တမှိုင်မှိုင်" သည် ပစ္စည်းဆက် ကြိယာဝိသေသန၊
- "တက်လိုက်ဆင်းလိုက်" သည် ပစ္စည်းဆက် ကြိယာဝိသေသန၊
- "စီရရီ" သည် ကာရန်လိုက် ကြိယာဝိသေသန၊
- "ချိုချိုသာသာ" သည် နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊
- "ဆာတာတာ" သည် ကာရန်လိုက် ကြိယာဝိသေသန၊

ဆိုပြီး တိတိကျကျ ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်း ၁(ဂ) ကတော့ သဒ္ဒါကို အမှန်တကယ်နားလည်တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခု မေးပြီး (၃)ခု ဖြေရမှာ ဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားအလိုက် စကားလုံးတွေကို ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။ ဝါကျထဲက စကားလုံးကို မျဉ်းသားပြီး ဝါစင်္ဂအမျိုးအစား ဖြေဆိုခိုင်းတာမျိုးလည်း မေးနိုင်ပါတယ်။ ဝါစင်္ဂအလိုက် ပေးထားတဲ့ စကားလုံးတွေကို ဝါကျထဲမှာ ကွက်လပ်ဖြည့်ပြီး ဝါစင်္ဂအမျိုးအစား ဖော်ပြခိုင်းတာမျိုးလည်း မေးနိုင်ပါတယ်။

သာဓကအနေနဲ့-

- "အပူတပြင်း"ဆိုတဲ့ ကြိယာဝိသေသနကို ဝါကျဖွဲ့ခိုင်းရင်-

  "ကျွန်တော်သည် ပိုက်ဆံအိတ်ကျပျောက်သွားသဖြင့် <u>အပူတပြင်း</u> ရှာဖွေနေသည်။"
- "တိုင်အောင်"ဆိုတဲ့ အချိန်ဆက်တိုက်ပြဝိဘတ်ကို ဝါကျဖွဲ့ခိုင်းရင်-

  "ညီမလေးသည် နေ့စဉ် ည၁၂နာရီ <u>တိုင်အောင်</u> ကျောင်းစာများကို ကျက်မှတ်လေ့ရှိသည်။"
- "နိုင်" ဆိုတဲ့ ကြိယာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-

  "ကျောင်းသားတိုင်းသည် စာမကြိုးစားလျှင် စာမေးပွဲမအောင်<u>နိုင်</u>ပါ။"

စသဖြင့် ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေ ပြည့်စုံမှန်ကန်ပြီး အဓိပ္ပာယ်ပေါ်လွင်ဖို့ လိုပါတယ်။

မေးခွန်း ၂(က)ဟာ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ်တွေထဲက စာသုံး ပေသုံး၊ ရှေးသုံး ဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံ တိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့ အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာ ကျက်ထားရင် လုံလောက်ပါတယ်။

သာဓကအနေနဲ့-

သိယ်သူ့သမီး စကားပြေထဲက "သတင်းစင်" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် "အကျင့်စင်ကြယ်သည်" ဆိုပြီး ဖွင့်ရပါမယ်။ "သတင်းစင်"ဟာ ကြိယာဖြစ်တဲ့အတွက်ကြောင့် အဖွင့်ဟာလည်း ကြိယာအနက်ပဲ ဖြစ်ရပါမယ်။ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ဖွင့်တာမျိုးတွေ၊ ကြိယာအနက်မဟုတ်ဘဲ နာမဝိသေသနအနက်၊ ကြိယာဝိသေသနအနက် စသည်ဖြင့် အနက်ပြောင်းဖွင့်တာမျိုး မဖြစ်သင့်ပါဘူး။

မြင်စိုင်းရွှေပြည်ကဗျာထဲက "စောလူး" ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် "မြင့်မြတ်၊ ပျိုရွယ်သောမင်း"လို့ ဖွင့်ဆိုရမှာ ဖြစ်ပါတယ်။ နာမ်ဝေါဟာရဖြစ်တဲ့အတွက် ဖွင့်တဲ့အနက်ကလည်း နာမ်အနက်ပဲ ဖြစ်ရပါမယ်။

ရေသည်ပြဇာတ်ထဲက "ကရောကပါး" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် "ကတိုက်ကရိုက်၊ အလောတကြီး" လို့ ဖွင့်ဆိုရပါမယ်။ "ကရောကပါး" ဟာ ကြိယာဝိသေသနဖြစ်တာမို့ အနက်ဖွင့်ကလည်း ကြိယာဝိသေသနအနက် ဖြစ်ရပါတယ်။

မေးခွန်း ၂(က)မှာ စာသုံးပေသုံး၊ ရှေးသုံးဝေါဟာရတွေ အနက်ဖွင့်တဲ့အခါမှာ အဓိပ္ပာယ်မှန်ကန်ဖို့နဲ့ သဒ္ဒါအသုံးမှန်ကန်ဖို့ အထူးလိုအပ်တယ်ဆိုတာ သတိပြုရမှာ ဖြစ်ပါတယ်။

မေးခွန်း ၂(ခ)မှာတော့ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ်တွေမှာပါတဲ့ ဝေါဟာရတွေထဲက မျက်မှောက်ခေတ်တိုင် အသုံးပြုဆဲဖြစ်တဲ့ ခေတ်သုံးဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ပေးထားတဲ့ဝေါဟာရဟာ အဓိပ္ပာယ်တစ်မျိုးထက်မက ကွဲပြားမှုရှိနိုင်ပေမယ့် မေးခွန်းသဘောအရ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့အနက် ပေါ်လွင်တဲ့ ဝါကျမျိုးလည်း ဖြစ်ရပါမယ်။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ ကတ္တားမပါတဲ့ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

သာဓကအနေနဲ့-

ဦးပေါင်းကျားနဲ့ မြင်းကျားရှင်စကားပြေထဲက "ကြုံးဝါး" ဆိုတဲ့ ဝေါဟာရကိုဝါကျဖွဲ့ရင်-

- "မောင်မောင်သည် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရအောင် ဖြေဆိုမည်ဟု <u>ကြုံးဝါး</u>သည်။" ဆိုတဲ့ ဝါကျမျိုး ရေးသားနိုင်ပါတယ်။

နွေဦးကာလ မြူထသောခါ ကဗျာက "မြူ" ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင်-

- "နွေဦးကာလတွင် ပတ်ဝန်းကျင်တစ်ခုလုံး <u>မြူ</u>များအုံ့ဆိုင်းနေသည်။"

ဆိုတဲ့ ဝါကျမျိုး ရေးဖွဲ့နိုင်ပါတယ်။

ရေသည်ပြဇာတ်ထဲက "ဒလဟော" ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင်-

- "တောင်ကျချောင်းမှ ရေတို့သည် တောင်အောက်သို့ <u>ဒလဟော</u> စီးဆင်းနေသည်။" ဆိုတာမျိုး ရေးနိုင်ပါတယ်။

ဝါကျဖွဲ့ရာမှာ ပေးထားတဲ့ဝေါဟာရရဲ့ အဓိပ္ပာယ်အသုံးမှန်ကန်ဖို့လိုသလို သဒ္ဒါနေရာလည်း မှန်ဖို့လိုပါတယ်။ နာမ်စကားလုံးဆိုရင် နာမ်နေရာ၊ ကြိယာဆိုရင် ကြိယာနေရာ၊ ကြိယာဝိသေသနဆိုရင် ကြိယာဝိသေသန သူ့နေရာနဲ့သူ မှန်အောင်ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။

မေးခွန်း ၂(ဂ)ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ စကားပြေ၊ ကဗျာ၊ ရေသည်ပြဇာတ် ပြဋ္ဌာန်းစာတွေထဲက အလင်္ကာမြောက်တဲ့ အရေးအဖွဲ့တွေကို ထုတ်နုတ်ပြီး ရှင်းလင်းဖြေဆိုခိုင်းပါတယ်။ ထုတ်နုတ်ထားတဲ့ အလင်္ကာမြောက်အရေးအဖွဲ့တွေမှာ ဥပမာ၊ ရူပက၊ ဝင်္ကဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲ အစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပြီး ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ်ဆိုတာတွေကို ဖြေဆိုခိုင်းတာ ဖြစ်ပါတယ်။ မေးခွန်း(၈)ခု မေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။

အလင်္ကာကို ဖြေဆိုရာမှာ ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းဖွဲ့ဆိုထားကြောင်း၊ ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝင်္ကဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိ အလင်္ကာကိုဖြေရင် ဘယ်လိုအလွန်အကြူးရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာအလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီး ရှင်းပြရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ -

"မုဆိုးညစ်ထေး ငမိုက်ခွေး" ဆိုတဲ့ ရူပကအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စကားပြေမှ သောနုတ္တရမုဆိုး၏ မိုက်မဲပုံဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်းဖြစ်ကြောင်း၊
- မိုက်မဲဆိုးသွမ်းသော ဂုဏ်ရည်ချင်းတူသည့် မုဆိုး(အနှိုင်းခံ) နှင့် ငမိုက်ခွေး/ခွေးမိုက် (အနှိုင်း) ဂုဏ်ရည်တူချင်း ထပ်တူပြုရေးဖွဲ့ထားသောကြောင့် ရူပကအလင်္ကာ မြောက်ကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

"ရွှေချသလို" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို ဦးပုည၏ ရေသည်ပြဇာတ်တွင် ရေသည်ယောကျ်ားက မိမိဘဝအခြေအနေ တိုးတက်လာမည့်အကြောင်းနှင့် ဆက်စပ်၍ ပြောဆိုသည့်စကားအဖြစ် သုံးနှုန်းထားကြောင်း၊
- ဘဝအခြေအနေ ကောင်းမွန်တိုးတက် ပြောင်လက်လာပုံ (အနှိုင်းခံ) ကို ပစ္စည်းရွှေချ၍ ပြောင်လက်လာပုံ(အနှိုင်း)နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း၊

ရှင်းပြဖြေဆိုရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၂ သို့ »»

»» စာမျက်နှာ ၁ မှ

"ထိမ်ကွန်းငယ်ခို" ဆိုတဲ့ ဝက်ဝုတ္တိအလင်္ကာကို ဖြေမယ်ဆိုရင်-

- ဤအလင်္ကာကို "ဌာနီပြည်ကြီးက ဝေးသနှင့်" ကဗျာတွင် နေဝင်သွားကြောင်းဖော်ပြရာ၌ ဆက်စပ်သုံးနှုန်းထားကြောင်း၊
- "နေဝင်သွားသည်" ဟုတိုက်ရိုက်မရေးဘဲ နေသည် ထိမ်ပင်ပေါက်ရောက်ရာ အနောက်ကျွန်းသို့ ခိုဝင်သွားကြောင်း "ထိမ်ကွန်းငယ်ခို" ဟု သွယ်ဝိုက်ရေးသားထားသဖြင့် ဝက်ဝုတ္တိအလင်္ကာမြောက်ကြောင်း၊ ရှင်းပြဖြေဆိုရမှာ ဖြစ်ပါတယ်။

အလင်္ကာမေးခွန်းမှာ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားမှုမရှိတဲ့ အရေးအဖွဲ့မျိုးကို မေးမှာမဟုတ်သလို ဝိဝါဒကွဲပြားနိုင်တဲ့အရေးအဖွဲ့မျိုးကိုလည်း မေးမှာမဟုတ်ဘဲ အလင်္ကာမြောက်ကြောင်း ပေါ်လွင်ထင်ရှားတဲ့ အရေးအဖွဲ့မျိုးကိုသာ မေးမှာဖြစ်ပါတယ်။ ဖြေဆိုရာမှာလည်း ပါဝင်တဲ့ ပြဋ္ဌာန်းစာ၊ သက်ဆိုင်ရာအလင်္ကာအမျိုးအစားအလိုက် ပါဝင်ရမယ့်သော့ချက်စကားလုံးတွေပါဝင်ပြီး မည်သည့်အလင်္ကာမြောက်ကြောင်း မှန်ကန်စွာဖြေဆိုနိုင်မယ်ဆိုရင် အမှတ်ပြည့်ရရှိမှာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများ ဖြစ်ပါတယ်။

၃ (က)မှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ မေးပါတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေအတွက်-

- ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊
- ကဗျာရေးတဲ့ခေတ်၊
- ကဗျာအမျိုးအစား၊
- ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊
- ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊
- ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

ရွှေနှင့်ယိုးမှားပန်းစကားကဗျာကို ပုဂံခေတ်မှာရေးခဲ့ကြောင်း၊ မြင်စိုင်းရွှေပြည်ကဗျာကို ငါးစီးရှင်ကျော်စွာ ရေးဖွဲ့ခဲ့ကြောင်း၊ ဝိဇ္ဇာသိပ္ပလူ့ကိစ္စကဗျာကို ကိုးခန်းပျို့မှ ထုတ်နုတ်ထားကြောင်း၊ ဌာနီပြည်ကြီးကဝေးသနှင့်ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်း ဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း ၃(ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့ သုတရသတွေကို လေ့လာထားရပါမယ်။ အရေးအကြီးဆုံး အဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့ မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကိုမေးတာလား စသည်ဖြင့် ကွဲကွဲပြားပြားသိဖို့ လိုအပ်ပါတယ်။

သာဓကအနေနဲ့-

တောင်သူကြီး ကဗျာမှပေးသော ရသနှင့်အသိအမြင်ကို တင်ပြပါဆိုတဲ့ မေးခွန်းကို ဖြေမယ်ဆိုပါစို့။

ရသကိုသာဖြေပြီး အသိအမြင်ကို မဖြေလို့မရပါဘူး။ အသိအမြင်ဆိုတာ ဒီကဗျာနဲ့ပတ်သက်တဲ့ ကဗျာကပေးတဲ့အသိကို ဖော်ပြရမှာဖြစ်တယ်။

- တောင်သူကြီးဟာ ဘေးဘိုးစဉ်ဆက် ဘုရင့်အမှုတော်ထမ်းခဲ့ပုံ၊ ရန်အပေါင်း ဖြိုခွင်းနိုင်ပုံစတဲ့ စွမ်းရည်သတ္တိတွေကို သိရတဲ့အတွက် ဝီရရသခံစားရကြောင်း၊
- ကုန်းဘောင်ခေတ်ကတည်းက တိုင်းပြည်နဲ့ အရှင်မင်းမြတ်အပေါ် သစ္စာရှိတဲ့ ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေရှိနေပြီဆိုတာကို သိမြင်ရကြောင်း၊
- တိုင်းရေးပြည်မှုပြီးချိန်မှာ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စိုက်ပျိုးပြီး လူပျိုကြီးဘဝနဲ့ ပျော်မွေ့ပုံ ကျေနပ်ပုံတို့ကိုသိရတဲ့အတွက် အေးငြိမ်းတဲ့ သန္တရသ ခံစားရကြောင်း၊
- မြန်မာလူမျိုးတို့ဟာ တောင်သူလယ်လုပ် ရိုးရာအသက်မွေးမှုတို့ဖြင့် လုပ်ကိုင်ကြတယ်ဆိုတဲ့ အသိအမြင်များ သိမြင်လာကြောင်း၊
- တောင်သူကြီးဟာ ချက်ပြုတ်ပြီးတဲ့အခါ အပျိုငယ် ရွှေနံကားအောင် စားပါလှည့်လို့ ဖိတ်ခေါ်နေတဲ့အတွက် ပြုံးရွှင်ဖွယ်ဟာဿရသ ခံစားရကြောင်း၊
- ရိုးသားပွင့်လင်းတဲ့ မြန်မာတို့ရဲ့ စိတ်ဓာတ်နဲ့ စရိုက်ဟာ မြတ်နိုးဖွယ်ကောင်းတယ်ဆိုတဲ့ အသိအမြင်တွေရရှိကြောင်း တင်ပြရမှာဖြစ်ပါတယ်။

ဒါကြောင့် ကဗျာမေးခွန်းကို ဖြေတဲ့အခါမှာ မေးခွန်းမှာပေးထားတဲ့ တောင်သူကြီးကဗျာမှ ရသနဲ့ အသိအမြင်ဆိုတဲ့ (၂)ပိုင်းကို (၂)ပိုင်းစလုံးပါအောင် ပြည့်စုံစွာဖြေဆိုနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

ဖြေဆိုရာမှာ အချက်တစ်ချက်စီကို ရသတစ်လှည့် အသိအမြင်တစ်လှည့် ဖြေဆိုနိုင်သလို ရသတစ်ပိုင်း အသိအမြင်တစ်ပိုင်းလည်း ဖြေဆိုနိုင်ပါတယ်။ ဖြေဆိုတင်ပြမှုဟာ ကျောင်းသူ ကျောင်းသားတွေရဲ့ ကိုယ်ပိုင်အတင်အပြပဲ ဖြစ်သင့်ပါတယ်။ ကဗျာစာသား အကိုးအကား ကောက်နုတ်ချက်တွေကိုလည်း အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြသင့်ပါတယ်။

ကျောင်းသူကျောင်းသားတွေအနေနဲ့ ကဗျာမေးခွန်းရှည် ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်ရာမှာ ကဗျာတစ်ပုဒ်ရဲ့ အဓိကကျတဲ့အချက်အလက်နဲ့ ပေါ်လွင်ကောင်းမွန်တဲ့ ကဗျာစာသား ကောက်နုတ်ချက်တွေကို ထုတ်နုတ်ကျက်မှတ်ထားဖို့ လိုပါတယ်။ ကဗျာတစ်ပုဒ်ကို ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်တဲ့အတွက် အဓိကကျတဲ့အချက်နဲ့ ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို အမိအရကျက်မှတ်ထားမယ်ဆိုရင် ဘယ်လိုရှုထောင့်ကပဲမေးမေး မိမိရဲ့ကိုယ်ပိုင်အတင်အပြနဲ့ အံဝင်ခွင်ကျဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ အဆင်သင့်အဖြေအမျိုးမျိုးကို အစအဆုံး ကျက်မှတ်နေမယ်ဆိုရင် ပုဒ်ရေများစွာ ကျက်မှတ်နေရမယ့်အပြင် မိမိကိုယ်ပိုင် အတင်အပြလည်း ဖြစ်မလာတဲ့အတွက် ကောင်းမွန်တဲ့ရမှတ်ကို ရရှိနိုင်မှာမဟုတ်ပါဘူး။

မေးခွန်း ၄ ကတော့ မြန်မာစကားပြေလက်ရွေးစင်ထဲကမေးတာ ဖြစ်ပါတယ်။ မေးခွန်း ၄ မှာ (က) နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။

မေးခွန်း ၄ (က) က ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း-

- စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊
- ထုတ်နုတ်သည့် မူရင်းစာအုပ်၊
- စကားပြေ၏ ဆိုလိုချက်အကြောင်းအရာ၊
- အဲဒီစကားပြေရေးတဲ့ခေတ်၊

စတဲ့ စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

သိယ်သူ့သမီးသည် မထိလို၏မြေးဖြစ်ကြောင်း၊ ကျောင်းနေ ရဟန်းသံဃာတို့အတွက် လယ်၊ ဥယျာဉ်နှင့်ကျွန်များလှူကြောင်း၊ စီးချင်းတိုက်ပွဲစကားပြေကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှ ထုတ်နုတ်ထားကြောင်း၊ ဦးပေါင်းကျားနှင့် မြင်းကျားရှင် စကားပြေတွင် "ငါမအိုသေး"ဟု မိန့်တော်မူသော မင်းကြီးမှာ အလောင်းစည်သူ ဖြစ်ကြောင်း၊ မိခင်သောက စကားပြေကို ဝေဿန္တရာဇာတ်တော်ကြီး မဒ္ဒီပဗ္ဗခန်းမှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်း၊ မိတဆိုးရှင်ပြုစကားပြေသည် ကိုထွန်းကျော်၏သား ရှင်လောင်းငပု၏ရှင်ပြုပွဲကို အသေးစိတ်ရေးထားသောစကားပြေဖြစ်ကြောင်း၊ ပတ္တမြားကျောက်စီဓား ဝတ္ထုတိုတွင် သူရဲကောင်းတို့၏ လေးစားထိုက်သောဂုဏ်ရည်ကို ပေါ်လွင်စွာ ရေးဖွဲ့ထားကြောင်း စတဲ့ စကားပြေဆိုင်ရာ သိမှတ်ဖွယ်ရာတွေကို စေ့စပ်သေချာစွာ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၄(ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသ သင်ခန်းစာတွေကို လေ့လာရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့ လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြားနားလည်ရန် လိုအပ်ပါတယ်။ မိမိ လေ့လာကျက်မှတ်ထားသမျှကို မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုနိုင်ဖို့ အထူးအရေးကြီးပါတယ်။

သာဓကအနေနဲ့ ၄ (ခ) မေးခွန်းဖြစ်တဲ့ "မိခင်သောက" စကားပြေမှ မင်းဘူးဆရာတော် ဦးဩဘာသ၏ အရေးအဖွဲ့များသည် ကရုဏာ ရသမြောက်စေကြောင်း လေ့လာတင်ပြပါဆိုတဲ့ မေးခွန်းကို တင်ပြလိုပါတယ်။

ဒီမေးခွန်းကိုဖြေတဲ့အခါမှာ ဒီစကားပြေမှာပါတဲ့ ကောင်းနိုးရာရာ အရေးအဖွဲ့တွေကို ထုတ်နုတ်ပြီး ကရုဏာရသမြောက်ကြောင်း တင်ပြရမှာ ဖြစ်ပါတယ်။ အဖွဲ့ကောင်းများကြောင့် မိခင်တစ်ဦးရဲ့သောက ပေါ်လွင်လာစေကြောင်း၊ အရေးအဖွဲ့တစ်ခုစီကို မိခင်တစ်ဦးရဲ့ ခံစားချက်နှင့်ယှဉ်ပြီး စာဖတ်သူကို ကရုဏာရသဖြစ်လာစေတယ်ဆိုတာ ဝေဖန်သုံးသပ်ပြဖို့ ဖြစ်ပါတယ်။ သားသမီးတို့နှင့်အတူ နေခဲ့ရတဲ့ ယခင်အခြေအနေနဲ့ သားသမီးတို့ကိုမတွေ့ရတော့တဲ့ ယခုအခြေအနေတို့ကို နှိုင်းယှဉ်လျက် ပုံပန်းသဏ္ဌာန်အမူအရာပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၊ စိတ်ခံစားမှုအခြေအနေပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများရဲ့ အစွမ်းအာနိသင်တို့ကြောင့် မိခင်သောကခံစားမှု အရှိန်တိုးမြင့်လာပုံ၊ သားပျောက်မိခင်တစ်ဦးရဲ့ ဝေဒနာတိုးပြီး ခံစားလာရပုံတို့ကို မိခင်တစ်ဦးရဲ့ ကိုယ်နှုတ်အမူအရာမှတစ်ဆင့် စာဖတ်သူထံ ကူးစက်လာကာ ကရုဏာရသမြောက်ပုံ၊ စိတ်မျက်စိ၌ ထင်မြင်လာအောင်ရေးဖွဲ့ထားပုံ၊ နှုတ်မှ တတွတ်တွတ်မြည်တမ်းပုံတို့ကို စိတ်နားထဲကြားယောင်လာအောင် ရေးဖွဲ့ထားပုံတို့ကြောင့် ကရုဏာရသမြောက်လာပုံတို့ကို ထုတ်ဖော်တင်ပြရမှာ ဖြစ်ပါတယ်။

စကားပြေမေးခွန်းရှည် ဖြေဆိုနိုင်ဖို့အတွက် ပြင်ဆင်ရာမှာ ကဗျာမေးခွန်းရှည်မှာလိုပဲ စကားပြေတစ်ပုဒ်ရဲ့ အဓိကကျတဲ့ အချက်အလက်နဲ့ ပေါ်လွင်ကောင်းမွန်တဲ့ စာသားကောက်နုတ်ချက်တွေကို ထုတ်နုတ်ကျက်မှတ်ထားဖို့ လိုပါတယ်။ စကားပြေတစ်ပုဒ်ကိုလည်း ကဗျာမေးခွန်းရှည်လိုပဲ ရှုထောင့်အမျိုးမျိုးက မေးမြန်းနိုင်တဲ့အတွက် အဓိကကျတဲ့အချက်နဲ့ ကောင်းမွန်တဲ့စာသားကောက်နုတ်ချက်တွေကို အမိအရကျက်မှတ်ထားမယ်ဆိုရင် ဘယ်လိုရှုထောင့်ကပဲမေးမေး မိမိရဲ့ ကိုယ်ပိုင်အတင်အပြနဲ့ အံဝင်ခွင်ကျ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

မေးခွန်း ၅ ကတော့ ရေးသည်ပြဇာတ်မေးခွန်း ဖြစ်ပါတယ်။ မေးခွန်း ၅ မေးခွန်းမှာ (က) နဲ့ (ခ) ဆိုပြီးတော့ ၂-ပုဒ် မေးပါတယ်။

မေးခွန်း ၅(က) မှာ စကားစပ်မေးပါတယ်။ စကားစပ်ကို ဖြေတဲ့အခါမှာတော့ ပေးထားတဲ့စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့အတွက် ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရပါမယ်။

စကားစပ်ကို ဖြေတဲ့နေရာမှာ သိထားရမယ့် အချက်အလက်တွေ ရှိပါတယ်။ အဲဒါကတော့ မည်သည့်အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း (၁) အခန်း(၂) စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေးသည်ယောကျ်ား စကားဆိုခန်း၊ ရေးသည်မိန်းမစကားဆိုခန်း၊ ရေးသည်ယောကျ်ား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်း တောင်းပန်ခန်း စသည်ဖြင့် အခန်းအမှတ်ရော အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

နောက်တစ်ခုကတော့ စကားစပ်မှာဖြေရမယ့် ဆိုလိုရင်းအဓိပ္ပာယ်ကိစ္စ ဖြစ်ပါတယ်။ ပေးထားတဲ့စာပိုဒ်ရဲ့အဓိပ္ပာယ်ကို ဖြေရတဲ့အခါမှာ သတိပြုရမယ့် အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ မပါတဲ့စကားကို ဆက်ပြီးထည့်ရေးတာမျိုး မဖြစ်သင့်ပါဘူး။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းတွေ ဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၅) ပုဒ်ခွဲ(ခ)မှာတော့ ရေးသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) ကတော့ ဇာတ်ဆောင်တွေအကြောင်းနဲ့ ဇာတ်ဆောင်တွေရဲ့ စရိုက်သဘာဝအဖွဲ့ ဖြစ်ပါတယ်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ (၅) ပိုင်းရှိပါတယ်။

(၁) ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမဆင်းရဲပုံ
(၂) ရေသည်ယောကျ်ား ငွေလေးရွေးတပ်မက်ပုံ
(၃) ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ
(၄) အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနဲ့
(၅) တောထွက်ရန်ပြောဆိုပုံ -

တို့ ဖြစ်ပါတယ်။ အဲဒီဇာတ်လမ်းအဖြစ်အပျက်(၅)မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။

နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ အဓိကဇာတ်ဆောင် ၃ ယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

အဲဒီအကြောင်းအရာ မေးခွန်းတွေကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက်တွေကို ထည့်ပြီးမရေးရပါဘူး။ ဒါပေမဲ့ ရေးသည်ပြဇာတ်စာဆို ဦးပုည သုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသားတင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာ ဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင်စကားပြေနဲ့ ရေးရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်စကားပြေကို ပိုပြီးအသက်ဝင်အောင်၊ မိမိအဖြေကို ပိုပြီးပြည့်စုံအောင် ပြဇာတ်စာသားအကိုးအကား ထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့ အကြောင်းအရာမေးခွန်းဖြစ်တဲ့ ရေသည်ယောကျ်ားရဲ့ ပုံပန်းသွင်ပြင်နဲ့ ဘဝသရုပ်ကို ဖြေဆိုမယ် ဆိုကြပါစို့။ ရေသည်ယောကျ်ားရဲ့ ရုပ်အသွင်အပြင်၊ ဝတ်စားဆင်ယင်ပုံနဲ့ ဘဝအခြေအနေတို့ပါအောင် ဖြေဆိုရပါမယ်။ သေးငယ်လွန်းလှတဲ့ သျှောင်ဆံထုံး၊ မွဲခြောက် စုတ်ချာနေတဲ့ဆံပင်စတဲ့ရုပ်သွင်၊ စုတ်ဖွာညံ့ဖျင်းလှတဲ့ ခါးဝတ်ပုဆိုးကို ဝတ်ဆင်ထားပုံ၊ ထမင်းနှင့်ချဉ်ပေါင်ကိုသာ စားသောက်ရတဲ့ဘဝ၊ ခြိုးခြိုးခြံခြံနှင့် ငွေလေးရွေး စုဆောင်းထားနိုင်ပုံ စတဲ့ ရေသည်ယောကျ်ားရဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါဇာတ်လမ်းနဲ့ဆက်စပ်ပြီး ဖြေပေးရမှာ ဖြစ်တယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာမေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။ အမှတ်(၂၀) ပေးတဲ့ မေးခွန်းဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်းအချက်အလက်တွေကို အခြေခံပြီး ရေးရမှာဖြစ်ပါတယ်။

စာစီစာကုံးဟာ တစ်ပုဒ်လုံး အစအဆုံး အလွတ်ကျက်မှတ်ထားရမယ့် စာမျိုးမဟုတ်ဘဲ ကျက်သင့်တဲ့ အချက်အလက်တွေကိုကျက်၊ မှတ်သင့်တဲ့ အချက်အလက်တွေကိုမှတ်ပြီး မြန်မာစာအရေးအသားဆိုင်ရာ နည်းနာများနဲ့ အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်ဆည်းပူးထားရမယ့် ကျင့်စာဖြစ်တယ်ဆိုတာ နားလည်ထားရမယ်။ စာစီစာကုံးဆိုတာ စာကိုပြေပြေပြစ်ပြစ်စီကုံးရေးသားရတဲ့ စကားပြေအဖွဲ့ပုံစံတစ်မျိုး ဖြစ်တယ်။ စကားပြေအရေးအသားမှာ စာဟန်နဲ့ ပြောဟန်ဆိုပြီး ဟန်နှစ်မျိုးရှိတဲ့အနက် စာစီစာကုံး ရေးသားရင်တော့ စာဟန်ကိုပဲ အသုံးပြုရပါမယ်။

စာစီစာကုံးအမျိုးအစားကို အဖွဲ့ပုံသဏ္ဌာန်အရ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ဆိုပြီး ၄ မျိုး ခွဲလေ့ရှိတယ်။ သရုပ်ဖော်အဖွဲ့ဟာ သက်ရှိသက်မဲ့တွေရဲ့ ပုံပန်းသွင်ပြင်တွေ၊ အသံတွေစတာကို မြင်ယောင်ကြားယောင်လာအောင် ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ ဖြစ်စဉ်ပြအဖွဲ့ကတော့ အချိန်ကာလရွေ့လျားတဲ့အစဉ်အတိုင်း အဖြစ်အပျက်တွေကို စီကာစဉ်ကာ ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ ဖြစ်စဉ်ပြအဖွဲ့ဟာ သရုပ်ဖော်အဖွဲ့နဲ့ တွဲဖက်လေ့ရှိပါတယ်။ အာစရိယပူဇော်ပွဲ၊ ကျောင်းအားကစားပွဲမြင်ကွင်း စတဲ့ ခေါင်းစဉ်တွေဟာ ဖြစ်ရပ်ဖြစ်စဉ်တစ်ခုကို ရွေ့လျားတဲ့အစဉ်အတိုင်း ရေးသားရမှာဖြစ်ပြီး ထိုဖြစ်စဉ်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးသားရမယ့် စာစီစာကုံးမျိုးဖြစ်တယ်။

ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ အကြောင်းအရာတစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ စည်းကမ်းလိုက်နာဘေးကင်းကွာ၊ စာအုပ်စာပေ လူ့မိတ်ဆွေ၊ ဝန်းကျင်သန့်ရှင်း ရောဂါကင်း စတဲ့ ခေါင်းစဉ်တွေဟာ အကြောင်းရပ်တစ်ခုခုကို နားလည် သဘောပေါက်အောင် ဖွင့်ဆိုရှင်းလင်းရေးသားရတဲ့ စာစီစာကုံးခေါင်းစဉ်မျိုး ဖြစ်ပါတယ်။ ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ ကျိုးကြောင်းပြအဖွဲ့နဲ့ ဆက်စပ်လျက်ရှိပါတယ်။ ကျိုးကြောင်းပြအဖွဲ့ကတော့ သဘောတစ်ခုခု အယူအဆတစ်ခုခုကို ယုံကြည်လက်ခံအောင် အကျိုးအကြောင်း ဆက်စပ်ဖွဲ့ပြတဲ့ အဖွဲ့မျိုးဖြစ်ပါတယ်။ ဝန်းကျင်အလှ ထိန်းသိမ်းကြ၊ ပညာမြင့်မား ပြည်ထွန်းကား၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး စတဲ့ခေါင်းစဉ်တွေဟာ ဆိုလိုချက်တစ်ရပ်ကို စာဖတ်သူ လက်ခံယုံကြည်လာအောင် အကျိုးသင့်အကြောင်းသင့် ဆက်စပ်ရေးသားရတဲ့ ခေါင်းစဉ်မျိုး ဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ စာစီစာကုံးအမျိုးအစား ၄ မျိုးမှာ ဘယ်ခေါင်းစဉ်ဟာ မိမိနဲ့ သင့်တော်မယ်ဆိုတာ ချိန်ဆပြီး ကိုယ်ရေးမယ့် စိတ်ကြိုက်ခေါင်းစဉ်ကို မှန်ကန်စွာ ရွေးချယ်ရမှာ ဖြစ်ပါတယ်။ စာမေးပွဲမေးခွန်းမှာ ပေးထားသော ခေါင်းစဉ်များသည် ကျောင်းသူကျောင်းသားများ စိတ်ကြိုက်ရွေးချယ်နိုင်ဖို့အတွက် စာစီစာကုံးအမျိုးအစားတွေ မျှတစွာပေးထားလေ့ရှိပါတယ်။

စာစီစာကုံးမေးခွန်းမှာ ခေါင်းစဉ်နဲ့အတူ ရေးသားမယ့်အကြောင်းအရာအတွက် ပုံကြမ်းများလည်း ပေးထားပါတယ်။ ပုံကြမ်းများဟာ ခေါင်းစဉ်နဲ့ အံဝင်ခွင်ကျ ရေးသားနိုင်စေဖို့အတွက် အထောက်အကူပြုချက်တွေသာ ဖြစ်ပါတယ်။ ပုံကြမ်းပါအချက်တွေဟာ ယေဘုယျအချက်တွေသာဖြစ်တဲ့အတွက် မိမိအတွေ့အကြုံ ဗဟုသုတကြွယ်ဝရင် ကြွယ်ဝသလောက်၊ အလေ့အကျင့်ကောင်းရင် ကောင်းသလောက် ထိရောက်စွာအသုံးပြုနိုင်မယ့် အချက်များသာ ဖြစ်ပါတယ်။ အထူးသတိပြုရမယ့် အချက်ကတော့ ပုံကြမ်းပါအချက်တွေကို သတိမမူဘဲ ကိုယ်အလွတ်ကျက်ထားတာတွေကိုပဲ ပြန်ရေးချမယ်ဆိုရင်တော့ မေးခွန်းနဲ့အံဝင်ခွင်ကျ

စာမျက်နှာ ၇ သို့ »»

## ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်ကံတိုင်း ဘယ်ပေတာစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်– ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဝထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ– မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ၀၇၀–၁၂–၁၀၀–၇၃–၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။ (ဖုန်း–၀၉ ၂၁ ၁၀ ၃၀၅ ၊ ၀၉ ၇၀၇ ၆၆၆၆ ၇၀၊ ၀၉ ၇၈ ၇၈ ၇၇ ၉၆၉၊ ၀၉ ၂၆ ၃၂ ၄၄၄ ၆၆ )

## ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှကုသိုလ်ယူနိုင်ပါသည်–

(နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)

| | သာဝတ္ထိ | ဂယာ | မိဂဒါဝုန် | ကုသိနာရုံ |
|---|---|---|---|---|
| ၁။ မြေ(၁)စတုရန်းပေ (ကျပ်) | | ၂၅,၀၀၀ | ၁၅,၀၀၀ | ၁၀,၀၀၀ |
| ၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်) | ၂၀,၀၀၀ | ၂၂,၀၀၀ | ၂၁,၀၀၀ | ၂၀,၀၀၀ |

ရုံးချုပ်– ကွန်ဒို(E) ၊ မြေညီထပ် ၊ ကမ္ဘာအေးစေတီလမ်း ၊ ကမ္ဘာအေးဘုရားလမ်း ၊ (၈)မိုင် ၊ မရမ်းကုန်း ၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ – အမှတ်(၄၈၁) ၊ မြေညီထပ် ၊ ကုန်သည်လမ်း နှင့် ဗိုလ်အောင်ကျော်လမ်းထောင့် ၊ ဘိုကလေးဈေးအနီး ၊ ဗိုလ်တထောင်မြို့နယ် ၊ ရန်ကုန်။ ☎ ၀၉-၅၃၂၁၀၁၂

## "ဘုရားအဆူဆူ နိဗ္ဗာန်ယူသည့် ကုသိနာရုံ မလ္လာရာမ ဝိဟာရ၌ ဒါနမှတ်တိုင် စိုက်ထူနိုင်ပြီ"

သံဝေဇနီယလေးဌာနတွင် သံဝေဂအရခုံဌာနဖြစ်သော ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ၌ ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်း ဆရာတော် ဘဒ္ဒန္တ ဒေါက်တာဇဝန ဦးစီး၍ "မလ္လာရာမ ဝိဟာရ မြန်မာကျောင်း" ဆောက်လုပ်လျက်ရှိရာ မြေအောက်ထပ်နှင့် မြေညီထပ် ပြီးစီးပြီဖြစ်ပါသည်။ (၁)စတုရန်းပေလျှင် မြေကွက်(၁၀,၀၀၀)ကျပ် ၊ ကျောင်းဆောင်(၂၀,၀၀၀)ကျပ် ၊ အိပ်ခန်း(၁)ခန်းလျှင် ဒေါ်လာ(၅၀၀၀)နှုန်းဖြင့် ရုံးချိန်အတွင်း အောက်ပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်–

ဘဒ္ဒန္တ ဒေါက်တာဇဝန (မဟာအောင်မြေကျောင်း)
ဖုန်း +၉၁ ၉၉၇၃၄၅၄၅၀၃ (ဗုဒ္ဓဂယာ / စက်ဘူ)
ဘဒ္ဒန္တ ဒေါက်တာသုပိယ (မဟာအောင်မြေကျောင်း)
ဖုန်း +၉၁ ၉၉၇၃၄၅၄၅၀၃ (ဗုဒ္ဓဂယာ / အိန္ဒိယ)
ဘဒ္ဒန္တ နာရဒ (အောင်ချမ်းသာကျောင်းတိုက်)
ဖုန်း ၀၉၇၃၁၁၇၂၇၇ (ကမာရွတ် ၊ လှိုင်)
ဘဒ္ဒန္တ ဝဏ္ဏသာရ (ဖြူဝိဟာရကျောင်း)
ဖုန်း ၀၉၄၃၀၂၃၀၆၂ (မြောက်ဥက္ကလာပ)
မလ္လာရာမဝိဟာရမြန်မာကျောင်း (ကုသိနာရုံ၊ယူပီ၊အိန္ဒိယ)
ဦးဝဏ္ဏသာမိ +၉၁၉၅၅၉၈၁၃၅၇၆၀
ဦးကောဝိဒ +၉၁၉၉၈၄၁၃၆၁၃၁
ဦးမျိုးမင်းတင်ထွန်း+ဒေါ်တင်တင်မိုး (ဒဂုံမြို့နယ်)
Moe & More Co.,Ltd.
ဖုန်း– ၀၉၅၁၁၇၅၂၅ ၊ ၀၉-၅၁၉၈၉၃၁

**ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ**

| အမည် | | မြို့နယ် | ဖုန်း |
|---|---|---|---|
| ဒေါ်တင်တင်ကြည် | (ခင်နန္ဒာ) | မရမ်းကုန်း | ၀၁-၆၅၅၅၂၀ |
| | | ဗိုလ်တထောင် | ၀၉-၅၃၂၁၀၁၂ |
| ဒေါ်ဥဥအောင် | (ဟံသာမွန်) | ဗဟန်း | ၀၁-၃၇၅၇၆၂ |
| ဒေါ်စိုးသီတာထွေး | (မဟာအောင်ပန်း) | ဗဟန်း | ၀၉-၈၆၃၅၃၅၇ |
| ဒေါ်ချိုသာခင် | (ရွှေမှုံဩ) | ဗဟန်း | ၀၉-၈၃၂၇၇၇၇ |
| ဒေါ်ကြည်ကြည်မြင့် | (ရွှေမဟာ) | စမ်းချောင်း | ၀၁-၅၃၂၀၈၆ |
| ဒေါ်မြင့်မြင့်အေး | (ဓမ္မပီတိ) | စမ်းချောင်း | ၀၉-၂၀၃၉၈၃၃ |
| ဦးဆန်းရွှေ | (ရွှေသားပိုက်ကောင်) | စမ်းချောင်း | ၀၁-၅၀၀၁၂၅ |
| ဒေါ်မေသူထက် | (တိုးတိုးရတနာ) | စမ်းချောင်း | ၀၁-၅၀၃၉၂၅ |
| ဒေါ်အေးအေးမြင့် | (ရတနာမိုး) | လသာ | ၀၉-၇၃၀၂၉၃၁၅ |
| ဦးဇော်ဝင်း | (လပ်ကီးစမိုင်းလ်) | လသာ | ၀၁-၃၈၃၄၆၀ |
| ဒေါ်မေသူမောင် | (မေသူမောင်) | ကမာရွတ် | ၀၉-၅၁၉၂၄၄၈ |
| ဒေါ်ခင်ခင်ညွန့် | (မေယဝတီ) | ကမာရွတ် | ၀၉-၅၀၆၅၁၃၀ |
| ဦးစိုင်းဝင်းမြင့်ရင် | (မြင့်မြတ်သဒ္ဓါ) | ကမာရွတ် | ၀၉-၅၁၇၄၁၃၃ |
| ဒေါ်နီနီဝင်း | (ရွှေမို) | တာမွေ | ၀၁-၅၄၆၈၂၀ |
| ဦးအောင်ကြီး | (ရွှေလှည်းယဉ်) | တာမွေ | ၀၉-၅၁၉၈၅၀၆ |
| ဒေါ်ခိုင်ဝင်းသူ | (မာတလိ) | တာမွေ | ၀၁-၅၅၂၃၆၅ |
| မညိုမေ | (ခရီးသွားဇုန်) | ရန်ကင်း | ၀၉-၅၄၀၁၁၄၃ |
| ဒေါ်ချယ်ရီထွန်း | (ချယ်ရီတိုး) | ရန်ကင်း | ၀၉-၅၁၂၈၀၁၉ |
| ဒေါ်မြင့်မြင့်နွယ် | (မေတ္တာမွန် ၊ ပုဇွန်တောင်) | | ၀၉-၆၈၀၁၄၁၈ |
| ဒေါ်ညွန့်ညွန့်ငွေ | (မြတ်ဓမ္မ ၊ လှိုင်) | | ၀၉-၅၀၈၅၈၁၀ |
| ဦးမောင်မောင်အေး | (မဟာတိုး ၊ လမ်းမတော်) | | ၀၉-၄၃၁၀၅၃၃၈ |
| ဒေါ်နွဲ့နွဲ့ဝင်း | (မိုင်ဆုန်ဥတ္တရ ၊ လားရှိုး) | | ၀၉-၅၁၉၆၀၅၅ |

ရုံးချုပ်-ဘဒ္ဒန္တဝိစိတ္တ ၊ ဖြူဝိဟာရကျောင်း ၊ ဝေဠုဝန်ကျောင်းတိုက် ၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်။ ဖုန်း - ၀၉၄၃၂၀၄၁၇၂

နိုင်ငံတကာမှ တက္ကသိုလ်များနှင့် သင့်ကို ချိတ်ဆက်ပေးမည့်

## SR International Education Exhibition 2016

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ IGCSE၊ GCE O level နှင့် GCE A level အောင်မြင်ပြီးသူများ၊ အဆင့်မြင့်ပညာရေး လေ့လာနေသူများ၊ ဘွဲ့ ရရှိပြီးသူများ နှင့် မိဘများလာရောက် လေ့လာပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

Career Talk

**Study :**

Medical, Engineering, Business, IT, Fashion & Design, Mass Communication, International Relations, Law, Tourism & Hospitality

**In :**

Australia, Canada, Japan, New Zealand, Singapore, Thailand, UK & USA

ကျောင်းလျှောက်လွှာကြေးကင်းလွတ်ခွင့်၊ ပညာသင်ထောက်ပံ့ကြေးနှင့်နေထိုင်စရိတ်ထောက်ပံ့ကြေးများလျှောက်ထားနိုင်ပါသည်။

SR SMART RESOURCES WORLDWIDE EDUCATION

THE WORLD IS IN YOUR HANDS.

Contact Us: 09 542 8848, 09 543 8848, 09 514 8848, 09 26508 111 2/3/4/5

US$ 150 တန်ဖိုးရှိသော Book Grant Coupon များကိုအခမဲ့ လာရောက် ထုတ်ယူနိုင်ပါသည်။

| Yangon Event | Mandalay Event | Pyay Event |
|---|---|---|
| 30.1.2016 (Saturday) | 31.1.2016 (Sunday) | 6.2.2016 (Saturday) |
| 9:00 am to 12:00 Noon | 2:00 pm to 5:00 pm | 2:00 pm to 5:00 pm |
| Novotel Hotel | Swan Hotel | AyarOo Hall |

## Myanmar THAMES International

စီးပွားရေးစီမံခန့်ခွဲမှု သဘောတရားပညာရပ်များကို စနစ်တကျသိရှိ တတ်ကျွမ်းလိုသူများအတွက်

### Business Management

- Introduction to Management Function
- Decision Making
- Organizing And Coordination
- Motivation
- Leadership
- Communication
- Management Control
- Time Management
- Change Management

သင်တန်းဖွင့်လှစ်မည့်ရက်၊အချိန် - ၃၀. ၁. ၂၀၁၆ - သောကြာ၊ စနေ၊ တနင်္ဂနွေ၊ ညနေ (၅:၃၀ မှ ၇:၃၀)

2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740, 0973147379

## တရုတ်ပြည်ပေကျင်းပြန်တိုင်းရင်းအကြောထောက်/အကြောဖွင့်

တရုတ်ကျန်းမာရေးသမားတော် ဦးဘုန်းအောင် 中醫師 劉火炎

ကိုယ်တိုင်အောက်ပါရောဂါများကိုကုသပေးသည်၊လူနာများကြိုတင်စာရင်းပေးရန်၊အိမ်အရောက်ဝန်ဆောင်မှုရှိသည်

လေဖြတ်၊အကြောသေ၊အရိုးကျည်းပေါင်းတက်၊အဆစ်အမြစ်ကိုက်၊ဆီးချို၊သွေးချို၊သွေးတိုး၊နှလုံးလေးဘက်နာ၊ဆီးချုပ်၊ဝမ်းချုပ်၊အူရောင်၊အူပိတ်၊လိပ်ခေါင်း၊လည်ပင်းကြီးရောဂါ၊ကာမစွမ်းရည်အားနည်းခြင်း(သားသမီးမရခြင်း)၊ကျောက်ကပ်၊အသည်း၊အစာအိမ်၊အဆုတ်၊မျက်စိနား၊နှာခေါင်း၊လည်ချောင်း၊အဝလွန်ရောဂါ၊အရေပြားရောဂါ၊ပါးရေတွန့်၊ဝက်ခြံ၊တင်းတိပ်၊မျက်စိမွေးပါးရွဲ့၊မီးယပ်ရောဂါ၊ကင်ဆာ၊အားကစားသမားများခေါင်း၊ခါး၊ခြေ၊လက်နာရောဂါများစသဖြင့်

တရုတ်ဆေး၊ အက်ကျူပန်ချာ သင်သည်။ ရန်ကုန်/ပုသိမ် ဖုန်း-09-5052951

ဆက်သွယ်ရန် – အမှတ်(၁၃၄)၊ ဗိုလ်ဗ္ဗာ(အေ)မြန်မာ့ဂုဏ်ရည်လမ်း၊ကန်တော်လေး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့ ၊ ထိပ်သီးပန်းကန်ဆိုင် – အမှတ်(၁၅)မြို့ မဈေး၊ ပုသိမ်မြို့ ၊အမှတ်(၁၂)၊အောင်ရတနာလမ်း(ယခင်ဘယ်ကြီးတန်းလမ်း)၊ပုသိမ်မြို့ ၊ အမှတ်(၄၄)၊မင်းကြီးလမ်း(ရွှေပြည်တော်ရုပ်ရှင်ရုံမျက်စောင်းထိုး၊ ထိပ်သီးပန်းကန်ဆိုင်)၊ပုသိမ်မြို့ ၊

## မီးသတ်ပြု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊မြေကွက်အမှတ်-၅၄၂၊မြေကွက် တည်နေရာအမှတ်(၃၉)၊အောင်ဇေယျ(၃)လမ်း ရန်ကုန်သစ်၊သဃ်န်းကျွန်း၊ဦးဗစိန်(၁၂/သဃက (နိုင်)၁၂၉၅၈၃)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေ အားအမည်ပေါက်ဦးဗစိန်ကွယ်လွန်၍ဒေါ်လှ အေး(၁၂/သဃက(နိုင်)၁၂၉၅၈၂)ကတစ်ဦး တည်းသောဓနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ သေစာရင်း၊ထောက်ခံချက်ကျမ်းကျိန်လွှာတင် ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာတရားဝင်နိုင်လုံသောအ ထောက်အထားများဖြင့်ကြော်ငြာပါရှိသည့်နေ့ မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအ တိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## Bonita Academy of English

Teacher Shwe Zin
MA ( English )

### Summer English

(8.3.2016 - 27.5.2016)

Age: 5 to 14 years old

4 Skills · Grammar · ကျောင်းဆပ်လက်ခံပြီ · Essays

Level 1: 9:30 am - 11:00 am
Level 2: 11:00 am - 12:30 pm
Level 3: 2:00 pm - 3:30 pm
Level 1: 2:00 am - 3:30 am
Level 1: 3:30 am - 5:00 am

No.142, 1st Floor, 46th St., Botahtaung Tsp., Yangon
Ph. 01294328,095056872,09254127116,09261092797

မောင်သန်းဆွေ(ထားဝယ်)၊ မြင့်သန်း၊ ခင်မြဇင်၊ ခြိမ့်သဲ၊ ဆူးငှက်၊ ကိုငြိမ်း(မန္တလေး)၊ မသီတာ(စမ်းချောင်း)၊ မောင်ရင့်မာ(ကျောင်းကုန်း)၊ ကိုကောင်းသော်(ကျောက်ဆည်)၊ လှဲ့ဝင်းကြည်(ချို)၊ ကေ(တောင်တန်းပြာ)၊ လျှံဖွဲ့ကို(စီးပွားရေးတက္ကသိုလ်)၊ ဟန်ဆန်း၊ လူခါး၊ မေတ္တာစိုးမွန်၊

နုဝတ်ရည်(ဂျူဒေဝ)
ဆာတိုး
ဆာတေ့ –ဇော်ဇော်
ခေတ်ဓနုဆန်းဆာတို့ ၏
ဆုစာရေးဆရာများနှင့်အတူ
ဇင်းဂြိမ်း
ပိတ်ခဲ့တည်းဖြတ်သည်

ပေပေါ်ဝါ်ရိုသထုတ် ထွက်ပြီ

## ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၁ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၄၅

| | | |
|---|---|---|
| ဦးဆန်းမြင့်ဦး | နှင့် | ၁။ ဦးတင်မောင်နု |
| (၎င်း၏ကိုယ်စားလှယ်ဦးခင်မြင့်) | | ၂။ ဦးအောင်မြင့် |
| တရားနိုင် | | တရားရှုံးများ |

၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၉ တွင် ချမှတ်ထားသော အနိုင်ဒီကရီအား အတည်ပြုဆောင်ရွက်ရန် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက် နံနက် (၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

အများပြည်သူတို့ရှေ့တွင် လေလံတင်ရောင်းချမည်ဖြစ်၍ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်ဒေါ်ရပ်ကွက်၊ ကျိုက်ဒေါ်လမ်း၊ (ကျွင်းပြဲလမ်း)၊ အမှတ်-၉ဟုခေါ်တွင်သော ဦးပိုင်အမှတ်-၁၇၊ အကွက်နံပါတ်-၁၁/K၊ ရန်ကုန်မြို့ သိမ်ဖြူတိုက်နယ်၊ အထက်ပုဇွန်တောင်ရှိ ဧရိယာ $\frac{(၅၁'\times၁၁')}{(၅၉'\times၆')}\times\frac{(၃၁\times၆')}{(၆၀')}$ မြေကွက် အနောက်ဘက်အရပ်ရှိ မခွဲစိတ်ရသေးသော ပေ(၂၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်နှစ်ထပ်တိုက်အိမ်အပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်းအကျိုးခံစားခွင့်အရပ်ရပ်။

### ကြမ်းခင်းဈေး ကျပ်သိန်း ၃၁၀၀

### လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရှုံးသို့ တင်ပြချက်အရ ရရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွေးကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်သည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်နိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချမည့်မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူသူရရှိသည့်တန်ဖိုး၏ ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေကို လေလံတင်ရောင်းချမည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် အကျေပေးသွင်းရမည်။ ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်။

၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)

ဒုတိယခရိုင်တရားသူကြီး(၆)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ ᷠ)၊ မြေကွက်အမှတ်(၃/၁၈၆-က)၊ ဧရိယာ(၀. ၁၅၀)ဧက၊ မြေကွက်တည်နေရာအမှတ်(၃/၁၈၆-က)၊ ကာယ(၁၁)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေး စီမံချက်အတွင်းရှိ မြေကွက်အား ငယ်စာရင်းအမည်ပေါက် ဦးထွန်းလှိုင်[၃/ဘအန(နိုင်)၀၅၅၀၈၇]ထံမှ အရောင်းအဝယ်ကတိစာချုပ် ၂၂-၁-၂၀၁၃ ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးဝင်းမြင့်[၁၂/မဂဒ(နိုင်)၀၀၃၄၈၅]က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌

၂၀၁၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၃

| | | |
|---|---|---|
| ဒေါ်ဝါဝါ | နှင့် | ၁။ ဦးညွန့်လွင် |
| အမှတ်-၂၁၂၊ တိုက်(စီ-၃)၊ ရွှေဂုံတိုင်တာဝါ | | ၂။ ဒေါ်နုနုအောင် |
| ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ် | | တိုက်အမှတ်(ဘီ-၂)၊ အခန်းအမှတ်(၂၀၂) |
| ရန်ကုန်တိုင်းဒေသကြီး | | သီရိမင်္ဂလာအိမ်ရာ၊ ဂဠုန်ရပ်ကွက်၊ |
| | | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သီရိမင်္ဂလာအိမ်ရာ၊ တိုက်အမှတ်-ဘီ/၂၊ အခန်းအမှတ်(၂၀၂)နေ ဦးညွန့်လွင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝါဝါက "ငွေကျပ် ၁၃၃၃၉၀၀၀၀/-(ကျပ်တစ်ထောင့် သုံးရာသုံးဆယ့်သုံးသိန်းကိုးသောင်းတိတိ)ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ရက် (၁၃၇၇ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မောင်လတ်)

တွဲဖက်ခရိုင်တရားသူကြီး(၄)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်**


**ဆိုးစံ (ဟင်း) ကုမ္ပဏီ**

(open daily) (ရှုံးချုပ်) မှ ရောင်းမည်

| | | | |
|---|---|---|---|
| ၁။ (၇)မိုင်ပြည်လမ်းအနီး | (6000Sqft) | မြေ | 1Sqft 2.8L |
| ၂။ ဗဟန်း၊အင်းယားမြိုင်လမ်းသွယ် | (6000Sqft) | မြေ | 1Sqft 2L |
| ၃။ ဗဟန်း၊ဖိုးစိန်လမ်းသွယ် | (50x50) | 3RC | 14900L |
| ၄။ သဃ်န်းကျွန်း၊ရတနာလမ်းမ | (60x55) | မြေ | 14500L |
| ၅။ ဗဟန်း၊တက္ကသိုလ်ရိပ်သာလမ်းသွယ် | (40x60) | မြေ | 13000L |
| ၆။ တ/ဥ၊ပါရမီလမ်းမ | (40x60) | မြေ | 11000L |
| ၇။ သဃ်န်းကျွန်း၊ဝေဇယန္တာလမ်းမ | (40x60) | မြေ | 10500L |
| ၈။ ဗဟန်း၊ရွှေတောင်ကြား | (30x85) | မြေ | 9950L |
| ၉။ ရန်ကင်း၊တောက်ထော် | (3350Sqft) | မြေ | 8500L |
| ၁၀။ ရန်ကင်း၊မိုးကောင်းလမ်းအနီး | (60x60) | မြေ | 6900L |
| ၁၁။ ဗဟန်း၊ဦးချစ်မောင်လမ်းမ | (20x40) | 2BN | 6000L |
| ၁၂။ တ/ဥ၊သံသုမာလမ်းမ | (27x55) | မြေ | 5500L |
| ၁၃။ (၉)မိုင်ပြည်လမ်းအနီး | (42x62) | 1RC | 5480L |
| ၁၄။ ရန်ကင်း၊မဥ္ဇူလမ်း | (35x55) | 2RC | 4900L |
| ၁၅။ မ/ဒဂုံ၊ရွှေပင်လုံအိမ်ရာ | (93x100) | မြေ | 4700L |
| ၁၆။ အင်းစိန်၊ဂျပန်လမ်း | (80x65) | မြေ | 4000L |
| ၁၇။ တ/ဥ၊သစ္စာလမ်းမအနီး | (40x60) | မြေ | 3800L |
| ၁၈။ ဗဟန်း၊ဆရာစံလမ်းမအနီး | (20x40) | 2BN | 3200L |
| ၁၉။ သာကေတ၊ရတနာအိမ်ရာ | (65x80) | မြေ | 2950L |
| ၂၀။ လှိုင်၊ပဏ္ဍိလမ်း | (30x55) | မြေ | 2650L |
| ၂၁။ အင်းစိန်၊ဘုရင့်နောင်အနီး(∠ကွက်) | (40x60) | 2BN | 2500L |

☎- 510 600, 510 950, 095173690, 095185534, 095040160



လိုနေသူကို ဖေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

**ဆရာမိုး Follow Me Ph.D (USA)**

၈၊၉၊၁၀ တန်း ဇွန်အထူး တန်းခွဲသစ် Grammar, Letter-Essay လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

**Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်**

**ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်**

**ENGLISH 4 SKILLS Level (1)**တစ်ပတ် (၅)ချိန်တက် (၂)လ အထူး လက်ခံသင်ကြားပြီ။

Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Jan 30 စမည်။

**4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။**

အင်္ဂလိပ် ဝါကျတည်ဆောက်ပုံ၊ စာပိုဒ်ဖွဲ့စည်းနည်းနှင့် ချိတ်ဆက်ရေးသား အသုံးအနှုန်းများကို စနစ်တကျ သေသေချာချာ တတ်မြောက်ပြီး

မြန်မာလို အတွေးကို အင်္ဂလိပ်လို တိကျမှန်ကန်စွာ ရေးတတ်စေဖို့ **WRITING** သီးသန့် ၄၊လ အထူး လက်ခံပြီ။

နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ တစ်ဦးချင်းကို စနစ်တကျ ပြောဆိုလေ့ကျင့်ပေး၍ အမြန်ဆုံး တတ်မြောက်စေလျက်

သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ **SPEAKING** သီးသန့် ၄၊လ အတတ် လက်ခံပြီ။

**4 Skills Band 7** နှင့်အထက် ရအောင် သင်ပေးမည့် **IELTS** ၄၊လ အထူး လက်ခံပြီ။

**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**

အင်း၀ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393

အမှတ် ၁၈၊ ၅-လွှာ၊ ပိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်)။ 01 398118, 295798



| | | |
|---|---|---|
| မြန်မာစာ | ▶ ဒေါက်တာကိုကိုဦး (ရန်ကုန်တက္ကသိုလ်) | |
| အင်္ဂလိပ်စာ | ▶ ပါမောက္ခ ဒေါ်စိန်စိန်မြင့် | အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်၊ တာဝန်ခံချုပ် (ငြိမ်း) |
| သင်္ချာ | ▶ ပါမောက္ခ ဦးတိုးအောင် | သင်္ချာဌာန၊ ဒဂုံတက္ကသိုလ်၊ တာဝန်ခံချုပ် (ငြိမ်း) |
| ဓာတုဗေဒ | ▶ ဓာတုယဉ်မောင် (M.Res) | |
| ရူပဗေဒ | ▶ ပါမောက္ခ ဒေါက်တာ ခင်မာကြူ | ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ဌာနမှူး (ငြိမ်း) |
| ဇီဝဗေဒ | ▶ D.L.AT (Professor) | |
| ဘောဂဗေဒ | ▶ ဒေါက်တာ ရတနာ (Ph.D, Economics)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် | |

တာဝန်ခံမှုးချုပ် ဆရာကြီးဆရာမကြီး(ငြိမ်း)များ စီစဉ်ထုတ်ဝေသော

**ရွှေကျောင်း**

**Student Exam Guide**

**SPECIAL HOT SPOTS**

ကြည့်ရှုဖို့သောမှတ်စုများနှင့် **အနီးကပ် မေးခွန်း (၃)စုံ၊ အဖြေစုံ**

ဘာသာစုံ တစ်ဘာသာ တစ်အုပ် ထွက်နေပါပြီ

**ဂုဏ်ထူးတန်း** စာမေးပွဲအတွက် ၂၀၁၆ ရွှေကျောင်း Distinction Guide

လေ့ကျင့်ပြင်ဆင် အောင်ပွဲဝင် မေးခွန်း(၃)စုံ နှင့်အဖြေများ

အခန်းလိုက် အနှစ်ချုပ်မှတ်စု များပါဝင်သောစာအုပ်များလည်း ထွက်နေပါပြီ။

အမြို့မြို့အနယ်နယ်ရှိစာအုပ်ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။ ဖုန်း - ၀၁ ၂၀၂၁၉၅ ၀၉ ၇၃၂၄၄၄၅၁


## ဖခင်နှင့်မိခင်အမည်မှန်

ဝါးခယ်မမြို့၊ အလက(၂)၊ ဆဋ္ဌမတန်း (က)မှ မမြင့်မြတ်သူနှင့် စတုတ္ထတန်းမှ မလကွယ်ဟေမန်တို့၏ ဖခင်နှင့်မိခင်အမည်မှန်မှာ ဦးခိုင်ဝင်း(ခ) သံချောင်း[၁၄/ဝခမ(နိုင်)၁၅၃၈၇၁]၊ ဒေါ်ကျင်ကျင်စိုး[၁၄/ဝခမ(နိုင်)၁၅၄၈၅၂] ဖြစ်ပါကြောင်း။


**Holiday** အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း

၂၀၁၆ - ဖေဖော်ဝါရီ (၃) ရက်နေ့ ဖွင့်မည်

❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လစုံမှန်သင်တန်း

❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း

(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)

အမှတ် ၄၉ (ခ)၊ သာစည်လမ်း၊ ၁၀ ရပ်ကွက်၊ ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။

၀၉ - ၈၆၇၂၁၁၄၊ ၀၉ - ၄၂၂၂၀၆၁၅၇၊ ၀၉ - ၄၄၄၀၂၆၂၃၇



**SONG LANGUAGE SCHOOL**

ကိုရီးယားနိုင်ငံတွင်အလုပ်သွားရောက်လုပ်ကိုင်လိုသူများအတွက်

EPS – TOPIK ၂၀၁၅ သင်ရိုးသစ်သင်တန်းများ ကျောင်းအပ်လက်ခံပြီ

အခြေခံမှစပြီး စာမေးပွဲကိုအမှတ်ကောင်းကောင်းဖြင့်ဖြေဆိုနိုင်သည်အထိသင်ကြားပေးပါမည်

၂၆၈၊၃၉ လမ်း၊ အပေါ်ဘလောက်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

09 51 72987. 09 730 99241. 09 2540 53516

Basic Korean, Korean Speaking and Grammar, Korean Level 1 to 6, Translation, Interpretation

ဦးမိုးကျော် - Certificate in Korean(SunMoon University, Korea), PALSS(University of Oregon,USA), QuILT(SIT-USA),FCTOT(American Center), Diploma in English(YUFL) နှင့် ဒေါ်မိုးမိုး Diploma in Korean(YUFL)တို့ သင်ကြားသည်။

www.taeyanglanguageschool.com, taeyanglanguageschool@gmail.com , taeyangsong.kr@gmail.com , facebook - Taeyang Song.52

## ပျောက်ဆုံးခြင်း

BRIGHT POLITE STAR INDUSTRY CO.,LTD ၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ် အမှတ်-၁၇၀၀/၂၀၁၂-၂၀၁၃ ရက်စွဲ (၃၁-၇-၂၀၁၂) ကတ်ပြားမူရင်းမှာ ၂၂-၁-၂၀၁၆ ရက် နံနက် ၁၁း၃၀ နာရီခန့် တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၃၉၇၂၃၄

## ပျောက်ဆုံးခြင်း

BRIGHTPOLITE STAR INDUSTRY CO.,LTD ၏ ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် အမှတ်-(ထသက-၂၈၅၂၅) ရက်စွဲ ၆-၈-၂၀၁၂ ကတ်ပြားမူရင်းမှာ ၂၂-၁-၂၀၁၆ ရက် နံနက် ၁၁း၃၀ နာရီခန့်တွင် ပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၃၉၇၂၃၄

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာ (၂)၊ တိုက်အမှတ် (၂/ဇ)၊ အခန်း (၆၈၀)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် တို့သည် ဦးကျော်သူရ (၉/မမန (နိုင်) ၀၁၂၈၁၂) အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ဦးကျော်သူရသည် (၂၁. ၄. ၂၀၁၃) နေ့တွင်ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်သဥ္ဇာအေး (၁၀/ဘလန (နိုင်) ၀၀၇၅၇၀) မှ မြန်မာ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပါသည်။ ထို့ကြောင့် ဖော်ပြပါတိုက်ခန်း၏အမည်အား ခင်ပွန်းဖြစ်သူ ဦးကျော်သူရ၏အမည်မှ ဇနီးဖြစ်သူ ဒေါ်သဥ္ဇာအေး အမည်သို့ပြောင်းလဲမည်ဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူများ Taw Win Family Co.,Ltd ၊ အမှတ် (၄၅/၃)၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း - ၀၁-၈၆၀၀၁၁၁ (Ext:) ၅၀၂၉၊ ၅၁၂၉) သို့ ယနေ့မှစ၍ (၁၄-ရက်) အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းနှင့်အကျိုးခံစားခွင့်အား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆုမြတ်အောင် (တရားလွှတ်တော်ရှေ့နေ)
စဉ် - ၈၄၅၇
(LL.B, D.B.L, D.I.L, Dip in Global English
DL-DIP (101,202,302) (Switzerland)
တိုက်သစ် (၅)၊ အခန်း (၅)၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း - ၀၉-၅၀၂၅၅၈၃၊ ၀၉၇၃၄၉၀၄၅၆၊ ၀၁-၃၈၁၀၉၆၀

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၅/က၁)၊မြေကွက်အမှတ်(၆၀/ခ)၊မြေကွက်တည်နေရာအမှတ်(၄)၊ပြည်သာယာအိမ်ယာ၊ ရန်ကင်းမြို့နယ်၊ဦးအောင်စံသိန်း(MGG-၀၁၈၂၃၂)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးအောင်စံသိန်းနှင့်ဇနီးဒေါ်တင်တင်မြ ကွယ်လွန်သဖြင့်သားသမီးများဖြစ်သော(၁)ဒေါ်အေးမွန်သက်(၁၂/ရကန(နိုင်)၀၇၀၄၂၃)(၂)ဦးပြည့်စုံ(၁၂/ရကန(နိုင်)၀၇၇၄၃၀)(၃)ဦးဆလင်းကျော်(၁၂/ရကန(နိုင်)၀၇၇၄၃၁)တို့ကမိခင်၊ဖခင်တို့၏သေစာရင်း၊ကျမ်းကျိန်လွှာများတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ အုတ်ဖိုကျေးရွာအား ရပ်ကွက်အဆင့် ပြန်လည်ပြင်ဆင်နေရာချထားခဲ့ရာတွင် ပါဝင်သူ ဦးကျင်သိန်း[၁၂/မဂဒ(နိုင်) ၀၀၉၅၁၉]သည် မြေတိုင်းရပ်ကွက်အမှတ်၊ ၁၆ (တိုးချဲ့)၊ မြေကွက်အမှတ်-၈၁၄(ခ)၊ အကျယ်အဝန်း ပေ(၂၀×၆၀)တွင် ပြန်လည်နေရာချထားပေးခဲ့ပါသည်။ အမည်ပေါက် ဦးကျင်သိန်းမှ မြေချပါမစ် မထုတ်ရသေးပါသဖြင့် ၎င်းအမည်ဖြင့် မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ဤရုံးသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ဦးကျင်သိန်းအမည်ဖြင့် မြေချပါမစ် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ **မြေယာဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရွှေပြည်သာမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ^၈)၊ မြေကွက်အမှတ် (၃/၁၈၆-ဃ)၊ ဧရိယာ(၀.၀၅၂)ဧက မြေကွက်တည်နေရာ အမှတ်(၃/၁၈၆-ဃ)၊ ကာယ(၁၁)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အား ငယ်စာရင်းအမည်ပေါက် ဒေါ်ကြည်လေး(ခ)ဒေါ်မြကြည် (၁၂/မဂဒ (နိုင်)၀၆၁၂၀၈)ထံမှ အရောင်းအဝယ်ကတိစာချုပ်(၂၂-၁-၂၀၁၃)ဖြင့်ဝယ်ယူခဲ့သူဦးဝင်းမြင့်(၁၂/မဂဒ(နိုင်)၀၀၃၄၈၅)က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ⬡ မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့် ⬡

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | လျှောက်ထားသည့် မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁။ | ဦးခင်မောင်မြင့် | ၁၂/ပဘတ(နိုင်)၀၂၄၁၁၃ | လှိုင်သာယာ | ၁၉/မွေးရှန် | ၈၈/ဃ | ဦးသိန်းလှိုင် | ၈၈/ဃ၊ ရွှေရင်အေး(၄)လမ်း၊ ကုလားကြီးစုကျေးရွာအုပ်စု | ဂရန်သစ် |
| ၂။ | ဦးအောင်လင်း(ခ)ချိုကြင်ပေါင်+၁ | ၁၂/ကတတ(နိုင်)၀၀၅၅၁၇ | လှိုင်သာယာ | ၁၂ | ၃၂၃ JB | ဒေါ်နွယ်နွယ်ဝင်း | ၃၂၃၊ ဦးဥတ္တမလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာ | အမည်ပြောင်း |
| ၃။ | ဒေါ်သီဂီထွန်း+၂ | ၁၂/ဗတထ(နိုင်)၀၁၈၂၀၆ | မရမ်းကုန်း | ၄၉/သမိုင်း | ၄/ဗ | ဒေါ်သန့်သန့်ဇင်+၃ | ၅၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဇွဲစုံ(၈)ရပ်ကွက် | ဂရန်ခွဲ |
| ၄။ | ဦးဇော်လင်း | ၈/မမန(နိုင်)၀၁၁၃၆၁ | ဒဂုံဆိပ်ကမ်း | ၈၅ | ၈၅၁ | ဦးတင်ဦးလွင် | ၈၅၁၊ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | အမည်ပြောင်း |
| ၅။ | ဒေါ်သန်းသန်းမြင့် | ၁၂/လသန(နိုင်)၀၀၁၆၉၅ | တာမွေ | ၄စီ^၂(အက်စ်-ရ၁) | V၅ | ကိုကြာညွန့် | ၄၆၊ ပြဿလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက် | ဂရန်သစ် |
| ၆။ | ဦးရွှေဌေး(ခ)GAW SHWE HTAY | ၁၂/တကန(ဧည့်)၀၀၀၂၅၁ | ရွှေပြည်သာ | ၃၆ | ၅၀ | ဒေါ်နုနုသာ | ၅၀၊ ဝက်မစွတ်နဝဒေးလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၇။ | ဒေါ်ရှုကြည် | ၁၂/အလန(နိုင်)၀၁၂၇၅၅ | အလုံ | ၂၃M | III Class ၁၃၇ | မောင်လှကြည် | ၃၃၊ စံပယ်လမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံ | ဂရန်သက်တမ်းတိုး |
| ၈။ | ဦးစိုးမင်းထက် | ၇/ရတန(နိုင်)၀၆၅၃၆၁ | ဒလ | ၄ | ၃၃၃၄ | ဦးစိုးမင်းထက် | ၃၃၃၄၊ ရွှေဘိုလမ်း၊ ကျွန်စစ်သားရပ်ကွက် | ဂရန်သစ် |
| ၉။ | ဦးစိုးမင်းထက် | ၇/ရတန(နိုင်)၀၆၅၃၆၁ | ဒလ | ၄ | ၃၃၄၅ | ဒေါ်ဝင်းမြင့်သန်း | ၃၃၄၅၊ ရွှေဘိုလမ်း၊ ကျွန်စစ်သားရပ်ကွက် | ဂရန်သစ် |
| ၁၀။ | ဒေါ်တင်တင်စိုး(ခ)ဒေါ်တင်တင်ဝါ+၁ | ၁၂/စခန(နိုင်)၀၀၅၉၁၅ | စမ်းချောင်း | ၂၇C.2 | ၁၀၅ | ဒေါ်တင်တင်စိုး(ခ)ဒေါ်တင်တင်ဝါ+၁ | ၁၉၊ ပန်းခြံလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက် | ဂရန်သက်တမ်းတိုး |
| ၁၁။ | ဦးတင်မောင်သိန်း+၃ | ၁၂/လမတ(နိုင်)၀၀၇၂၅၉ | ရွှေပြည်သာ | ၅၁၊ သာခုကန် | ၁၃၀၊ ၁၃၁ | ဦးတင်မောင်သိန်း+၃ | ၁၃၀၊ ၁၃၁၊ ပုလဲလမ်း၊ (၄)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၁၂။ | ဒေါ်ဝေဝေခိုင် | ၁၂/လမတ(နိုင်)၀၀၂၈၈၀ | ရွှေပြည်သာ | ၁၃ | ၇၇ | ဦးလေးခိုင် | ၇၇၊ ပဒုမ္မာ(၄)လမ်း၊ (၄)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၁၃။ | ဦးအောင်မြတ်သူ | ၉/မခန(နိုင်)၁၆၂၈၀၂ | ရွှေပြည်သာ | ၂ | ၅၈၂(က) | ဦးမြင့်အောင် | ၅၈၂(က)၊ ဇာမဏီလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၁၄။ | ဒေါ်မြင့်မြင့်အေး | ၁၄/ပသန(နိုင်)၀၂၈၁၄၁ | ဒဂုံအရှေ့ | ၆ | ၃၅၄ | ဦးမြင့်သိန်း | ၃၅၄၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၁၅။ | ဦးဘသိန်း | PWA - ၀၄၆၉၈၃ | ဒဂုံဆိပ်ကမ်း | ၇၇ | ၆၃၂ | ဦးအောင်ကြည် | ၆၃၂၊ (၇၇)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၁၆။ | ဦးခန့်စီ | ၁၂/မဂတ(နိုင်)၀၁၀၅၉၅ | ဒဂုံအရှေ့ | ၁၂၂ | ၇၇ | ဒေါ်သန်းနွဲ့ | ၇၇၊ (၁၂၂)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၁၇။ | ဒေါ်နန်းလှရွှေ | ၁၂/ဒဂန(နိုင်)၀၂၀၄၀၉ | ဒဂုံအရှေ့ | ၁၂၂ | ၇၈ | ဦးရွှေလေး | ၇၈၊ (၁၂၂)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၁၈။ | ဦးရွှေခိုင် | ၁၂/ဒလန(နိုင်)၀၀၂၆၆၆ | ဒလ | ၆ | ၉၈၁/၉၈၂ | ဦးရွှေခိုင် | ၉၈၁/၉၈၂ သကြိန်ဘုရားကြီးလမ်း၊ ညောင်ကုန်းရပ်ကွက် | ဂရန်သစ် |
| ၁၉။ | ဒေါ်နန့်စိန်ရွှေ | ၁၄/ကခန(နိုင်)၀၄၄၆၆၈ | မင်္ဂလာဒုံ | ၅၃၂/B | ၄၁၃ | ဒေါ်ကြည်ကြည်ဝင်း | ၄၁၃၊ ခရေလမ်း၊ ပုလဲ(၃)ရပ်ကွက် | ဂရန်သစ် |
| ၂၀။ | ဦးကျင်ထွန်း+၁ | ၁၂/လသန(နိုင်)၀၀၆၃၁၁ | မြောက်ဥက္ကလာ | ဓ | ၆၆၉/ခ | ဒေါ်မြသွေး+၁ | ၆၆၉/ခ၊ သုခမွလမ်း၊ (ဓ)ရပ်ကွက် | အမည်ပြောင်း |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | လျှောက်ထားသည့် မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ကျော့ရွှေစင် | ၁၂/ဥကတ(နိုင်)၁၇၃၅၉၉ | မြောက်ဥက္ကလာ | င | ၃၄၃ | ဦးစံငြိမ်း | ၃၄၃၊ နွယ်နီ(၈)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာ | မြေပုံကူး |
| ၂။ | ဒေါ်ပြည့်ဖြိုးဝေ | ၁၂/လမတ(နိုင်)၀၃၁၀၅၀ | မင်္ဂလာဒုံ | ထောက်ကြန့်တိုးချဲ့-၄ | ၄ | ဒေါ်စန်း | ၄၊ မြလမ်း၊ ထောက်ကြန့်တိုးချဲ့(၄)ရပ်ကွက် | ဂရန်သစ် |
| ၃။ | ဒေါ်အေးအေးဝါ | ၆/မအရ(နိုင်)၀၀၀၁၀၄ | လှိုင်သာယာ | သကမ-၁၄ | ၁၃/ခ | ဦးခုပ်ခန့်မုံ | ၁၃/ခ၊ ကျွန်စစ်သားလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာ | ဂရန်သစ် |
| ၄။ | ဒေါ်ထုံးထုံးအေး | ၁၂/သဃက(နိုင်)၀၀၁၉၃၆ | ဒဂုံအရှေ့ | ၁၂ | ၄၀၂ | ဗိုလ်ကြီးကျော်ထုံး | ၄၀၂၊ (၁၂)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၅။ | ဦးဇော်သိန်း(ခ)ဦးခွေးကြီး+၁ | ၇/လပတ(ဧည့်)၀၀၀၀၂၆ | မရမ်းကုန်း | ဘုရင့်နောင် | ဃ/၁၂-အေ | ဟိန်းမြန်မာကုမ္ပဏီလီမိတက် | ဃ/၁၂-အေ၊ အောင်သပြေလမ်း၊ (၁)ရပ်ကွက် | အမည်ပြောင်း |
| ၆။ | ဦးကျော်တင့်(ခ)ချော်ချိုင်း+၁ | ၁၂/လသန(ဧည့်)၀၀၀၀၃၁ | လှိုင်သာယာ | ၁၄/ရွှေသံလွင် | ၉၆ | ဦးကျော်တင့်၊ ဦးအောင်ထွန်း | ၉၆၊ ရေဝတီလမ်း၊ ရေညွှန့်ကျေးရွာအုပ်စု၊ လှိုင်သာယာ | ဂရန်သစ် |
| ၇။ | ဦးကျော်တင့်(ခ)ချော်ချိုင်း+၁ | ၁၂/လသန(ဧည့်)၀၀၀၀၃၁ | လှိုင်သာယာ | ၁၄/ရွှေသံလွင် | ၉၅ | ဦးကျော်တင့်၊ ဦးအောင်ထွန်း | ၉၅၊ ရေဝတီလမ်း၊ ရေညွှန့်ကျေးရွာအုပ်စု၊ လှိုင်သာယာ | ဂရန်သစ် |
| ၈။ | ဦးလှဌေး+၁ | ၁၂/ဥကတ(နိုင်)၁၁၅၉၁၇ | တောင်ဥက္ကလာ | ၆ | ၁၄၃/က | ဒေါ်သန်းအေး | ၁၄၃၊ အင်းဝလမ်း(၂၀)၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ | စွန့်လွှတ်မြေပုံကူး |
| ၉။ | ဦးညီညီဝင်း+၂ | ၁၂/တမန(နိုင်)၁၀၉၉၁၀ | တာမွေ | ၄G | V၃၇ | ဦးမာမက်အာဒင် | ၁၁၊ (၁၃၄)လမ်း၊ မအူကုန်းရပ်ကွက် | အမည်ပြောင်း |
| ၁၀။ | ဦးတင်စိန်+၁ | ၁၂/လမန(နိုင်)၁၁၈၅၇၀ | လှိုင်သာယာ | ရလပ-၂၅ | ၃၅၂၊ ၃၅၃ | ဦးတင်အောင်+၁ | ၃၅၂၊၃၅၃၊ကင်းဝန်မင်းကြီးလမ်း၊ကစင်ကျေးရွာ၊လှိုင်သာယာ | အမည်ပြောင်း |
| ၁၁။ | ဦးစိုးသက်မှူး | ၁၄/ဝခမ(နိုင်)၁၃၈၆၈၆ | ဒဂုံမြောက် | ၃၈ | ၄၂၄ ၁၉/ဃ ၁A^၁ | ဦးစိန်မြင့် | ၄၂၄၊ မဟာဗန္ဓုလလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၁၂။ | ရှင်းဟော(ခ)ဦးအောင်မြင့် | ၉/မရမ(နိုင်)၀၅၇၇၇၈၇ | ရန်ကင်း | ၄၂/ခက်ဘဲ့ | | ဒေါ်သိန်းသိန်းတော်(ခ)သိန်းသိန်းခိုင်+၁ | ၄၂/ခ၊ မဥ္ဇူလမ်းသွယ်(၂)လမ်း၊ (၈)ရပ်ကွက် | အမည်ပြောင်း |
| ၁၃။ | ဦးမင်းသူရအောင်+၁ | ၁၄/ကလန(နိုင်)၀၀၄၉၂၀ | ဒေါပုံ | ၅ | ၅၆၁ | ဒေါ်ခင်ကြည် | ၅၆၁၊ အလင်းရောင်(၁)လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံ | အမည်ပြောင်း |
| ၁၄။ | ဒေါ်ခင်မြတ်သူမြင့် | ၁၃/တကန(နိုင်)၀၂၁၄၆၁ | ဒဂုံဆိပ်ကမ်း | ၈၆ | ၂၄၈ | ဦးအောင်ကြည် | ၂၄၈၊ (၈၆)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၁၅။ | ဒေါ်မြသန်း | ၁၂/သကတ(နိုင်)၁၁၀၇၁၁ | ဒဂုံတောင် | ၁၄၅ | ၄၃၅ | ဦးအုန်းမြင့် | မြေကွက်အမှတ် (၄၃၅)၊ (၁၄၅)ရပ်ကွက် | ဂရန်သစ် |
| ၁၆။ | ဦးနိုင်မောင်မောင် | ၉/မထလ(နိုင်)၀၀၇၄၄၆ | တောင်ဥက္ကလာ | ၁၄/၂ | ၁၅၈/၂ | ဦးကြည်ရှင် | ၁၅၈/၂၊ ငုက်တော်လမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာ | အမည်ပြောင်း |
| ၁၇။ | ဦးအေးမင်း | ၁၄/မမက(နိုင်)၂၆၆၉၉၇ | လှိုင်သာယာ | သကမ-၁၇ | ၁၀၆၇/ခ | ဒေါ်ခင်ကြည် | ၁၀၆၇/ခ၊ ဗိုလ်မိုးကြီးလမ်း၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာ | အမည်ပြောင်း |
| ၁၈။ | ဦးစန်းရွှေ | ၁၂/လမတ(နိုင်)၀၂၂၁၀၉ | လှိုင် | ၁၄ | ၆၅/က(၁၃)၊ ၆၅/ခ-၁ | ဒေါက်တာဦးကျော်ဝင်း | ၁-က၊ (၅၂)လမ်း၊ (၆)ရပ်ကွက် | အမည်ပြောင်း |
| ၁၉။ | ဦးဇော်နိုင် | ၅/ပလန(နိုင်)၀၃၈၇၃၅ | ဒဂုံဆိပ်ကမ်း | L ၁၇/ ၆၀ | ၁၂၅၂+၁၂၅၃ | ဦးဟုတ်စိန်(ခ)ဟိန်းမင်း | အမှတ် ၁၂၅၂+၁၂၅၃ | အမည်ပြောင်း |
| ၂၀။ | ဒေါ်သိန်းဌေး+၁ | ၁၂/အစန(နိုင်)၁၅၂၅၄၅ | ဒဂုံတောင် | ၂၄ | ၁၀၄၀ | ဦးကျော်သိန်း | ၁၀၄၀၊ နဝရတ်(၁)လမ်း၊ (၂၄)ရပ်ကွက် | ဂရန်သစ် |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ အမည် | မှတ်ပုံတင် | လျှောက်ထားသည့် မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်မေဖြိုးသူ | ၉/ခအဇ(နိုင်)၀၀၃၂၁၆ | ဒဂုံအရှေ့ | ၁၁ | ၂၀၉ | ဗိုလ်ကြီးဇော်ထွဋ်မင်း | ၂၀၉၊ (၁၁)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၂။ | ဦးနေဝင်း | ၁၂/အစန(နိုင်)၁၃၉၀၉၆ | အင်းစိန် | ၇/B | ၁၃/စ^၈ | ဗိုလ်မှူးလှကြိုင်+၁ | ၅၁၉/စီ၊ အဝေရာလမ်းသွယ်၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန် | အရောင်းမြေပုံကူး |
| ၃။ | ဗိုလ်မှူးကြီးတင်ဝင်း | ၁/မညန(နိုင်)၀၇၁၅၅၂ | သာကေတ | ၁၆၇ | ၁၉၂ | ဗိုလ်မှူးကြီးတင်ဝင်း | ၁၉၂၊ ကျောက်စိမ်းလမ်း၊ ရတနာ | ဂရန်သစ် |
| ၄။ | ဒေါ်ကျော့ယဉ်ဦး | ၁၂/သကတ(နိုင်)၀၄၁၆၁၃ | တောင်ဥက္ကလာ | ၁၀ | ၁၁၆ | ဒေါ်ရင်ရင်+၁ | ၁၁၆၊ (၅)လမ်း၊ (၁၀)ရပ်ကွက် | အမည်ပြောင်း |
| ၅။ | ဒေါ်မုလရီ(ခ)နော်မုရီး | ၁၂/ဗဟန(နိုင်)၀၈၂၅၉၈<br>CE - ၀၅၁၇၃၃ | အင်းစိန် | ၉-A | ၇၅/ခ | ဒေါ်ခရင်-မသိန်းမေ | ၇၅/ခ၊တန်းမြင့်ကျောင်းလမ်း၊တောင်သုကုန်းရပ်ကွက်၊အင်းစိန် | အမည်ပြောင်း |
| ၆။ | ဦးကိုကိုချစ် | ၁၂/ပဗတ(နိုင်)၀၃၄၀၀၅ | ဒဂုံဆိပ်ကမ်း | ၆၈ | ၃၄၄ | ဒေါ်မြင့်မြင့်အေး | ၃၄၄၊ (၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၇။ | ဒေါ်ခင်ပြုံးရီ | ၁၂/တမန(နိုင်)၀၆၇၂၂၉ | ဒဂုံဆိပ်ကမ်း | ၈၈ | ၈၇၄/ခ | ဦးမြင့်ဇော် | ၈၇၄/ခ၊ (၈၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၈။ | ဒေါ်နုမန် | ၅/တမန(နိုင်)၀၀၁၂၆၅ | ဒဂုံဆိပ်ကမ်း | ၈၃ | ၇၆၇ | ဦးကျော်သန်း | ၇၆၇၊ (၈၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၉။ | ဦးဌေးဝင်း | ၁၂/လကန(နိုင်)၀၃၃၈၀၃ | ဒဂုံတောင် | ၂၁ | ၂၉၃ | ဦးလှဆိုင် | ၂၉၃၊ လယ်သမား(၂)လမ်း၊ (၂၁)ရပ်ကွက် | ဂရန်သစ် |
| ၁၀။ | ဦးခင်မောင်ဝင်း | ၁၂/ဥကတ(နိုင်)၁၄၃၆၉၁ | ဒဂုံဆိပ်ကမ်း | ၅၈ | ၇၀၄+၇၀၅ | ဦးတင့်ဆွေ | ၇၀၄၊ ၇၀၅၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | အမည်ပြောင်း |
| ၁၁။ | ဦးခင်မောင်ဝင်း | ၁၂/ဥကတ(နိုင်)၁၄၃၆၉၁ | ဒဂုံဆိပ်ကမ်း | ၅၈ | ၇၀၃ | ဦးတင့်ဆွေ | ၇၀၃၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | အမည်ပြောင်း |
| ၁၂။ | ဦးခင်မောင်ဝင်း | ၁၄/ပသန(နိုင်)၀၃၉၀၆၁ | ဒဂုံတောင် | ၆၅ | ၉၉၇ | ဦးသိန်းထွန်း | ၉၉၇၊ (၆၅)ရပ်ကွက်၊ ဒဂုံတောင် | ဂရန်သစ် |
| ၁၃။ | ဒေါ်နီမာလွင်စိုး | ၉/မဟမ(နိုင်)၀၀၂၂၆၆ | ဒဂုံအရှေ့ | ၁၀၈ | ၂၄၂ | ဦးဝင်းမောင် | ၂၄၂၊ (၁၀၈)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၁၄။ | ဦးတင်ထွန်း(ခ)ကျန်အင်ထိ | ၁/မကန(ဧည့်)၀၀၀၅၉၇ | မြောက်ဥက္ကလာ | ဃ | ၃၂၃ | ဒေါ်သီသီမော် | ၃၂၃၊ သုခမွာလမ်း၊ (ဃ)ရပ်ကွက် | အမည်ပြောင်း |
| ၁၅။ | ဒေါ်စန္ဒာ | ၁၂/ဥကတ(နိုင်)၁၂၁၇၇၁ | တောင်ဥက္ကလာ | ၁၃ | ၈၆၅/က | ဦးသိန်းတိုး | ၈၆၅/က၊ (၁၀)လမ်း | အမည်ပြောင်း |
| ၁၆။ | ဦးမောင်လှ(ခ)ဇူဘေရာမတ် | TME - ၀၁၇၅၅၅ | ဒဂုံတောင် | ၆၅ | ၁၁၈၃ | ဒေါ်ခင်နွဲ့ | ၁၁၈၃၊ (၆၅)ရပ်ကွက် | ဂရန်သစ် |
| ၁၇။ | ဦးချိန်ချန်မေ | ၁၃/လရန(နိုင်)၀၉၅၉၄၀ | ဒဂုံဆိပ်ကမ်း | ၈၄ | ၃၇၂ | ဦးရန်ဖြိုး | ၃၇၂၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၁၈။ | ဦးဘဂျာဝင်း | ၁၂/ပဘတ(နိုင်)၀၁၄၂၇၉ | ဒဂုံတောင် | ၁၄၄/အသံအနံ | ၃၂၉ | ဒေါ်ကြည်ကြည်မြင့် | မြေကွက်အမှတ် ၃၂၉၊ ၁၄၄/အသံအနံ စက်မှုဇုန်ရပ်ကွက် | ဂရန်သစ် |
| ၁၉။ | ဒေါ်ဟန်စုစုထွေး | ၁၂/ဒဂန(နိုင်)၀၀၁၃၄၃ | ဒဂုံတောင် | ၁၉ | ၃၆၈ | ဦးလှထွန်း | ၃၆၈၊ လျော်ကားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံတောင် | အမည်ပြောင်း |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၅၈)၊ စပါယ်ဖြူလမ်း၊ (၃၀)ရပ်ကွက်(ဘုရားအနီး)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ လူနေရပ်ကွက်အမှတ်-သု၀ဏ္ဏ၊ မြေကွက်အမှတ်-၅၈၊ ဧရိယာ(၀. ၁၁၁) ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးလင်းလင်းဦးထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင် အရောင်းအ၀ယ် ပြုလုပ်ရန်အတွက် အရောင်းအ၀ယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး နှစ်ဦးသဘောတူ မြေကွက်နှင့် တစ်ထပ်ပျဉ်ထောင်အိမ် အရောင်းအ၀ယ် အရစ်ကျငွေ ပေးချေခြင်း ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အပါအ၀င် တစ်ထပ်ပျဉ်ထောင်အိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အတွက် ကန့်ကွက်လိုသူများရှိခဲ့ပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက ကျန်ငွေများကို ပေးချေပြီး အရောင်းအ၀ယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်လှတင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်-၈၅(မြေညီထပ်)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ဖုန်း-၀၉ ၅၀၂၀၂၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၃၉၂/က)၊ မြေကွက်တည်နေရာအမှတ်(၃၉၂/က)၊ ရဲရန်နိုင်(၄)လမ်း၊ (၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးအောင်ကြီးအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူခဲ့သူ ဦးမြည္ညွန့်[၈/ရနခ(နိုင်)၀၂၇၁၆] မှ ပါမစ်ပျောက်ဆုံးကြောင်းနှင့် အရောင်းအ၀ယ်စာချုပ်မူရင်းများ ပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ကတိ၀န်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၈၊ မြေကွက်အမှတ်(၅၉၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၉၉/ခ)၊ (၈၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးရဲ၀င်း အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးရဲ၀င်းထံမှ အရောင်းအ၀ယ် အရပ်ကတိစာချုပ်ဖြင့် ၀ယ်ယူသူ ဦးအောင်ကျော်ဆန်း[၁၂/သကတ(နိုင်)၁၇၄၃၇၁]မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ် ရေးမှူးထောက်ခံချက် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာန၀န်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေမှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၂၄၀)၊ မြေကွက်တည်နေရာအမှတ်(၁၂၄၀)၊ နတ်ရေကန်(၂)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဦးအောင်သိန်း[၁၂/စခန(နိုင်)၀၂၆၀၃၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၇၆၀/၁၂-၈-၂၀၁၄)ဖြင့် လွှဲအပ်ခံရသူ ဒေါ်မိုးမိုးအေးမှ မြေကွက်ခွဲမြေပုံလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ဒေါ်ယုယုဆွေမှ ၂၀၁၂ခုနှစ် အရောင်းမြေပုံကူး လျှောက်ထားခဲ့ခြင်းနှင့် ပတ်သက်၍ အဆိုပါအရောင်းမြေပုံမှာ ခေါင်းရင်းခြမ်း ပေ(၂၀×၆၀)အား အမည်ပေါက်ထံမှ၀ယ်ယူခဲ့သူ ဒေါ်ယုယုဆွေမှ လျှောက်ထားထုတ်ယူခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဒေါ်ယုယုဆွေမှ အဆိုပါမြေကွက်အား ပြန်လည်ရောင်းချ၍ ပြောင်းရွှေ့သွားသဖြင့် အဆိုပါမြေပုံအား မအပ်နိုင်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေကွက်ခွဲမြေပုံလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ၅)၊ မြေကွက်အမှတ်(၃/၁၈၆-ဂ)၊ ဧရိယာ(၀. ၀၅၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၃/၁၈၆-ဂ)၊ ကာယ(၁၁)လမ်း၊ သင်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေး စီမံချက်အတွင်းရှိ မြေကွက်အား ငယ်စာရင်း အမည်ပေါက် ဒေါ်ငွေအောင်[၁၂/မဂဒ(နိုင်)၀၆၁၂၀၇]ထံမှ အရောင်းအ၀ယ်ကတိစာချုပ် ၂၂-၁-၂၀၁၃ရက်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦး၀င်းမြင့်[၁၂/မဂဒ(နိုင်)၀၀၃၄၈၅]က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သင်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | |
| ၁။ | ဦးစိုင်းခမ်း | ၁၃/ကတန(နိုင်)၀၁၅၄၆၅ | လှိုင် | ၁၄ | ၆၅/က(၂၂) | ဦးလင်းကျော် | ၆၂၊ သုခရိပ်သာ(၅၂)လမ်း၊ (၆)ရပ်ကွက်၊ လှိုင် | အမည်ပြောင်း |
| ၂။ | ဦးယုံရှင်း | ၉/ခအဇ(နိုင်)၀၃၆၉ဂ၆ | ဒဂုံဆိပ်ကမ်း | ၈၄ | ၅၆၂ | ဦးအောင်ကျော်ညွန့် | ၅၆၂၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၃။ | ဦးယုံရှင်း | ၉/ခအဇ(နိုင်)၀၃၆၉ဂ၆ | ဒဂုံဆိပ်ကမ်း | ၈၄ | ၅၆၅ | ဦးမောင်ငွေ | ၅၆၅၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၄။ | ဦးရန်တယ်ဝေ | ၁၃/တယန(နိုင်)၀၃၈၄၆၆ | ဒဂုံဆိပ်ကမ်း | ၁၄၉ | ၁၈၀၅ | ဦးကံ၀င်း | ၁၈၀၅၊ (၁၄၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၅။ | ဦးယုံရှင်း | ၉/ခအဇ(နိုင်)၀၃၆၉ဂ၆ | ဒဂုံဆိပ်ကမ်း | ၈၄ | ၅၆၃ | ဦးတင်မြင့် | ၅၆၃၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၆။ | ဦးထူးအောင် | ၁၃/ကခန(နိုင်)၀၉၀၈၀၆ | ဒဂုံဆိပ်ကမ်း | ၈၃ | ၂၃၅ | ဦးမောင်သန်း | ၂၃၅၊ (၈၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ဂရန်သစ် |
| ၇။ | ဒေါ်ငင်မြမြခင် | ၁၂/လသန(နိုင်)၀၂၀၈၁၉ | မင်္ဂလာဒုံ | ၅၃၅/က | ၁၅၁ | ဦးမြင့်စိုး | ၁၅၁၊ အေးသာယာ(၃)လမ်း | ဂရန်သစ် |
| ၈။ | ဒေါ်ငင်မြမြခင် | ၁၂/လသန(နိုင်)၀၂၀၈၁၉ | မင်္ဂလာဒုံ | ၅၃၅/က | ၁၅၀ | ဦးအေးထွန်း | ၁၅၀၊ အေးသာယာ(၃)လမ်း | ဂရန်သစ် |
| ၉။ | ဒေါ်စိမ်းစိမ်းမြင့် | ၁၂/ဥကတ(နိုင်)၀၂၅၁၄၆ | တောင်ဥက္ကလာ | ၁၂ | ၈၆၁/ခ | ဒေါ်စော | ၈၆၁/ခ၊ မာဃ(၁၁)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာ | အမည်ပြောင်း |
| ၁၀။ | ဒေါ်မူမူရှိန်+၁ | ၁၂/လကန(နိုင်)၀၀၄၇၂၅ | တောင်ဥက္ကလာ | ၅ | ၁၀၅/ခ | ဦးအောင်သန်း | ၁၀၅/ခ၊ တကောင်း(၇)လမ်း၊ (၅)ရပ်ကွက် | အမည်ပြောင်း |
| ၁၁။ | ဒေါ်စန်းစန်းဝင်း | ၁၂/မရက(နိုင်)၀၀၁၀၆၆ | လှိုင်သာယာ | သကမ-၁၃ | ၁၀၆/ခ | ဦးမြင့်သိန်း | ၁၀၆/ခ၊ မြသီရိလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ | ဂရန်သစ် |
| ၁၂။ | ဒေါ်တင်အုန်း | ၁၂/မဘန(နိုင်)၀၀၂၀ရ၃ | မြောက်ဥက္ကလာ | ၁၇/ရွှေပေါက်ကံ့ | ၃၂၆ | ဦးခင်မောင်လွင် | ၃၂၆၊ သပြေလမ်း၊ (၁၇/ရွှေပေါက်ကံ့) | ဂရန်သစ် |
| ၁၃။ | ဒေါ်ဝင့်ထိသော် | ၅/ခဥတ(နိုင်)၀၆၄၀၂၀ | ဒဂုံအရှေ့ | ၁၀၈ | ၁၇၄ | ဦးစိုင်းလေးဝင်း | ၁၇၄၊ (၁၀၈)ရပ်ကွက်၊ ဒဂုံအရှေ့ | ဂရန်သစ် |
| ၁၄။ | ဒေါ်အိအိခိုင် | ၁၂/တတန(နိုင်)၁၄၁၁၇၀ | ဒဂုံတောင် | ၂၆ | ၃၉၇/က | ဒေါ်စန်းစန်းညွန့် | ၃၉၇/က၊ တံတားဖြူလမ်း၊ (၂၆)ရပ်ကွက် | ဂရန်သစ် |
| ၁၅။ | ဒေါ်စိုးစိုးတင် | ၁၂/အစန(နိုင်)၀၈၄၈၁၄ | အင်းစိန် | ၁၀/D | ၆/ဆ၁၅ | ဦးထွန်းဦး | ၅၃၁၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန် | အမည်ပြောင်း |
| ၁၆။ | ဦးလှအောင် | ၁၂/စခန(နိုင်)၀၁၃၁၈၀ | ဒဂုံတောင် | ၂၅ | ၈၄ | ဦးလှအောင် | ၈၄၊ (၂၅)ရပ်ကွက် | ဂရန်သစ် |
| ၁၇။ | ဒေါ်သီရိယုဝေ | ၇/ပမန(နိုင်)၁၁၆၈၄၆ | လှိုင်သာယာ | ၇နံ/၄ | ၂၇/က | စွမ်းမြတ်ထရေးဒင်းကုမ္ပဏီလီမိတက် | ၂၇/က၊ မြဝတီမင်းကြီးလမ်း၊ ဦးမြဲလမ်းထောင့်၊ စက်မှုဇုန်-၄၊ လှိုင်သာယာ | အမည်ပြောင်း |
| ၁၈။ | ဒေါ်သီရိယုဝေ | ၇/ပမန(နိုင်)၁၁၆၈၄၆ | လှိုင်သာယာ | ၇နံ/၂ | ၉ | ဦးအောင်ဇော်ဦး၊ ဦးအောင်ဇော်လတ် | ၉၊ ဖန်ချက်ဝန်ဦးရွှေအိုလမ်း၊ စက်မှုဇုန်-၂၊ လှိုင်သာယာ | အမည်ပြောင်း |
| ၁၉။ | ဦးအောင်ကို | ၁၂/အစန(နိုင်)၁၈၉၅၅၁ | ဒဂုံဆိပ်ကမ်း | ၆၀ | ၂၁၈၆+၂၁၈၇ | ဒေါ်သီတာစိန် | ၂၁၈၆+၂၁၈၇၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | မြေပုံကူး |
| ၂၀။ | ဦးမြိုးဝေလွင် | ၃/ဘအန(နိုင်)၁၅၃၄၈၇ | ဒဂုံမြောက် | ၄၀ | ၉၉၃ | ဦးလှမျိုးကျော်+၁ | ၉၉၃၊ အောင်မင်္ဂလာလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | |
| ၁။ | ဒေါ်ခင်မြတ်သုဝင်း | ၅/ခဥတ(နိုင်)၀၀၀၃၁၆ | ဒလ | ၁ | ၁၂၁၁/က | ဦးညွန့်နိုင် | ၁၂၁၁/က၊ ဦးအောင်ဇေယျ(၁)လမ်း၊ ဗညားဒလရပ်ကွက် | အမည်ပြောင်း |
| ၂။ | ဒေါ်ခင်မြတ်သုဝင်း | ၅/ခဥတ(နိုင်)၀၀၀၃၁၆ | ဒလ | ၁ | ၁၂၁၁/ခ | ဦးညွန့်နိုင် | ၁၂၁၁/ခ၊ ဦးအောင်ဇေယျ(၁)လမ်း၊ ဗညားဒလရပ်ကွက် | အမည်ပြောင်း |
| ၃။ | ဒေါ်မေလိ | ၉/မရမ(နိုင်)၀ရ၈ရ၁၅ | မြောက်ဥက္ကလာ | ၂၂-ရွှေပေါက်ကံ့ | ၁၇၁ | ဦးဝင်းငွေ+၁ | ၁၇၁၊ (၂၂)ရပ်ကွက်၊ ရွှေပေါက်ကံ့၊ မြောက်ဥက္ကလာ | အမည်ပြောင်း |
| ၄။ | ဒေါ်နန်းခင်အေး | ၉/မရမ(နိုင်)၁၇၈၇၁၆ | မြောက်ဥက္ကလာ | ၂၂-ရွှေပေါက်ကံ့ | ၁၇၀ | ဦးကျော်မြင့်+၁ | ၁၇၀၊ (၂၂)ရပ်ကွက်၊ ရွှေပေါက်ကံ့၊ မြောက်ဥက္ကလာ | အမည်ပြောင်း |
| ၅။ | ဒေါ်စိန်စိန်ဦး | ၁၂/မဂတ(နိုင်)၀ရ၃၃၃၄ | ဒဂုံဆိပ်ကမ်း | L - ၁၇(၆၀) | ၁၃၀၇+၁၃၀၈ | ဒေါက်တာမျိုးအောင် | ၁၃၀၇+၁၃၀၈၊ ရတနာလမ်း၊ L ၁၇(၆၀)ရပ်ကွက် | အမည်ပြောင်း |
| ၆။ | ဒေါ်သန်းသန်းရီ | ၁၂/ကမရ(နိုင်)၀၂၇၂၀၀ | ဒဂုံမြောက် | ၅၀ | ၁၂၈ | ဒေါ်သိန်းငွေ | ၁၂၈၊ နှံ့သာဖြိုင်လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၇။ | ဦးလောက်ဆန်း | ၁၃/လရန(နိုင်)၀၀၃၃၅၅ | မြောက်ဥက္ကလာ | ဃ | ၃၁၈/က | ဒေါ်ခင်ဝင်း | ၃၁၈/က၊ သုခမ္မာလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာ | အမည်ပြောင်း |
| ၈။ | ဒေါ်ခိုခိုအောင် | ၁၂/လမတ(နိုင်)၀၂၄၉၁၁ | မရမ်းကုန်း | ဘုရင့်နောင် | ည၁/ရရ(B) | ဦးမြင့်နိုင် | ည၁/ရရ(B)၊ ယုဇနလမ်း၊ ဘုရင့်နောင်၊ (၁)ရပ်ကွက် | အမည်ပြောင်း |
| ၉။ | ဦးမျိုးမြင့်ထွန်း+၁ | ၁၂/မဂတ(နိုင်)၀၀၀၁၆၆ | မင်္ဂလာတောင်ညွန့် | ၁၂F | V၆၅ | ဦးမျိုးမြင့်ထွန်း+၁ | ၁၆၊ (၈၇)လမ်း၊ ကန်/နောက်ရပ်ကွက် | ဂရန်သက်တမ်းတိုး |
| ၁၀။ | ဒေါ်ခင်ဝင်းရီ | ၉/ညဥန(နိုင်)၀၃၄၄၈၇ | ရွှေပြည်သာ | ၄၁ | ၂၅၅၆ | ဦးခင်မောင်အုန်း | ၂၅၅၆၊ ဝါးတရာလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာ | ဂရန်သစ် |
| ၁၁။ | ဒေါ်ခင်သန်း | ၁၄/ဘကလ(နိုင်)၀၁၆၂၆၆ | လှိုင်သာယာ | သကတ-၁ | ၅၁၈/က | ဦးစန်း | ၅၁၈/က၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ | အမည်ပြောင်း |
| ၁၂။ | ဒေါ်ခင်သန်း | ၁၄/ဘကလ(နိုင်)၀၁၆၂၆၆ | လှိုင်သာယာ | သကတ-၁ | ၅၁၈/ခ | ဦးစန်း | ၅၁၈/ခ၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာ | အမည်ပြောင်း |
| ၁၃။ | ဦးဇော်ဝင်း+၁ | ၁၂/တတန(နိုင်)၀၀၈၈၆၀ | ဒဂုံမြောက် | ၄၇ | ၇၆၅ | ဦးအောင်ဝင်း | ၇၆၅၊ (၄၇)ရပ်ကွက်၊ စိတ္တသုခလမ်း | ဂရန်သစ် |
| ၁၄။ | ဦးမြင့်သိန်း+၁ | ၁၂/မဂတ(နိုင်)၀ရ၅၅၄၁ | မင်္ဂလာတောင်ညွန့် | ၁၁အိ | V ၁၉၂ | ဦးမြင့်သိန်း+ဒေါ်ခင်သန်း | ၂၇၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက် | ဂရန်သက်တမ်းတိုး |
| ၁၅။ | ဒေါ်ခင်သီတာမြင့်+၁ | ၁၂/စခန(နိုင်)၀၀၃၄ရ၉ | စမ်းချောင်း | ၂၅စိ၁ | ၁၄၄ | ဦးစိန်ကြိုင်+၂ | ၁၉၊ ဦးဖိုးလမ်း၊ စမ်းတောင်ရပ်ကွက် | အမည်ပြောင်း |
| ၁၆။ | ဒေါ်နန်းဆိုင်ဖောင်(ခ)ဒေါ်ယဉ်ယဉ်အေး | ၁၃/နမတ(နိုင်)၀၃၃၈၉၁ | ရွှေပြည်သာ | ၃၆ | ၃၁ | ဦးကျော်နိုင် | ၃၁၊ ပုလဲလမ်းသွယ်၊ (၁)ရပ်ကွက်၊ ရွှေပြည်သာ | အမည်ပြောင်း |
| ၁၇။ | ဦးအောင်မျိုးသိန်း | ၁၂/မဂဒ(နိုင်)၁၀ရ၀၆၁ | မင်္ဂလာဒုံ | ၄၀၈A | ၄၃၁ | ဦးဝင်းထွင့်သိန်း | ၄၃၁၊ သခင်ဗိုးလှကြီးလမ်း၊ (၂/ခ)ရပ်ကွက် | အမည်ပြောင်း |
| ၁၈။ | ဦးစိုင်းတိုပေါင်း | ၁၃/လရန(နိုင်)၀၁၃၆ရ၅ | ဒဂုံမြောက် | ၄၄ | ၆၄ရ | ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် | ၆၄ရ၊ မင်းရဲကျော်စွာလမ်း၊ ဒဂုံမြောက် | မြေပုံကူး |
| ၁၉။ | ဦးအောင်ဆန်း+၁ | ၁၂/ကမတ(နိုင်)၀၄၁၃၀၃ | ကြည့်မြင်တိုင် | ၂၆ဘီဘီ၁ | V - ၂၄၁၊ ၂၄၂ ၄ ၂၄၅ / က | ဦးကြီးမြင့်+၁ | ၂၃၂၊ ကန္နားလမ်း၊ မန်ကျည်းတန်းတောင်ရပ်ကွက် | အမည်ပြောင်း |
| ၂၀။ | ဒေါ်ဇင်မာမြင့် | ၁၂/သဃက(နိုင်)၀၀၄ရ၈၄ | သင်္ဃန်းကျွန်း | ကြီးပွားရေး/မြောက် | ၁၂၉/ခ | ဦးစိုးနိုင်ထွန်း | ၁၂၉/ခ၊ အနော်ရထာလမ်း၊ ကြီးပွားရေးမြောက်၊ သင်္ဃန်းကျွန်း | အမည်ပြောင်း |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | |
| ၁။ | ဦးအောင်ကျော်စိုး | ၈/တတက(နိုင်)၀၃ရ၉၅၆ | ဒဂုံအရှေ့ | ၉ | တ/၆၄ | ဦးရှိန်ဝင်း | တ/၆၄၊ မင်းရဲကျော်စွာလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံအရှေ့ | မြေပုံကူး |
| ၂။ | ဦးမောင်မောင်ဝင်း+၁ | ၁၂/ဥကတ(နိုင်)၀၄၆၆၉၃ | ဒဂုံမြောက် | ၄၁ | ၁၃၄၅ | ဒေါ်ငွေငွေအောင် | ၁၃၄၅၊ ကြာပန်းမွှာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၃။ | ဒေါ်မန်လွန်းကျင် | ၅/ကလထ(နိုင်)၁၁၂၈၅၄ | ဒဂုံမြောက် | ၂၈ | ၉၁ | ဦးကျော်မြင့် | ၉၁၊ အောင်ရိပ်သာလမ်း၊ (၂၈)ရပ်ကွက် | အမည်ပြောင်း |
| ၄။ | ဦးအာင်ကျော်စိုး | ၁၃/နခန(နိုင်)၀၃၈၀၂၆ | ဒဂုံဆိပ်ကမ်း | ၆၀ | ၂၅၃၅ | ဒေါ်သင်းသင်းရီ | ၂၅၃၅၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | အမည်ပြောင်း |
| ၅။ | ဦးအာင်ကျော်စိုး | ၁၃/နခန(နိုင်)၀၃၈၀၂၆ | ဒဂုံဆိပ်ကမ်း | ၆၀ | ၂၅၃၆ | ဒေါ်သင်းသင်းရီ | ၂၅၃၆၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | အမည်ပြောင်း |
| ၆။ | ဦးကျော်မြင့် | ၁၂/အစန(နိုင်)၀၅၄၅၁၄ | ဒဂုံမြောက် | ၃၄ | ၃၄၁ | ဦးဝင်းကြည် | ၃၄၁၊ တပင်ရွှေထီးလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၇။ | ဒေါ်သန်းသန်းအေး | ၁၂/ဥကတ(နိုင်)၀၈ရ၆၁ရ | တောင်ဥက္ကလာ | ၁၀ | ၃၁၃ | ဒေါ်သိန်းခင် | ၃၁၃၊ (၁၂)လမ်း၊ (၁၀)ရပ်ကွက် | အမည်ပြောင်း |
| ၈။ | ဒေါ်မြသိန်း | ၁၂/သဃက(နိုင်)၁၅၁၈၆၁ | သင်္ဃန်းကျွန်း | ၄၃ | ၃၂/၈ | ဦးတင်အောင် | ၂၈၁၊ ဦးဘဟန်လမ်း၊ (င/ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်း | အမည်ပြောင်း |
| ၉။ | ဦးထွန်းထွန်းမိုး | ၅/အရတ(နိုင်)၀၀၀၂၀၄ | မြောက်ဥက္ကလာ | ၁၁/၂ ရွှေပေါက်ကံ့ | ၁၆၁ | ဦးတင်အေး | ၁၆၁၊ (၁၁/၂)ရွှေပေါက်ကံ့ရပ်ကွက် | ဂရန်သစ် |
| ၁၀။ | ဦးမြင့်သိန်း | ၁၂/ဗတထ(ဧည့်)၀၀၀၀ရ၃ | ရွှေပြည်သာ | ၄၉/ဝါးတရာ | ၁၂၂ | ဒေါ်ကြည်ကြည်သန်း | ၁၂၂၊ စက်မှုလမ်း၊ (၂၃)ရပ်ကွက်(ဝါးတစ်ရာ) | ဂရန်သစ် |
| ၁၁။ | ဒေါ်သန်းသန်းလင်း | ၁၂/ရကန(နိုင်)၀၃၀၀၅၈ | တောင်ဥက္ကလာ | ၆ | ၄၂၇/က | ဒေါ်ခိုင်ပန်းမြူ | ၄၂၇/က၊ မင်းခေါင်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ | အမည်ပြောင်း |
| ၁၂။ | ဒေါ်ခင်မာဆွေ+၂ | ၁၂/သကတ(နိုင်)၀၅၂၈၉၁ | သာကေတ | ၈ | ၅၈၁(ခ) | ဦးသန်းဆွေ | ၅၈၁(ခ)၊ ကန္တာမာ(၈)လမ်း၊ အလယ်၊ (၈)ရပ်ကွက်၊ သာကေတ | မြေပုံကူး(အရောင်း) |
| ၁၃။ | ဒေါ်သုဇာမိုး | ၁၂/လသန(နိုင်)၀၀၀၆ရ၃ | ဒဂုံဆိပ်ကမ်း | ၅၉ | ၂၀၇ | ဒေါ်မိုးမိုးသန်း | ၂၀၇၊ (၅၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | အမည်ပြောင်း |
| ၁၄။ | ဒေါ်နန်းမြ | ၁၃/မကန(နိုင်)၀၀၀၂၂၈ | တောင်ဥက္ကလာ | ၁၃ | ၃၄၈/ခ | ဒေါ်တင်ကြည်+၁ | ၃၄၈/ခ၊ ကောလိယ(၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ | အမည်ပြောင်း |
| ၁၅။ | ဒေါ်စန်းစန်းမြင့် | ၁၃/ကခန(နိုင်)၀၃၈၅၄၃ | ဒဂုံမြောက် | ၃၆ | ၉၃၀ | ဒေါ်ဝတ်ရည်မြင့် | ၉၃၀၊ စစ်တောင်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၁၆။ | ဒေါ်စန်းစန်းမြင့် | ၁၃/ကခန(နိုင်)၀၃၈၅၄၃ | ဒဂုံမြောက် | ၃၆ | ၉၃၂ | ဒေါ်ဝတ်ရည်မြင့် | ၉၃၂၊ စစ်တောင်းလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြောက် | အမည်ပြောင်း |
| ၁၇။ | ဒေါ်ခင်မေ | ၁၃/ကခန(နိုင်)၀၄၃၈၆၄ | ဒဂုံမြောက် | ၃၇ | ၁၁၅၄ | ဦးသောင်းစိန် | ၁၁၅၄၊ ဗိုလ်ချုပ်လမ်း၊ (၃၇)ရပ်ကွက် | အမည်ပြောင်း |
| ၁၈။ | ဦးသက်အောင် | ၈/စလန(နိုင်)၀၉၉၉၆၁ | မရမ်းကုန်း | ၁/၂ | ၅၀၆ | ဦးသန်းလွင် | ၅၀၆၊ (၇)လမ်း၊ (၁)ရပ်ကွက် | အမည်ပြောင်း |
| ၁၉။ | ဒေါ်လှကြည်+၁ | ၁၂/မဂဒ(နိုင်)၀ရ၀၀၃၆ | မင်္ဂလာဒုံ | ၅၃၂/B၅ | ၂၅၇ | ဒေါ်လှကြည် | ၂၅၇၊ စကားဝါလမ်း၊ ဉာဏရပ်ကွက် | ဂရန်သစ် |
| ၂၀။ | ဦးသက်အောင် | ၁၂/ဒဂတ(နိုင်)၀၄၈၁၄၃ | ဒဂုံဆိပ်ကမ်း | ၈၃ | ၈၃၃ | တပ်ခွဲတပ်ကြပ်ကြီးမောင်ကြည် | ၈၃၃၊ (၈၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း | ရန်သစ် |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေပြဋ္ဌာန်း

၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)
၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခကြေးငွေ** ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သောအခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်သမား၏ စွမ်းဆောင်ရည် ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်က အပိုပေးသည့် ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါတို့မပါဝင် -

(၁) ခရီးစရိတ် သို့မဟုတ် ခရီးသွားလာမှုအတွက် အထူးထောက်ပံ့စရိတ်များ၊
(၂) လုပ်ငန်းသဘာဝအရ နှစ်ဖက်ကြိုတင်ညှိနှိုင်းထား၍ ခေတ္တစိုက်ထုတ် ကျခံသုံးစွဲငွေများ၊
(၃) လူမှုဖူလုံရေးအကျိုးခံစားခွင့်ငွေကြေးများ၊
(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အလုပ်သမားအတွက် ပေးသွင်းသည့်ထည့်ဝင်ကြေးများ၊
(၅) နေထိုင်ခနှင့်စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့်အခွန်အခများ၊
(၆) ဆေးကုသစရိတ်နှင့်အပန်းဖြေခများ၊
(၇) အလုပ်ထုတ်နစ်နာကြေးနှင့် ကရုဏာကြေးများ၊
(၈) ပင်စင်လစာနှင့် အငြိမ်းစား လုပ်သက်ဆုငွေ၊
(၉) ဝန်ကြီးဌာနက ဤဥပဒေပါအခကြေးငွေနှင့် မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော အခြားငွေကြေးများ။

(ခ) **အလုပ်ရှင်** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအား အခကြေးငွေပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ကန်ထရိုက်တာသည် လည်းကောင်း၊ အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏အမွေဆက်ခံသူနှင့်တရားဝင်ကိုယ်စားလှယ်တို့သည်လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်သမားခေါင်းမပါဝင်။

(ဂ) **အလုပ်သမား** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့်ဖြစ်စေ ကာယဉာဏအားကို အသုံးပြုပြီး အမြဲတမ်းအလုပ်၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်ကို လုပ်ကိုင်၍ရရှိသော အခကြေးငွေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူကို ဆိုသည်။ ယင်းစကားရပ်တွင် အခကြေးငွေရရှိသော အလုပ်သင်များနှင့်ပညာသင်များ၊ စာရေးနှင့်ရုံးဝန်ထမ်းများ၊ လုပ်ငန်းခွင်ပြင်ပအလုပ်သမားများ၊ အိမ်အကူနှင့်အိမ်ယာဉ်မောင်းများ၊ လုံခြုံရေးဝန်ထမ်းများ၊ သန့်ရှင်းရေး၊ မွမ်းမံပြင်ဆင်ရေး အလုပ်သမား၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သားတို့ ပါဝင်သည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနကိုဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိတစ်ဦးဦးကိုဆိုသည်။

## အခန်း(၂)
## အခကြေးငွေပေးရမည့် နည်းလမ်းများနှင့် အချိန်ကာလ

၃။ အလုပ်ရှင်သည် -

(က) မိမိ၏လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက် သဘောတူညီမှုဖြင့် ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

(ခ) အခကြေးငွေပေးချေရာတွင် -

(၁) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လုပ်ကိုင်နေသော အလုပ်သမားများအား သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးချေရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့်ဖြစ်စေ၊ အလုပ်သမား၏ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက် တွဲဖက်၍ဖြစ်စေ ပေးချေနိုင်သည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတွင် လုပ်ကိုင်သောအလုပ်သမားများအား ဒေသဓလေ့ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမားအများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက်အရဖြစ်စေ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက်တွဲဖက်၍ပေးချေနိုင်သည်။ ထိုသို့ပေးချေခြင်းသည် အလုပ်သမားနှင့် ယင်းမိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့် အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ဖြစ်ရမည့်အပြင် ပေးချေသည့်တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။

(ဂ) အလုပ်သမားတစ်ဦးဦးက ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းရသည့်အခါ ထိုအလုပ်သမားအား အထူးခွင့်အဖြစ်သတ်မှတ်ပြီး ရက်ပေါင်း (၆၀) အတွက် အခကြေးငွေထုတ်ပေးရမည်။

၄။ အလုပ်ရှင်သည် -

(က) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်းအလုပ် တစ်ခုခုအတွက်သော်လည်းကောင်း၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ်အလုပ်တစ်ခု အတွက်သော်လည်းကောင်း အလုပ်ပြီးဆုံးသည့်အခါဖြစ်စေ၊ အလုပ်သမားနှင့် သဘောတူညီသည့် အချိန်ကာလတွင်ဖြစ်စေ အခကြေးငွေပေးချေရမည်။

(ခ) ပုဒ်မခွဲ (က) အရ အခကြေးငွေပေးချေရန် အလုပ်သမားနှင့် သဘောတူညီသည့်အချိန်ကာလအပိုင်းအခြားသည် တစ်လထက် မကျော်စေရ။

(ဂ) အမြဲတမ်းအလုပ်အတွက် အခကြေးငွေကို လစဉ်ပေးချေရမည်။ ထိုသို့ပေးချေရာတွင်-

(၁) အလုပ်သမားဦးရေ ၁၀၀ ထက်မပိုပါက အခကြေးငွေပေးရန် ကာလအပိုင်းအခြားကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။
(၂) အလုပ်သမားဦးရေ ၁၀၀ ထက်ပိုပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် နောက်အကျဆုံး ငါးရက်အတွင်း ပေးချေရမည်။

(ဃ) အလုပ်သမားအား အလုပ်ရပ်စဲသည့်အခါ ပေးထိုက်သည့်အခကြေးငွေကို အလုပ်မှရပ်စဲခြင်းခံရသည့်နေ့မှ အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း ပေးချေရမည်။

(င) အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင်အကြောင်းကြားစာပေးပို့၍ မိမိဆန္ဒအရ အလုပ်မှနုတ်ထွက်ပါက အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးချေရမည်။

(စ) အလုပ်သမားသေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက် နှစ်ရက်အတွင်း သေဆုံးသူ၏ တရားဝင်အမွေဆက်ခံသူထံသို့ ပေးချေရမည်။

(ဆ) အခကြေးငွေအားလုံးကို အလုပ်ဖွင့်သည့်နေ့ရက်တွင် ပေးချေရမည်။

၅။ အလုပ်ရှင်သည် သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့်အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်သဖြင့် ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန်အခက်အခဲရှိပါက အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့်နေ့ရက်သို့ ပြောင်းလဲပေး ချေမည်ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့တင်ပြရမည်။

၆။ ဦးစီးဌာနသည် ပုဒ်မ ၅ အရ တင်ပြချက်ကို စိစစ်ပြီးခွင့်ပြုသင့်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စည်းကမ်းချက်များသတ်မှတ်ပြီး သင့်လျော်သော အချိန်ကာလအတွင်း ရွှေ့ဆိုင်းပေးချေရန် အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

## အခန်း (၃)
## အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်း

၇။ အလုပ်ရှင်သည် -

(က) သက်ဆိုင်ရာဥပဒေအရ အခကြေးငွေ ခံစားခွင့်ရှိသည့် ခွင့်ရက်များနှင့် အများပြည်သူအလုပ်ပိတ်ရက်များမှအပ အလုပ်မဆင်းသည့် ကာလအတွက် အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ခ) အခကြေးငွေတွင် ပါဝင်ခြင်းမရှိသည့် အလုပ်ရှင်မှ စီစဉ်ပေးသည့် နေထိုင်ခနှင့်ပို့ကြိုယာဉ်စရိတ်၊ စားသောက်စရိတ်များ၊ လျှပ်စစ်ဓာတ်အားခ၊ ရေဖိုးနှင့်အလုပ်သမားက ပေးဆောင်ရမည့်ဝင်ငွေခွန်၊ မှားယွင်း၍ ပိုပေးမိသောအခကြေးငွေများကို နုတ်ယူဖြတ်တောက်နိုင်သည်။

(ဂ) အလုပ်သမား၏တောင်းဆိုချက်အရ ကြိုတင်ထုတ်ပေးငွေ၊ စိုက်ထုတ်ပေးငွေ၊ အလုပ်သမားအတွက် စုငွေ သို့မဟုတ် ဥပဒေအရ ထည့်ဝင်ကြေးငွေတစ်ရပ်ရပ်ကို အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

(ဃ) တရားရုံး သို့မဟုတ် ခုံသမာဓိကောင်စီ သို့မဟုတ် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ အလုပ်သမား၏အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်။

၈။ အလုပ်ရှင်သည် ပုဒ်မ ၇ နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမှအပ မည်သည့်ကိစ္စအတွက်မျှ နုတ်ယူဖြတ်တောက်ခြင်းမပြုရ။

၉။ အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမားရရှိသည့် အခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရ။

၁၀။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၁၁ အရ ပေးလျော်ရန် ဒဏ်ငွေအဖြစ် သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမပြုမီ မည်သည့်ကိစ္စအတွက် မည်သို့မည်မျှ ဖြတ်တောက်မည်ကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(ခ) ပုဒ်မခွဲ (က) ပါခွင့်ပြုချက်ကို သက်ဆိုင်ရာအလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသောနေရာများတွင် ကပ်ထားရမည်။

(ဂ) နုတ်ယူဖြတ်တောက်သည့် ပေးလျော်ရန်ဒဏ်ငွေမှာ အလုပ်သမား၏ လုပ်ဆောင်မှု သို့မဟုတ် လုပ်ဆောင်ရန် ပျက်ကွက်မှုကြောင့် ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှုတန်ဖိုးထက်မပိုစေရ။

(ဃ) ပုဒ်မ ၁၁ အရ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ရာတွင် -

(၁) အလုပ်သမားအား ထုချေဖြေရှင်းခွင့် တစ်စုံတစ်ရာမပေးဘဲ ထိုအခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းမပြုရ။
(၂) အလုပ်သမား၏ လစဉ်အခကြေးငွေမှ တစ်လလျှင် ၅ ရာခိုင်နှုန်းထက်ပို၍ နုတ်ယူဖြတ်တောက်ခြင်းမပြုရ။

(င) အသက် ၁၆ နှစ်အောက် အလုပ်သမားထံမှ ဒဏ်ငွေအဖြစ်လုံးဝ နုတ်ယူဖြတ်တောက်ခြင်းမပြုရ။

**စာမျက်နှာ ၈ သို့**

**»» စာမျက်နှာ ၂ မှ**

မဖြစ်နိုင်တော့တဲ့အတွက် ရမှတ်တွေဆုံးရှုံးမှာ ဖြစ်ပါတယ်။

စာစီစာကုံးရေးသားဖြေဆိုရာမှာ နိဒါန်း၊ စာကိုယ်၊ နိဂုံး ပြည့်စုံဖို့ လိုပါတယ်။ စာစီစာကုံးဟာ မေးခွန်းရဲ့ နောက်ဆုံးအပုဒ်ဖြစ်တဲ့အတွက် ကျောင်းသူကျောင်းသားအများစုဟာ စာစီစာကုံးကို နောက်ဆုံးမှ ရေးသားဖြေဆိုလေ့ရှိကြပါတယ်။ ဒီလိုဖြေဆိုရာမှာ စာစီစာကုံးကို စာမျက်နှာများစွာ ရေးသားခဲ့ပေမယ့် နိဂုံးမချုပ်မီ စာမေးပွဲအချိန်စေ့သွားတဲ့အတွက် အဆုံးမသတ်နိုင်ခြင်းမျိုး ဖြစ်တတ်ပါတယ်။ ဒီအခါမှာ မိမိစာစီစာကုံးဟာ ရှေ့ပိုင်းမှာ ဘယ်လောက်ကောင်းမွန်အောင် ရေးထားရေးထား နိဂုံးမပါတဲ့၊ နိဂုံးမချုပ်နိုင်တဲ့၊ စာစီစာကုံး အင်္ဂါရပ်နဲ့မပြည့်စုံတဲ့ စာစီစာကုံးဖြစ်သွားပြီး ရမှတ်များစွာ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ စာစီစာကုံးဟာ ကျောင်းသူ ကျောင်းသားတစ်ယောက် ဂုဏ်ထူးနဲ့ ထိုက်တန်မတန်ဆိုတာ အဆုံးအဖြတ်ပေးနိုင်တဲ့ မှတ်ကျောက်တစ်ခုဖြစ်တဲ့အတွက် အထူးအလေးထားရေးသားရမယ့်စာတစ်ပုဒ် ဖြစ်ပါတယ်။

မြန်မာစာဘာသာရပ် မေးခွန်းလွှာတစ်ခုလုံးကို ခြုံပြီးပြောရမယ်ဆိုရင် ကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးမှတ်ရဖို့အတွက် ကျက်မှတ်နိုင်မှုအပြင် စာလုံးပေါင်းသတ်ပုံ မှန်ကန်မှု၊ တစ်ချောင်းပုဒ်၊ ပုဒ်မ စတဲ့ သင်္ကေတတွေကို တိကျမှန်ကန်စွာ အသုံးပြုတတ်မှု၊ ဆီလျော်သော စကားအသုံးအနှုန်းရွေးချယ်တတ်မှု၊ ပုဒ်အထားအသိုမှန်ကန်မှု၊ ဝါကျဖွဲ့ထုံးမှန်ကန်မှု၊ ဝါကျတစ်ခုနှင့်တစ်ခု ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပိုဒ်ဖွဲ့ပုံ ကောင်းမွန်မှု၊ စာပိုဒ် တစ်ပိုဒ်နှင့်တစ်ပိုဒ် ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာတစ်ပုဒ်လုံးသည် ဆိုလိုချက်ကို ရှင်းလင်းစွာပေါ်လွင်စေမှု စတာတွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် လက်ရေးလက်သား သပ်ရပ်သန့်ရှင်းမှု၊ ဖျက်ရာခြစ်ရာကင်းစင်မှု၊ သေသပ်စွာ မျဉ်းသားမှု စတဲ့ သေသေသပ်သပ်ရေးသားဖြေဆိုနိုင်ဖို့လည်း အရေးကြီးပါတယ်။

အခု ဆွေးနွေးပို့ချခဲ့တဲ့ ပို့ချချက်တွေဟာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူကျောင်းသားတွေအတွက် များစွာအထောက်အကူ ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ကျောင်းသူကျောင်းသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

စာမျက်နှာ ၇ မှ

(စ) ချမှတ်ထားသောဒဏ်ငွေအား ပေးချေရမည့် ကာလသတ်မှတ်ချက်ကို အလုပ်ရှင်နှင့် အလုပ်သမား သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

(ဆ) ပစ္စည်းဆုံးရှုံးမှုအတွက် ဖြတ်တောက်ငွေကို ဥပဒေအရ ဖွဲ့စည်းထားသည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ညှိနှိုင်းသဘောတူညီချက်အရ သတ်မှတ်အချိန်ကာလအတွင်း နုတ်ယူဖြတ်တောက်ရမည်။

(ဇ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေများကို မှတ်တမ်းတွင် ရေးသွင်း၍ စနစ်တကျထိန်းသိမ်းထားရမည်။

(ဈ) အခကြေးငွေမှ နုတ်ယူဖြတ်တောက်သည့်ငွေနှင့်စပ်လျဉ်း၍ လစဉ်အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(ည) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကို စက်ရုံရှိ တရားဝင်မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းနှင့်ညှိနှိုင်း၍ အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

၁၁။ အလုပ်ရှင်သည် အလုပ်သမား၏ အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုအတွက် ပေးလျော်ရန် ဒဏ်ငွေအဖြစ်သတ်မှတ်ပြီး အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည် -

(က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ မရိုးဖြောင့်သောသဘောဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ အလုပ်ရှင်က အလုပ်သမားအား ထိန်းသိမ်းစောင့်ရှောက်ရန် အတိအလင်းအပ်နှံထားသည့် တာဝန်ရှိသော ပစ္စည်းနှင့်ငွေကြေးတစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုသည် ထိုအလုပ်သမား၏ ပေါ့ဆမှုနှင့်မှားယွင်းမှုကြောင့် တိုက်ရိုက်ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှု၊

(ခ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ ဒဏ်ငွေသတ်မှတ်ထားသည့် အလုပ်ခွင် စည်းကမ်းချက်တစ်ရပ်ရပ်ကို အလုပ်သမားက ဖောက်ဖျက်မှု။

၁၂။ အလုပ်သမားသည် -

(က) အောက်ပါအခြေအနေများ ပေါ်ပေါက်လျှင် ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းက ဖြစ်စေ၊ စက်ရုံတွင်း လုပ်ငန်းညှိနှိုင်းရေး ကော်မတီကဖြစ်စေ ဖြေရှင်းပေး ရန် အလုပ်ရှင်သို့တောင်းဆိုနိုင်သည် -

(၁) ရရန်ရှိသည့် အခကြေးငွေထဲမှ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဖြတ်တောက်ခံရခြင်း၊

(၂) အခကြေးငွေများကို ပေးချေရမည့်ကာလထက်ကျော်လွန်၍ ပေးချေရန် ပျက်ကွက်နေခြင်း။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိပါက နုတ်ယူဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန် ပျက်ကွက်သည့်နေ့မှ ခြောက်လအတွင်း စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြနိုင်သည်။

၁၃။ (က) စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်များအား စစ်ဆေးပြီး သင့်လျော်သည့်အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် ပုဒ်မခွဲ (က) အရ ချမှတ်သည့်အမိန့်ကို ကျေနပ်မှုမရှိပါက စစ်ဆေးရေးအရာရှိချုပ်ထံ ရက်ပေါင်း ၃၀ အတွင်း အယူခံနိုင်သည်။

(ဂ) စစ်ဆေးရေးအရာရှိချုပ်သည် ပုဒ်မခွဲ (ခ) အရ အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမားတို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) စစ်ဆေးရေးအရာရှိချုပ်က ချမှတ်သည့်အမိန့်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၄)
## အချိန်ပို အခကြေးငွေ

၁၄။ အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပိုအခကြေးငွေနှုန်းထားကို ဥပဒေအရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

## အခန်း (၅)
## စစ်ဆေးရေးအရာရှိချုပ်နှင့်စစ်ဆေးရေးအရာရှိ၏ တာဝန်များ

၁၅။ ဝန်ကြီးဌာနသည် ဤဥပဒေပါအခကြေးငွေပေးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော စစ်ဆေးမှုများနှင့်ကြီးကြပ်မှုများ ပြုလုပ်နိုင်ရန် အလို့ငှာ စစ်ဆေးရေးအရာရှိများကို လိုအပ်သလို ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၆။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) စစ်ဆေးရေးအရာရှိများအား နယ်မြေခွဲခြားသတ်မှတ်၍ လွှဲအပ်တာဝန်ပေးနိုင်သည်။

(ခ) ဤဥပဒေပါ ပြစ်မှုကျူးလွန်သော အလုပ်ရှင်အား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုစေရန် စစ်ဆေးရေးအရာရှိတစ်ဦးဦးကို လွှဲအပ်တာဝန်ပေးနိုင်သည်။

၁၇။ စစ်ဆေးရေးအရာရှိသည် -

(က) စစ်ဆေးရေးအရာရှိချုပ်က စစ်ဆေးရန် လွှဲအပ်တာဝန်ပေးသည့်အတိုင်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရမည်။

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရေးအရာရှိချုပ်ထံ တင်ပြရမည်။

၁၈။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိသည် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေပါကိစ္စရပ်များကို ဆောင်ရွက်ရန်အကျုံးဝင်သည့် မည်သည့်လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေးအရာရှိ သက်သေခံကတ်ပြားကို ပြသပြီး သင့်လျော်သည်ဟု ယူဆသော အချိန်တွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည်။ ညဥ့်အချိန် ထိုသို့ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာတွင် အခကြေးငွေပေးချေမှု၊ အခကြေးငွေမှ နုတ်ယူဖြတ်တောက်မှုနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာအုပ်၊ မှတ်တမ်းစာအုပ်၊ စာရင်းဇယား၊ စာရွက်စာတမ်းအထောက်အထားများကို ကြည့်ရှုစစ်ဆေးခြင်းနှင့်လိုအပ်သည့် ပုဂ္ဂိုလ်များကို စစ်ဆေးမေးမြန်းခြင်းပြုနိုင်သည်။

(ဂ) အခကြေးငွေပေးချေမှုနှင့်စပ်လျဉ်း၍ လိုအပ်သည့်စာရင်းဇယားများ၊ စာရွက်စာတမ်း အထောက်အထားများကို မိတ္တူရယူခြင်းနှင့်လိုအပ်ပါက မူရင်းများကို သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့်သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။

## အခန်း (၆)
## တရားစွဲဆိုခြင်း

၁၉။ (က) စစ်ဆေးရေးအရာရှိသည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာတရားရုံးတွင် ဤဥပဒေအရ တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ တရားစွဲဆိုခြင်းကြောင့် အလုပ်သမားက ရရန်ရှိသော အခကြေးငွေများ ရရှိရေးအတွက် တရားမကြောင်းအရ တရားစွဲဆို တောင်းခံပိုင်ခွင့်ကို မထိခိုက်စေရ။

(ဂ) အလုပ်သမားသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခြင်းမပြုဘဲ နုတ်ယူဖြတ်တောက်ငွေနှင့်နစ်နာကြေးငွေများကို ပေးချေရန် သက်ဆိုင်ရာတရားရုံးသို့ တရားမကြောင်းအရ တရားစွဲဆိုနိုင်သည်။

၂၀။ တရားရုံးသည် အခကြေးငွေပေးချေရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုမှာ အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့်ဖြစ်သည်ဟု ဆုံးဖြတ်လျှင် အခကြေးငွေပေးချေခြင်းကို ဆိုင်းငံ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော အရေးပေါ်အခြေအနေပေါ်ပေါက်လာသဖြင့် အခကြေးငွေကို ပေးချေနိုင်မှုမရှိခြင်း၊

(ခ) အလုပ်ရှင်သည် ကြွေးမြီ မပေးဆပ်နိုင်သည့် လူမွဲအဖြစ် ကြေညာခံထားရသူဖြစ်ခြင်း၊

(ဂ) သက်ဆိုင်ရာအလုပ်သမားက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လာရောက်ထုတ်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးချေသည့် အခကြေးငွေကို လက်ခံရယူရန် ပျက်ကွက်ခြင်း။

၂၁။ ပြန်လည်တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်တွင် တရားစွဲဆိုခြင်း မပြုရ -

(က) စစ်ဆေးရေးအရာရှိထံသို့ လျှောက်ထားသည့်ကိစ္စ မပြီးပြတ်သေးခြင်း၊

(ခ) တောင်းခံလျှောက်ထားသူအား ပြန်လည်ထုတ်ပေးရန် ညွှန်ကြားပြီးသည့် ငွေဖြစ်နေခြင်း၊

(ဂ) တောင်းခံလျှောက်ထားသူအား ပေးရန်မလိုသောငွေဟု အတည်ပြုပြီးသော ငွေဖြစ်နေခြင်း။

## အခန်း(၇)
## တားမြစ်ချက်များ

၂၂။ မည်သည့်အလုပ်ရှင်မျှ ပုဒ်မ ၄၊ ၅၊ ၈၊ ၉ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၂၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့်အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း(၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၄။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၂၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမားရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၄ အရ ပြစ်မှုစီရင်ခြင်းခံရပြီး ထိုပြစ်မှုကိုပင် ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်ခြောက်လထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၅၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမား ရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၇။ မည်သူမဆို အခကြေးငွေပေးချေခြင်း သို့မဟုတ် အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် စွပ်စွဲတိုင်ကြားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၉)
## အထွေထွေ

၂၈။ ဤဥပဒေ ပြဋ္ဌာန်းချက်ပါ အခွင့်အရေးတစ်ရပ်ရပ်အောက် လျော့နည်း၍ ချုပ်ဆိုသည့် မည်သည့်သဘောတူညီချက် သို့မဟုတ် မည်သည့်သဘောတူစာချုပ်မဆို ပျက်ပြယ်စေရမည်။

၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ The Payment of Wages Act, 1936 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်